
www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

မြို့မစာအုပ် - ၂၉

# ဘီလူး

(အကြည်တော်)

တော်ဝင်မြို့မ စာအုပ်တိုက်

အမှတ် ၇၇/ခ၊ ၃၈-လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၃၇၉၅၇၃

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၈၈/၂၀၀၃ (၁) |
| မျက်နှာဖုံး ခွင့်ပြုချက်အမှတ် | - | ၁၆၀/ ၂၀၀၃ (၂) |
| စီစဉ်ထုတ်လုပ်သူ | - | ကိုမိုး |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (ယာယီ-၇၃၇)<br>အမှတ်-၇၇/ခ၊ ၃၈-လမ်း၊<br>ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | - | ဦးသန်းလွင် (ရွှေလင်းယုန်ပုံနှိပ်တိုက်)<br>အမှတ်-၅၁၊ ရေကျော်လမ်း၊<br>ပုဇွန်တောင်မြို့နယ်။ |
| ကွန်ပျူတာ | - | တော်ဝင်မြို့မ |
| စာအုပ်ချုပ် | - | မင်းမင်း |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ ၂၀၀၃ ခုနှစ်၊ မေလ<br>(အုပ်ရေ ၅၀၀ကျပ်) |
| တန်ဖိုး | - | ၆၀၀ ကျပ် |

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| ၁။ | ဘီလူး | ၇ |
| ၂။ | ခင်မှူန်မင်္ဂလာဆောင် | ၂၁ |
| ၃။ | စာရင်း | ၃၅ |
| ၄။ | ဖမ်းရဲဖမ်းကြည့် | ၅၃ |
| ၅။ | ရာဇဝင် | ၇၃ |
| ၆။ | သော် | ၈၇ |
| ၇။ | စာချုပ် | ၁၀၉ |
| ၈။ | ဓာတ်လုံး | ၁၃၃ |
| ၉။ | ကာလ | ၁၆၃ |


www.burmeseclassic.com

www.burmeseclassic.com

အကြည်တော်



တော်ဝ ၂၂ မစော်ရှင်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# ဘီလူး

နာမည်ရင်းကလှဦးရယ်၊ ဒါပေမယ့် သူ့ကိုမြင်သာရွာနဲ့ရွာနီးချုပ်စပ်ရွာအားလုံးက ဘီလူးလို့ပဲခေါ်ကြတယ်။ ဘီလူး ဆိုလို့လည်း လန့်မသွားနဲ့ဦး။ဒီဘီလူးကတစ်ခြားဘီလူး တွေလိုမဟုတ်ဘူး၊ ရယ်စရာကြီးရယ်။ ဘီလူးခများလဲ တခြားနေရာတွေ ဇာတ်တော်တွေမှာ တော့ လူသားစားတဲ့ကြောက်စရာပေါ့။ ဒါပေမယ့် ဒီမြင်သာကလှဦးနဲ့တွေ့မှပဲ ဘယ် လေက်ထိဘီလူးဇာတ်ပျက်သွားလဲဆို ဘီလူးကိုမြင်သာရွာက လူတွေမပြောနဲ့ ကလေးတွေ တောင်မကြောက်ဘူး။

မိဘတွေက ကလေးတွေကိုခြောက်ရင်တောင် ကြောင်ကြီးကိုက်လိမ့်မယ်၊အရူး ဖမ်းသွားမယ် စသည်ဖြင့်ခြောက်ရင် ကလေးတွေက ကြောက်သေးတယ်၊ ဘီလူးစားလိမ့် မယ်ဆို ရယ်စရာပျက်လုံးတစ်ခု ကြားရသလို ခွက်ထိုးခွက်လန် ထရယ်ကြရော။ သူတို့ စိတ်ထဲမှာဘီလူးဆိုတာ ကြောင်တောင်တောင်နဲ့ အကောင်တစ်ကောင်ထင်နေပုံရတယ်။

ထင်လဲထင်စရာပဲလေ။ သူတို့တွေ့ဘူးတဲ့ ဘီလူးကတကယ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်တောင်တောင်ဘီလူး ရယ်။ နောက်ပြီးလုဦးဆိုတဲ့လူ၊ ဘီလူးကိုကင်ပွန်းတပ်ခံရတာကလည်း တကယ်ကြောင် တောင်တောင်ရယ်။ အဖြစ်ကဒီလို . . .

လူတွေမှာ ဘယ်သူမဆိုစိတ်စွဲရာ၊ ကိုယ်ဖြစ်ချင်ရာ ဆိုတာရှိကြမှာပဲ။ တချို့က လည်းသူတော်ကောင်းဖြစ်ချင်တယ်။ တချို့ကလည်းနာမည်သတင်းကျော်ဇောချင်တယ်။ တချို့ကလည်း သူဌေးလိုဖြစ်ချင်တယ်စသဖြင့်ပေါ့။ အဲဒီထဲကမှ လုဦးဆိုတဲ့လူက ထူးထူးခြားခြားလူမိုက်ဖြစ်ချင်နေတဲ့လူပေါ့။ သူ့ကိုယ်သူလည်းလူမိုက်လို့အခေါ်ခံရအောင် အ မျိုးမျိုးနေပြတယ်။ ဥပမာ- မိုးလင်းမိုးချုပ် အရက်မူးနေအောင်သောက်တာမျိုး၊ တစ်ရွာလုံး နဲ့မတည့်အောင်နေတာမျိုး၊ ရွာသူကြီးကိုတွေ့ရင် မထိတရိစတာမျိုး စသည်ဖြင့်ပေါ့။ ဒါ ပေမယ့် သူ့ကိုဆိုဘယ်သူကမှမကြောက်ကြဘူး။ ဘယ်ကြောက်မှာလဲ လုဦးဆိုတဲ့လူက လူဖလံရယ်။ ဒီကြားထဲ အရက်ကလည်း တစ်ချိန်လုံးမူးအောင်သောက်ထားတယ်ဆိုတော့၊ ကလေးလေးတစ်ယောက်တွန်းလှဲလိုက်ရင်တောင် လဲသွားမယ့်ပုံမျိုး။ နောက်ပြီးရွာထဲက ဘယ်သူနဲ့ရန်ဖြစ်ရန်ဖြစ် ကွဲပြန်ပြီဆိုသွားမကြည့်နဲ့ လုဦးပဲ၊ ခံရပြန်ပြီသွားမကြည့်နဲ့ လုဦး ပဲ၊ ဘယ်သူနဲ့ဘာပဲဖြစ်ဖြစ် ထိပြီဆိုသူပဲ။ ဒါ့ကြောင့်ကံဇာတာကမျက်နှာသာမပေးတော့သူ့ခမျာ အင်မတန် အဖြစ်ရလွယ်တဲ့ လူမိုက်ကို မဖြစ်ရရှာဘူး။ ဒါပေမယ့် သူ့စိတ်ထဲမှာ တော့ တစ်နေ့မြင်သာရွာနဲ့ ရွာနီးချုပ်စပ်မှာ လူတွေရဲ့ပါးစပ်ရာဇဝင်ထဲ သူရဲကောင်းလူ မိုက်ကြီး လူမိုက်ကြီးလုဦးဆိုတာ ရှိခဲ့ဘူးတယ်ဆိုတာမျိုး အပြောခံချင်တယ်။ ဒါကြောင့် အဲဒီလိုဖြစ်အောင်လည်း တစ်ယောက်တည်းကြိတ်ပြီး ကြံနေရှာတာပေါ့။

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့တစ်နေ့တော့ သူ့ရဲ့လိုအင်ဆန္ဒကို ဖြည့်စွမ်းပေးနိုင်တဲ့ လူတစ်ယောက်ရှာ ကိုရောက်လာတယ်ဆိုပါတော့ . . .

နာမည်ကငပိန်တဲ့ . . .

နာမည်နဲ့လူနဲ့လိုက်တယ်လို့ဆိုရမယ်။ ငပိန်ဆိုတဲ့ကောင်က လည်း ပိန်သမှ အရိုးပေါ်အရေတင်။ ဒီကြားထဲလက်မှာကလည်း ဝဲစိုတွေပေါက်နေသေး။ လူကလည်း စုတ်ပြတ်နေတာပဲ။ မစုတ်ခံနိုင်ရိုး လား လုပ်တဲ့ အလုပ်ကလည်း သူခိုး။ သူခိုးကမှ အဆင့်မြင့်သူခိုးမဟုတ် ဘူး။ ထဘီစုတ်ရ ထဘီစုတ်ခိုး၊ ဒန်အိုးပေါက်ရ ဒန်အိုးပေါက်ခိုး၊ ကလေ ကချေ သူခိုး။ အခုတောင် ရွာထိပ်က မုဆိုးမဒေါ်အုံးအိမ်မှာ ထဘီစုတ် တက်ခိုးပြီး မိသွားလို့ ထောင်သုံးလကျပြီး ပြန်ထွက်လာတာ။

ဒီလိုနဲ့ရွာကလှဦးဆိုတဲ့ ကလေကချေနဲ့ သူတော်ချင်း ချင်းသတင်းလွှေ့လွှေ့တွေ့ ကြတယ်ဆိုပါတော့ဗျာ။ တွေ့ကြပုံကလည်း ကဗျာဆန်တယ်။ ကလေကချေအချင်းချင်းတွေ့ တာတောင် တစ်ယောက် အကျိုးတစ်ယောက်မျှော်ကိုးပြီး ပေါင်းသင်းကြတာ။ ငပိန်မျှော် ကိုး တာက သူစားဖို့သောက်ဖို့မပူပင်ရအောင်နဲ့၊ လှဦးဆီကအရက်ကပ် သောက်ဖို့။ ဒါကအ မိက။ တခြားအကြောင်းတွေကရှိသေးတယ်။ လှဦးအိမ်မှာကပ်နေတုန်းတခြားဘယ်အိမ် ကိုတက်ခိုးရင်လွယ်ကူမယ် ဆိုတာ စနည်းနာဖို့။လှဦးကတော့ငပိန်ဆီက မျှော်ကိုးတာကတစ်ခု တည်းရယ်။ အဲဒါကသူ့ကိုလူမိုက်လို့အသိမှတ်ပြုခံရမယ်လူမိုက်တို့ ဝိသေသဆေးမှင် ကြောင်ထိုးဖို့။ ငပိန်ဆိုတဲ့ကောင်က ဒီတစ်ခေါက် ထောင်ထဲမှာ ဆေးမှင်ကြောင်ထိုးနည်းကိုထောင်ကျကြီးတစ်ယောက်ဆီကသင် လာတယ်ဆိုပဲ။ ဒါကြောင့် လှဦးကငပိန်ဆိုတဲ့ သူခိုးကို အနီးကပ်ပေါင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ခန္ဓာကိုယ်မှာ လူများလန့်ဖျားသွားလောက်တဲ့ အရုပ်တင်ချင်နေတာ။ နောက်ပြီး အရုပ်တောင်တော်ရုံတန်ရုံအရုပ်မျိုးမထိုးချင်ဘူး။

သူထိုးချင်းတဲ့အရုပ်က ကြမ်းပေ့၊ ရမ်းပေ့၊ ပြီးပေ့ဆိုတဲ့အရုပ်။ သိတယ်မဟုတ် လား။

လုဦးအာဋ္ဌာဝကထိုးပြီဆိုတဲ့သတင်းကို တစ်ရွာလုံးဖိန့်ဖိန့်တုန်အောင်ကြားရ တယ်။ နောက်ပြီး တစ်ခါမှ ကောင်းတာမလုပ်ခဲ့လူနှစ်ယောက်က ဆေးစွမ်းအောင် သက် သက်လွတ်( ၇ ) ရက်စားပြီး အုန်းပွဲငှက်ပျောတွေနဲ့နတ်တင်ပြီး၊ ဆေးတစ်ချက်ပေါက်လိုက် တိုင်း ဦ၊ တစ်ခါအော်လို့(၇) ရက်(၇) လီအပတ်တကုပ်ကြီးစားနေကြတယ်ဆိုတော့ လူတိုင်း အတွက်အံ့အားသင့်စရာဖြစ်နေတာပေါ့။

နောက်ပြီးစိုးရိမ်စရာသတင်းတစ်ခု ထက်ပေါ်လာပြန်တယ်။ လုဦးထိုးပြီးရင်ဘယ် သူ့ကိုအရင်ဆုံး ရန်ရှာမယ်ဆိုတဲ့ကိစ္စ။ အရင်က သူ့ကို နိုင်ခဲ့သမျှ၊ အာဋ္ဌာဝကထိုးပြီးရင်၊ အာဋ္ဌာဝကအားကိုးနဲ့ ဘယ်သူ့ကိုပြန်ချမလဲဆိုတာပဲ။ တစ်ချို့ကလည်း သူကြီးကိုလုဦးက ကြည့်မရတဲ့အတွက် သူကြီးကိုအရင်ဆုံးရန်ရှာမယ်ပေါ့။ တချို့ကလည်း ဟိုဘက်ရွာက လူမိုက်အုံးမောင် သူ့ကိုအမြဲတမ်း အနိုင်ကျင့်ခဲ့လို့ အုံးမောင်ကိုထင်ကြတယ်။ ဒါပေမယ့် ဘာပဲပြောပြော တစ်ရွာလုံးက ခြောက်ခြားနေကြတာတော့ အမှန်ပဲ။ ဘာလို့လဲဆိုတော့ လုဦးကို အနိုင် ကျင့်ခဲ့တာ တစ်ရွာလုံးခလေးကအစ ခွေးအဆုံးပါခဲ့ကြတာကိုး။

ဒီလိုနဲ့ခြောက်ရက်မြောက်လာတယ်ဆိုပါတော့။လုဦးရဲ့တဲအိမ်စုတ်ကလေးမှာတော့ "ဦ" ခံသံတွေ နေ့ညမပျက်ကြားနေရတုံး၊ ဒါကိုရွာထဲက သတ္တိလည်းနဲနဲကောင်း၊ အ တင်းလည်းပြောချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



မတင်အေးကသူ့သားအငယ်ကောင် 'ငတေ'ကိုအရဲစွန့်သွားချောင်းခိုင်းပြီး ပါးစပ်သတင်းတစ်ပုဒ် စတင်လွှင့်ထုတ်လားတယ်။

လှဦးရဲ့ရင်ဘတ်မှာ စုတ်ရာတွေနဲ့အတူ သွေးချင်းချင်း နီနေသတဲ့။ နောက်ပြီးလှ ဦးအံကိုကြိတ်ပြီး စုတ်ထိုးဆရာမောင်ပိန်ကို ကြည့်နေပုံများ ဘီလူးတစ်ကောင် ဝင်စီးနေသလို မျက်လုံးကအခိုးတွေ ပါထွက်နေသတဲ့…။ မောင်ပိန်ခမျာ လှဦးရဲ့အကြည့်ဒဏ်ကို မခံနိုင်လို့ စုတ်ထိုးတဲ့လက်များပါတဆတ်ဆတ်တုန်နေသတဲ့….။

ရွာထဲကလူတွေကလည်း တစ်ဆင့်စကားတစ်ဆင့်နားနဲ့ လှဦးအာဋ္ဌာဝကတောင် ပြီးအောင်မထိုးရသေးဘူး ဘီလူးစီးနေပြီပေါ့။ လှဦးသာတကယ့်ဘီလူးစီးရင် မလွယ်လောက် ဘူးပေါ့။ အရက်ကလည်းသောက်မှာနဲ့ဆိုတော့ ထိန်းမနိုင် သိမ်းမရ ဖြစ်လောက်အောင် ကြမ်းရင်တော့ ဒုက္ခပဲပေါ့။

ဒါနဲ့ အဲဒီတစ်ညလုံးပဲ တစ်ရွာလုံးက ကြောက်လန့်ပြီး ဘီးလူးမဝင်နိုင်အောင် သံပုန်း တွေတီးကြ၊ ခေါ်စာတွေပစ်ကြ၊ တရားစာတွေသံပြိုင်ဆိုကြနဲ့ တစ်ညလုံးကိုကျက်ကျက်ဆူ ပါရောေ၊ ဒါတောင်တစ်ခြားရွာက ရွှေရင်ကျော်ဆရာသွားပင့်တာ မရလို့။

လှဦးတို့ တဲအိမ်ကလေးကတော့ လှဦးရဲ့ 'ဉုံ' ခံသံက ပိုလို့ဒေါသသံပါလာသလို ကြားရတယ်။

ခုနှစ်ရက်မြောက်တဲ့နေ့ မြင်သာရွာရဲ့ လမ်းမကြီးမှ လမ်းသွားလမ်းလာတွေတောင် မရှိလောက်အောင် ခြောက်သွေ့နေတယ်၊ အိမ်အသီးသီးကလည်း မင်းတုတ်တွေချပြီး အခြေနေကို စောင့်ကြည့်နေကြပုံရတယ်။ ဘယ်သူမှ အိမ်အပြင် မထွက်တဲ့အပြင် ကလေးငိုသံကိုပါ မကြားရဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရတ်တရက်ဆိုသလိုပဲ ဘယ်ကဘယ်ကမှန်းမသိတဲ့ ခွေးတွေရဲ့ အဆက်မပြတ်အူ သံခြောက်ခြားစွာကြားရတယ်။ ခွေးအူသံမကြားခင် အာဠ္ဌာဝကထိုးနေတဲ့ လှဦးတို့အိမ်တံ ခါး"ဝုန်း" ခနဲပွင့်လာပြီး သူခိုးမောင်ပိန်ဒရောသောပါး ခုန်ချထွက်ပြေးသွားတာတွေ့ရတယ်။ မောင်ပိန်ခမျာဘယ်လောက်ကြောက်လန့်နေရတယ်ရယ်မပြောတတ်ဘူး။ ပါးစပ်ကလည်း

"လုပ်ကြပါဦး၊ လှဦးကျွန်တော်ကိုသတ်တော့မယ်၊ ဘီလူး ..ဘီလူး..."စသဖြင့်ငယ်သံပါအောင်အော်ပြီး ထွက်ပြေးသွားတယ်။ မောင်ပိန်ထွက်ပြေး သွားပြီးသိပ်မကြာဘူး လှဦးအိမ်တံခါး "ဝုန်း" ခနဲ ထပ်ပွင့်လာပြီး ငှက်ကြီးတောင်ဓါးတစ်ချောင်းနဲ့ လှဦးအိမ်ပေါ်က ခုန်ချ လာတယ်။ မျက်ထောက်ကြီးကလည်း နီရဲပြီးပါးစပ် ကလည်း အယုတ္တ အနတ္တတွေ ဆဲဆိုလာတယ်။ သူအဓိကဆဲနေတာက စုပ်ထိုးဆရာ မောင်ပိန်ကို...

"ဘယ်မှာလဲကွ ငပိန်၊ ဟေ့ကောင် မင်းဘယ်ပြေးမလဲ ဘီလူး.. ဘီလူးဆိုမှဖြင့် ငါတဲ့နော်..."

သူ့ရဲ့ဆဲဆိုသံကြားနေရပေမယ့် တစ်ရွာလုံး တုတ်တုတ်မှမလှုပ်ရဲ ဘူး။ တစ်ရွာလုံး ရဲ့စိတ်ထဲမှာလည်း လှဦးဘီလူးစီးပြီး ကြမ်းနေပြီပေါ့။ ဒါပေမယ့် သူ့ရဲ့ဘီလူးရုပ်ကိုတော့ မမြင်ကြရသေးဘူး။ သူကစွပ်ကျယ် တစ်ထည် ဝတ်ထားတာကိုး။ အားလုံးကလည်း လှဦး ရင်ဘတ်ကဘီလူး ရုပ်ကိုစိတ်ဝင်စားနေကြတယ်။ ဒီလောက်တောင် ချက်ချင်း သောင်းကျန်း တဲ့ဘီလူး ဘယ်လိုဘီလူးမျိုးလဲပေါ့။ လူတွေစိတ်ဝင်စားမယ်ဆိုလဲ စိတ်ဝင် စားစရာပဲ။ လှဦးငှက် ကြီးတောင်တရမ်းရမ်း။ မျက်ထောက်ကနီနီရဲ



www.burmeseclassic.com

www.burmeseclassic.com



တောင်ပတ်လျှောက်လို မြောက်ပတ်လျှောက် လိုနဲ့ ယောက်ယပ်ခပ်နေပုံများ တွေ့တဲ့လူကို ပိုင်းတော့မယ်ပုံ။ လုဦးရဲ့ အပြုမူကြောင့် တစ်ရွာလုံးလူမပြောနဲ့ ခွေးဟောင်သံတောင် မကြားရတော့ဘူး။ လုဦးလည်း ဘယ်သူ့မှမတွေ့တော့ ပိုပြီးဒေါသထွက်လာပုံရတယ်။ ပါးစပ်ကလည်း အယုတ္တ အနတ္တတွေဆဲပြီး...

''မိုက်တဲ့ကောင်ထွက်ခဲ့ကွ၊ ဘီလူး..ဘီလူး..ဟေ့သူကြီး၊ ဘယ်မှာလဲ သူကြီး ထွက်ခဲ့စမ်း...''

ဆိုပြီး သူကြီး အိမ်ကိုသုပ်ခြေတင်ထွက်သွားတာကို တွေ့ရတယ်။ သူလည်း ထွက်သွားရော အိမ်ထဲကချောင်းကြည့်နေကြတဲ့ ရွာသူရွာသားတွေအားလုံး သိချင်စိတ်နဲ့ လုဦးနောက်ကနေ တိတ်တဆိတ်လိုက်သွားကြတယ်။

လုဦးလည်းသူကြီးအိမ်ရှေ့ရောက်ရော တံခါးပိတ်ထားတဲ့သူကြီးအိမ်ရှေ့မှာ ဓါး ကြီးထမ်းပြီးရပ်လိုက်တယ်။ ပြီးတော့အသံကျယ်ကျယ်နဲ့...

''ဟေ့...သူကြီး...ဘယ်မှာလဲ...ထွက်ခဲ့စမ်း၊ ခင်ဗျား မထွက်ရင် ကျုပ်အိမ်ပေါ်တက်လာမယ်နော်...''

သူကြီးအိမ်က ဘာမှတုန့်ပြန်သံမကြားရဘူး။ သူ့ကိုစောင့်ကြည့်နေတဲ့ ရွာသားတွေ က နန်နအတင့်ရဲပြီး မတိုးရဲတိုးရဲနဲ့ အရှေ့ကိုတိုးလာကြတယ်။ လုဦးကလူတွေကိုဂရုမစိုက်ဘူး။ သူကြီးကိုပဲ စွတ်အော်ခေါ်နေတယ်။

''ဟေ့...သူကြီး..ထွက်ခဲ့လေ...မောင်ပိန်..မောင်ပိန်.. ဘီလူး.. ဘီလူး ငါဟဲ့.. ဘီလူးကွနော်...''ဆိုပြီးပါးစပ်ကဗလုံး



www.burmeseclassic.com

www.burmeseclassic.com



ဇထွေးနဲ့အော်နေတယ်။ သူကြီးအိမ်ကဘာသံမှမကြားရသေးဘူး…။

တော်တော်ကြာမှ သူကြီးအိမ်က 'ချောက်' ခနဲအသံကြားရတယ်။ အဲဒီအသံကြောင့် စုရုံးစုရုံးရောက်နေတဲ့လူတွေ 'ရဲ' ခနဲဖြစ်သွားတယ်။ အားလုံးကသိတယ် ဒါသူကြီးသေနတ် မောင်းတင်သံ။

လူဦးကတော့ တုတ်တုတ်မှ မလှုပ်ဘူး။ ဂရုစိုက်ပုံလည်းမရဘူး။ သူကြီးကိုပဲ အပြင်ထွက်လာဖို့ အတင်းပြောနေတယ်။ အတော်ကြာတော့ သူကြီးအိမ်က 'ချောက်' ခနဲတစ်ချက် ထပ်ကြားတယ်။ သူကြီးအိမ်က တံခါးဖွင့်သံ။ အဲဒီတံခါးဖွင့်သံနှင့်အတူ သူကြီးကတော်ဒေါ်စောကြီးရဲ့ 'ဟီးခနဲ' ငိုသံခြောက်ခြားစွာကြားရတယ်။ နောက်တံခါးတစ်ချပ် အသာလေးဟ လာတာတွေ့ရတယ်။ အဲဒီတံခါးမှာ ပထမဆုံးထွက် လာတာက သူကြီးရဲ့ နှစ်လုံးပြူးသေနတ် ပြောင်း။ နောက်နှုတ်ခမ်းမွေး ကားကားနဲ့ သူကြီးခေါင်းက ခေါင်းပေါင်းစဖြူဖြူ။

သူကြီးကတော် ဒေါ်စောကြီးရဲ့ ရင်ကွဲမတတ် အော်ဟစ်ငိုသံကို နားဆူလောက် အောင် ကြားရတဲ့အပြင်၊

"အောင်မလေး ကိုဖိုးထင်ရဲ့ ရင်မသွားနဲ့လေ..ဟိုကဘီလူးစီးနေတာတော်ရဲ့ ရှင့်ကို ဂုတ်ချိုးစာလိုက်လို့ ကျုပ်ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်နေဦးမယ်တော်ရယ်..အောင် မလေး မသွားပါနဲ့ဆို ကိုဖိုးတူရဲ့…"

လို့ အော်လည်းငို ငိုပြီး သူကြီးရဲ့အကွက်ကျဲကျဲလုံချည်ကို ကျစ်ကျစ်ပါအောင်ဆွဲ ထားလိုက်ပုံများ သူကြီးခါးကကျွတ်ကျမတတ်ပဲ။

သူခင်ဗျာလည်း ဟန်လုပ်ပြီးတော့သာ ထွက်လာပုံရတယ်။ သူကြီးကတော်ဆွဲရာ ပါချင်ချင်ရယ်။ ဒါပေမယ့် သူကြီးဟန်ကြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မြို့စားထက်ကဲဆိုသလို ဟန်တစ်လုံးပန်တစ် လုံးနဲ့ ဇီးကင်းလောက်ဖော ချွေးတွေသုတ်ပြီး…

"နေစမ်းပါ မစာရယ်..သူ့ဖာသာသူ ဘီလူးစီးရုံမကလို့ အသူရကယ်စီးစီး ငါကဘာ ကြောက်ရမှာလဲ။ ဟော့… မြို့ပိုင်မင်းရဲ့ ရှေ့ခါးရ သူကြီးတဲ့နော် …"

လို့ကြွေးကြော်လိုက်တယ်။ ဒါပေမယ် ခြေလှမ်းက ရှေ့တက်မလာ ဘူး။ သူခမျာ သူကြီးကတော်ဆွဲထားလို့ ရှေ့တိုးမရတဲ့ ဟန်မျိုးနဲ့ မရှန်း ချင်ရှန်းချင်ရှန်းနေရရှာတယ်။ လှ ဦးက သူကြီးကိုလည်းမြင်ရော ဒေါသ တကြီးနဲ့ ခါးကိုဝင့်ပြီး…

"ဟော့..သူကြီး..ဒီကိစ္စခင်ဗျားရှင်းမလား..ကျုပ်ကိုယ်တိုင် ရှင်းရမလားပြောစမ်း…"

လှဦးရဲ့ ခါးအဝင့်မှာ ဝိုင်းနေတဲ့လူအုပ်ကြီး 'ရှဲ' ခနဲဖြစ်သွား တယ်။ သူ့ကိုဝင်ပိုင်းနိုး နိုး၊ ငါ့ကိုဝင်ပိုင်းနိုးနိုး သူတို့ခများလဲ စိတ် ဝင်စားလို့သာ လာကြည့်နေရတယ် ပြေးဖို့လည်း အဆင်သင့်ရယ်။ သူကြီးမှာလည်း စားမတတ်၊ ဝါးမတတ် သူ့ကို စိမ်းစိမ်းကြည့်နေတဲ့ လှဦးကို မျက်ခြေ မပြတ်ကြည့်ပြီး နှစ်လုံးပြူသေနတ်ကို ကျစ်ကျစ် ပါအောင်ဆုတ်ထားတယ်။

"ဒီမှာသူကြီး..ဒီကိစ္စကိုခင်ဗျားရှင်းမလား..ကျုပ်ကိုယ်တိုင်ရှင်းရ မလား… ကျုပ်ကိုယ်တိုင်ရှင်းရရင်တော့မလွယ်ဘူးနော်။ ဘီလူး ဘီလူးတဲ့ နော်။ ဟင်း..တောက်.. ငပိန်..ငပိန်..တွေ့ကြသေးတာပေါ့ကွာ…"

လှဦးကြိတ်မနိုင် ခဲမရ အံတကြိတ်ကြိတ်ကြုံဝါးနေတာကြောင့် သူကြီးခမျာလည်း မရဲတရဲနဲ့…



www.burmeseclassic.com

www.burmeseclassic.com



"ငါ..ငါက..ဘာရှင်းပေးရမှာလဲ..."

သူကြီးရဲ့ တုန်ရင်ရင်စကားသံကြောင့် လုဦးပိုဒေါသထွက်သွားပုံရတယ်။ ဒါကြောင့် လက်ထဲကိုင်ထားတဲ့ ဓါးကို ဗီးခနဲနေအောင် လေထဲတစ်ချက်ပိုင်းပြီး...

"ဘီလူးကိစ္စဗျ၊ ဘီလူးကိစ္စ..."

လုဦးရဲ့ ဘီလူးကိစ္စဆိုတဲ့ စကားသံဟာ သူကြီးအပါအဝင် ရွာသားတွေအားလုံး ဆီ ပဲ့တင်ထပ်သွားတယ်။ ပြီးတော့ ကြွက်စိကြွက်စိနဲ့ "အာဠာဝကအမဲသားတောင်းတာဖြစ်မယ်.." "ဘီလူးကိုကန်တော့ပွဲ ပေးဖို့လားမှမသိပဲ..." "သူ့အတွက်နတ်ကွန်းဆောက်ပေးရမလားပဲ..." စသည်ဖြင့် တစ်ယောက်တစ်ပေါက်ဆူညံသွားတယ်။ ရွာသားတွေ မပြောနဲ့ အားလုံးထက် အိန္ဒြေရတဲ့ သူကြီးတောင် လှုပ်လှုပ် ရွရွဖြစ်သွား...

"ဘီလူး..ဘီလူး..ငါတို့ ဘီလူးကို ဘာလုပ်ပေးရမလဲ၊ နတ်ကွန်းဆောက်ပေးရမလား၊ အသားစိမ်းကျွေးရမလား၊ ခေါစာပစ်ပေးရမလား..."

သူကြီးရဲ့ အူကြောင်ကြောင်အမေးကြောင့် လုဦးပိုစိတ်ဆိုးသွားပြီး

"ဘာနတ်ကွန်း၊ ဘာခေါစာမှပစ်စရာမလိုဘူး၊ ငပိန်..ငပိန်ကို ဖမ်းပေး ဘီလူး.. ဘီလူး..ငပိန်တောက်..."

လုဦးရဲ့ ဒေါသတကြီးစကားကြောင့် ရွာသားတွေအားလုံး ကြွက်စိကြွက်စိဆူညံ သွားပြန်တယ်။ "ငပိန် ဥပုသ်တကယ်မစောင့်ဘဲ ဆေးထိုးပေးလိုက်လို့ ဆေးပေါက်သွားပြီ ထင်တယ်..." "ငပိန်ဘီလူးစည်းကို မနိုင်ဘဲ ထွက်ပြေးသွားလို့ဖြစ်မယ်..." စသည်ဖြင့်ဆူညံသွားပြန်တယ်။ သူကြီးကဆူညံနေတဲ့လူအုပ်ကြီးကို ဝေ့ကြည့်လိုက်တယ်။ သူကြီး



www.burmeseclassic.com

www.burmeseclassic.com



ကတော်ဒေါ်စောကလည်း သူ့လုံချည်ကွင်းကို မလွတ်တန်းဆွဲထားတုန်း ပဲ။ ဒါပေမယ် ရိုက်ကြီးတင်တော့ မငိုတော့ဘူး။

ဒါကြောင့် သူကြီးလဲ အနည်းငယ်ရဲတင်းလာပြီး…

"ငပိန်ကိုဖမ်းပေးပြီး ဘာလုပ်‥"

"ဂုတ်ချိုးစားမလို့ဟေ့‥ဂုတ်ချိုးစာမလို့…တောက်‥"

သူကြီးရဲ့စကားမဆုံးခင် လှဦးရဲ့ ကျယ်လောင်တဲ့အော်သံကြောင့် ရွာသားတွေ အားလုံးပိုပြီး လှုပ်လှုပ်ရှားရှားဖြစ်ကုန်တယ်။ အချို့ဆို "ဘီလူးတကယ်စီးနေပြီ ပြေးကြ…" ဆိုပြီးလှည့်ပြေးတဲ့သူ လှည့်ပြေးကုန်ပြီ၊ ရွာထိပ်ကအကြော်ရောင်းတဲ့ ဒေါ်လှ ကြည်ဆို ဂုတ်ချိုးစားမယ် အသံလည်းကြားရော သေးတဖျန်းဖျန်းနဲ့ပါချလေရော…။ တချို့ကလည်း စိတ်ဝင်စားလို့သာကြည့်နေပေမယ့် သူတို့ဘက် လှဦးလှည့်လာရင် ထွက်ပြေးဖို့ ခါးတောင်း ကျိုက်တွေပြင်ပြီးသား‥အင်မတန်အိန္ဒြေရတဲ့သူကြီးတောင် အနောက်ကို ခြေတစ်လှမ်း ဆုတ်ပြီး…

"မင်း‥မင်းကဘာလို့ ငပိန်ကို ဂုတ်ချိုးသတ်ချင်ရတာလဲ…"

သူကြီးရဲ့အမေးကို လှဦးပိုအသည်းနာသွားပုံရတယ်။ လက်ထဲက ဓါးကို လေထဲ "ဝှီး" ခနဲနေအောင်မြှောက်ရမ်းပြီး…

"ဘီလူးကြောင့်ပေါ့ဗျ‥ဘီလူးကြောင့်‥ကြည့်စမ်း၊ သူဆွဲပေးထားတဲ့ဘီလူး"

ဆိုပြီး ဝတ်ထားတဲ့စွပ်ကျယ်ကို လှစ်ခနဲ ဆွဲချွတ်ချလိုက်တယ်။ ရွာသား အားလုံးကလည်း ကြမ်းပေ့၊ ရမ်းပေ့၊ ပြီးပေ့ဆိုတဲ့ အာဋ္ဌာဝက ဘီလူးကို မျက်ဝါးထင်ထင်မြင်ချင်နေကြတော့သူ့ထက်ငါ ဦးအောင် လှဦးရင်ဘတ်က ဘီလူးကို တိုးဝှေ့ကြည့်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



“ဟယ်··ဘီလူးတဲ့···”

“အလို··ဘီလူးကလဲ··”

“ဟင်··ဘီလူးက ပြုံးစိစိကြီးတော့··ဟီဟိ···”

“ဘီလူး ဘီလူးတဲ့တော်ရေ··”

စသည်ဖြင့် မပွင့်တပွင့်ရယ်သံတွေ ခပ်အုပ်အုပ်ထွက်လာတယ်။ ပြီးတော့မှ ကျယ်ကျယ်လောင်နဲ့···

“ဘီလူးတဲ့ကွ···”

“ဘီးလူးတဲ့ကွ··ဘီလူး··ဘုရားစူးဘီလူးဗျ···”

“ဟာဟ တကယ့်အာဂဘီလူး”

“ဘီလူး··ဘီလူး··ဟားဟားဟား”စသည်ဖြင့် ကျယ်ကျယ်လောင်လောင် ရယ်သံတွေဖြင့်ဆူညံသွားကြပြန်တယ်။ ခုနက ကြောက်စိတ်နဲ့ မခို့တရို့ မရဲတရဲ ကြည့်နေကြတဲ့ လူတွေအားလုံး ရဲရဲတင်းတင်းရှေ့တိုးလာပြီး ရယ်စရာ အကောင်းဆုံး ပျက်လုံးတစ်ခုကိုကြားလိုက်ရသလို ဝါးခနဲ ပွဲကျသွားကြတယ်။

ပွဲမကျပဲ ခံနိုင်ရိုးလား၊ ကြည့်ဦးလုရင်ဘတ်က ဘီလူးပုံကို၊ ဘီလူးထုံးစံအတိုင်းမျက် လုံးပြူးနေရမယ်ဟာကို မျက်တောင်ကလေး စင်းပြီး မျက်စကလေးပစ်နေသလို။ နောက် ပြီးအစွယ်နှစ်ချောင်းကလည်း ချွန်ပြီးရှည်မနေပဲ သွားတက်ကလေးပေါက်နေသလို သေးသေးကလေးရယ်။ နောက်ပြီးလက်ထဲမှာကလည်း မုန့်လက်ညှိုးကလေးကိုင်ထားသလို သန် လျက်သေးသေးကလေးနဲ့ ဆောင့်ကြောင့်ထိုင်နေပုံများ ချက်ချင်းပဲ ငရုတ်သီးထထောင်းတော့ မလား၊ သခွားသီးပဲ ထလှီးတော့မလား ထင်ရတယ်။ ဒါထက်ပိုဆိုးတာက ဘီလူးခများ(၇)ရက် ထမင်း



www.burmeseclassic.com

www.burmeseclassic.com



မစားရသေးလောက်အောင် ပိန်လှီလို့ သူ့ခေါင်းသူ မနည်း 'မ' ထားရတဲ့ ပုံ...

လူတွေပွဲအကျဆုံးကတော့ ငပိန်လက်စွမ်းပြသွားတဲ့ ဘီလူး အောက်က 'စာ'ပါ။ ဒါကလည်း ထူးထူးခြားခြား မဟုတ်ပေမယ့် တွေးမိ တိုင်း ရယ်စရာကောင်းနေတယ်။ ရေထားတာက...

"ဘီလူးပါခင်ဗျာ"...တဲ့၊ ကဲ...

ဒါ့ကြောင့် လှဦး ငပိန်ကို ဂုတ်ချိုးစားချင်နေတာ။

အဲဒီအချိန်ကစပြီး လှဦးဆိုတဲ့နာမည်ကို ဘယ်သူမှ မခေါ်တော့ ဘဲ သူ့ရင်ဘတ်က ဘီလူးရုပ် (ဘီလူးပိန်)ကို အစွဲပြုပြီး သူ့ကို ဘီလူးလို့ပဲ ခေါ်ကြတော့တယ်။ ဒါပေမယ့် သူမျှော် မှန်းထားတဲ့ ကြမ်းပေ့၊ ရမ်းပေ့၊ ပြီးပေ့ဆိုတဲ့ ဘီလူးလူမိုက်တော့ ဖြစ်မလာဘူး။ နောက်ပြီး ပိုဆိုးတာက သူနဲ့တွေ့မှ ဘီလူးဆိုတာကြီးဟာ ကြောက်စရာမကောင်းပဲ ရယ်စရာ ကြီးကို ဖြစ် နေတာပါပဲ။ ဒါပေမယ့် ဘာပဲပြောပြော ဘီလူးကတော့ ဘီလူးပဲ ပေါ့။

တကယ်ပါဗျာ၊ ကျွန်တော်တို့ မြင်သာရွာမှာ ဘီလူးဆို လူကြီး မပြောနဲ့ ကလေးပါ မကြောက်ကြတော့ဘူး။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ခင်မှုန်မင်္ဂလာဆောင်

“တောက်”

ဘီလူးလှဦးရဲ့ တောက်ခေါက်သံက ထန်းတောတစ်ခုလုံး ဖုံးလွှမ်းမတတ်ပဲ၊ သူနဲ့ အတူ ထန်းရည်သောက်နေကြတဲ့မောင်ကောင်း၊ ငပိန် (သူခိုးငပိန်)၊ ကျွဲကြီးတို့တောင်လန့် ဖျတ်ပြီး သူ့ကိုကြည့်ကြတယ်။ ဒေါသကြောင့်လား၊ ထန်းရည်ရဲ့ အာနိသင်ကြောင့်လားတော့ မသိဘူး။ သူ့မျက်လုံးတွေက နီရဲပြီး အခိုးတွေထွက်နေသလားတောင်ထင်ရတယ်။

“မင်းဘာကြောင့် ဒီလောက်ခံစားနေရတယ်ဆိုတာ ငါတော့မစဉ်းစားတတ်တော့ ပါဘူး ဘီလူးရာ”

မောင်ကောင်းရဲ့ စကားက သူ့ကိုပိုပြီးဒေါသထွက်စေတယ်။ ဒါကြောင့် အရှေ့က ထန်းရည်ခွက်ကို ‘ဒေါင်း’ ခနဲနေအောင်ဆောင့်ချလိုက်ပြီး…

“ဘာ့ကြောင့် ဒီလောက်ခံစားနေရသလဲ ဟုတ်လား…ခင်မှုန်ဟာ ငါ့အသည်း ငါ့အသက်ကွ မင်းသိရဲ့သားနဲ့ မောင်ကောင်းရာ…”

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးလုဦး ပြောရင်းနဲ့ မျက်ရည်တွေဝေ့တက်လာတယ်။ ပြီးနောက် အသံတွေ လဲတုန်ရင်လာပြီး…

“အခု‥အခု တော့‥တစ်ရွာသားကို မှ‥တောက်”

ဘီလူးရဲ့တုန်ရင်ဆို့နင့် ဖွယ်စကားကြားတော့ မောင်ကောင်း စိတ်ပျက်သွားသလို ကျွတ်ခနဲနေအောင်စုတ်သတ်လိုက်ပြီး…

“အသည်းဖြစ်ဖြစ်၊ အသက်ဖြစ်ဖြစ်၊ သရက်ရွက်ဖြစ်ဖြစ်၊ ကျောက်ကပ်ဖြစ်ဖြစ်ကွာ သူအခု မင်္ဂလာဆောင်နေပြီလေ‥မင်းက ဘာများ တတ်နိုင်ဦးမှာလဲ…”

ဖျက်ရမှာ ဖျက်ရမှာ ဒီမင်္ဂလာပွဲကို မရ ရအောင်ဖျက်ရမှာ…ဟား ဟား‥ ဘီလူးတဲ့ကွနော်…ငါဟဲ့ဘီလူး”

ဘီလူးလုဦးရဲ့ ကျယ်လောင်တဲ့ကြုံးဝါးသံကြောင့် အားလုံးလန့်ဖျန့် သွားကြတယ်။ နည်းနည်း အိန္ဒြေရတဲ့ ကျွဲကြီးတောင် မျက်စေ့မျက်နှာပျက် သွားပြီး…

“တိုးတိုးပြောစမ်းပါ ဘီလူးရာ လူကြားလို့ သူကြီးသွားတိုင်ရင် သူကြီး ထိပ်တုံးစာ မိနေပါဦးမယ်”

ကျွဲကြီးရဲ့စိုးရိမ်တကြီးစကားကို ဘီလူးက ဂရုမစိုက်သလိုနဲ့ မတ်တတ်ထရပ်လိုပြီး…

“ဘယ်သူ့ကြောက်ရမှာလဲ‥ဘီလူးတဲ့ကွနော်‥ဘယ်သူ့ကိုမှ အားအားယားယား ကြောက်မနေနိုင်ဘူး‥အဲဒီ သူကြီးဖိုးထင်ကြောင့် သူ့သမီးခင်မှုန်နဲ့ လွဲရတာ…တောက် သူကြီးဖိုးထင် ကျုပ်အသည်း ကွဲရသလိုသင်းအရက်လည်းဟက်တက်ကွဲစေရမယ်‥ဘီလူးတဲ့ကွနော် ဟင်း…ဟင်း…”



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ဟန်မျိုးနဲ့ အသံကျယ်ကျယ်ကြုံးဝါးလိုက်တယ်။ သူ့ပုံကလည်းတကယ့်ဘီလူးစီးနေသလိုမျိုး အသားတဆတ်ဆတ်တုန်လို့။ ဒါပေမယ့် ထန်း ရည်သုံးလေးမြူသောက်ထားတော့ထန်းရည်အရှိန်နဲ့ ခြေလှမ်းတွေက ယိုင်နေပြီ။ ဒီပုံမျိုးနဲ့ မင်္ဂလာပွဲဖျက်ဖို့မပြောနဲ့ မင်္ဂလာမဏ္ဍပ်နားတောင် ဘယ်သူမှပေးကပ်မှာမဟုတ်ဘူး။ ဒါပေ မယ့် ဘီလူးကတော့ မာန်တင်းထားတုံးပဲ၊ ခင်မှုန်ရဲ့မင်္ဂလာပွဲကိုမကျေနပ်ဆုံးကလည်း သူပဲကိုး…။

အမှန်တော့ ဒီကိစ္စကိုသူကသာ မကျေနပ်နိုင်ဖြစ်နေတာ၊ သူနဲ့ဘာဆိုင်တာလိုက် လို့၊ အခုမင်္ဂလာဆောင်တဲ့ သူကြီးသမီးခင်မှုန်ကိုလည်းသူထန်းရည်မူးပြီး ရွာထဲသောင်းကျန်းလို့ သူကြီးဖမ်းပြီး ထိပ်တုံးခပ်ထားတုန်း ခင်မှုန်နောက်ဖေးရေအိမ်သွားတာ တစ်ခါလားပဲ ရိပ်ခနဲမြင်ဘူးတာ၊ ဒါကိုပဲ အခွင့်ကောင်းယူပြီး ထန်းရည်လေးများမူးလာတိုင်း ခင်မှုန်ကိုအသည်းလေး၊ အသက်လေးနဲ့ ပဏာယူပြီးပြောနေတာ။ရည်းစားသနာဖြစ်ဖို့ဆိုတာဝေးရော။

ဒီမင်္ဂလာကိစ္စမှာ မကျေနပ်တဲ့အထဲ ခင်မှုန်နဲ့လက်ထပ်မယ့် (သူတိုးသား) မြင်းကဒပ်ရွာက လယ်ပိုင်ရှင်သား မောင်စိုးလည်းပါတယ်။

မောင်စိုးကလည်း သူကို အနိုင်ကျင့်ထားလို့ရယ် ဘာရယ်မဟုတ်ပါဘူး။ တစ်ခါသား ရွာသင်္ချိုင်းမှ ကြိတ်ဝိုင်းခိုးလုပ်တုန်းက မောင်စိုးဆီကအရက်ဖိုးငါးကျပ်တောင်းတာ မောင်စိုးက မပေးလို့ဆိုလားပဲ။

အဲဒီထဲက ဘီလူး မောင်စိုးကို ငြိုးနေတာ။ နောက်ပြီး ရွာအစွဲလည်းပါမှာပေါ့။ သူ့ စိတ်ထဲမှာ မြင်သာရွာသူက မြင်သာရွာသားပဲ ယူရမယ်ဆိုတဲ့အစွဲ၊ ဘီလူးတစိမ့်စိမ့်တွေးရင်း ဒေါသထွက်လာပုံရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ခါးတောင်းကို မြှောင်နေအောင်ကျိုက်လိုက်ပြီး…

“မင်းတို့လိုက်မလား မလိုက်ဘူးလား။ ငါမင်္ဂလာပွဲကို သွားဖျက်မယ်…”သူ့စကားကြောင့် အားလုံးမျက်လုံးပြူးသွားကြတယ်။ ပြီးတော့ ခေါင်းတခါခါ၊ လက် တကာကာနဲ့…

“ဒါတော့ တို့မလိုက်ရဲဘူးမောင်‥ကံမကောင်းရင်ထောင်တန်း ကျနိုင်တဲ့ကိစ္စ တို့မလိုက်ပါရစေနဲ့…”

“ဟုတ်တယ်၊ သူကြီးက သူ့သမီးကိစ္စဆိုတော့ ပိုဆိုးလိမ့်မယ်။ သူကြီး ထိပ်တုံးက အကြောင်းရွေးတယ်ရယ် မဟုတ်ဘူးနော်‥”

“ငါလည်းမလိုက်ရဲဘူး‥မြွေတွင်းနိုက်ဆိုနိုက်လိုက်မယ်။ သူများ မင်္ဂလာပွဲတော့ မဖျက်ရဲပါမောင်ရာ”

အားလုံးကငြင်းဆိုတဲ့စကားလည်းကြားရော ဘီလူး ပိုစိတ်ဆိုး သွားတယ်။

“မင်းတို့ သွေးကြောင်လှချည်လားကွဟေ…ကိုယ်ရွာသူတစ် ယောက်ကို တစ်ရွာသားက အနိုင်ကျင့်တာ မင်းတို့မို့ကြည့်နေရက်တယ် ‥တောက်‥”

“အလိုဗျာ‥သူဖာသာသူကျေနပ်လို့ လင်ယူတာ၊ ဘယ့်နှယ် အနိုင်ကျင့်ရမှာတုံး နို့…နေစမ်းပါဦး၊မင်းက ကြားထဲကနေပြီး ဘာကိစ္စဝင်နာနေရတာတုံး…”

မောင်ကောင်းစကားလည်း ကြားရော ဘီလူးပိုပြီးဒေါသထွက်သွား သလို မြေကြီးကို ဖနောင့်နဲ့ ‘ဖုန်း’ ခနဲနေအောင်ဆောင့်ချလိုက်ပြီး….

“နာတယ်ဟေ့၊ နာတယ် နာတာမှ တစ်ကိုယ်လုံးမကဘူး။ အသည်း ပါနာတယ်။ မင်းတို့မလိုက်ချင်နေ ငါတော့ မင်္ဂလာပွဲကိုမပျက်ပျက်



www.burmeseclassic.com

www.burmeseclassic.com



အောင် သွားဖျက်မယ်…ဘီလူးတဲ့ ကွနော်…ဟား‥ဟား‥ဟား‥”

ဆိုပြီး ယိုင်တိယိုင်တိုင် ခြေလှမ်းကျဲကြီးနဲ့ မင်္ဂလာမဏ္ဍပ်ဘက် လှည့်ထွက်သွားတယ်။ သူနဲ့အတူ ထန်းရည်ထိုင်သောက်နေတဲ့ မောင်ကောင်းတို့အုပ်စုကလည်း “ဟော့ကောင်‥မသွားနဲ့လေ‥ဟာဒီကောင်‥”စသည်ဖြင့် ပါးစပ်နှင့် တားနေကြပေမယ့် ဘယ်သူမှထလဲ မဆွဲကြဘူး၊ နောက်ပြီး ဘယ်သူမှလည်း လိုက်မသွားကြဘူး၊ သူကြီးထိပ်တုံးကိုကြောက်လို့။

“အခါတော်×××ပေးတာက×××နတ်ရေးငယ်×××ရွှေစာ××”

မင်္ဂလာမဏ္ဍပ် လော်စပီကာက ထွက်လာတဲ့ အခါတော်ပေးသီချင်းက ဘီလူးရဲ့ ဒေါသကို ပိုပြီးနှိုးဆွသလိုဖြစ်နေတယ်။ ဒါကြောင့် ခြေလှမ်းကျဲကြီးနဲ့ ခပ်သွက်သွက် လှမ်းသွားပြီး မဏ္ဍပ်ရှေ့ရောက်တဲ့အခါ ခပ်တည်တည်နဲ့ ခါးထောက်ရပ်လိုက်တယ်။ ပြီးတော့ လော်စပီကာသံကို ဖုံးလွှမ်းသွားတဲ့အထိ အသံကိုမြှင့်ပြီး…

“ဟေ့‥မင်းတို့မင်္ဂလာပွဲကိုရပ်လိုက်စမ်း‥”

သူရဲ့အသံကျယ်ကျယ်ကြောင့် မဏ္ဍပ်ထဲက လှုပ်ရှားမှုအားလုံးရပ်တန့်သွားတယ်။ ပြီးတော့အံ့အားသင့်တဲ့ အကြည့်မျိုးတွေနဲ့ သူ့ကိုအထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြတယ်။ ဘီလူးကတော့ ခပ်တည်တည်ပဲ၊ ခြေနှစ်ချောင်းကို ခပ်ကျဲကျဲခွဲရပ်ထားပြီး ခါးကိုဟန်ပါပါ ထောက်ထားတယ်။

“အခုချိန်ကစပြီး မင်္ဂလာပွဲကို ငါကိုယ်တိုင် ဖျက်သိမ်းလိုက်ပြီ‥”

မဏ္ဍပ်ထဲက ခုနငြိမ်သက်နေတဲ့လူတွေအားလုံး လှုပ်ရှားရှားဖြစ်ကုန်ကြတယ်။ ပြီး တော့အချင်းချင်းလက်တို့မေးငေါ့ကြပြီး…

“မင်္ဂလာပွဲဖျက်သိမ်းလိုက်ပြီတဲ့…”

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



“သူကဘာလို့ဖျက်ပစ်တာလဲ”

“ဘီလူးနဲ့ခင်မှုန်က သမီးရည်းစားလား”

“သူနဲ့ဘာဆိုင်လို့လဲ”

စသည်ဖြင့် စကားသံတွေက မဏ္ဍပ်တစ်ခုလုံး ပွစိတက်ကုန်တယ်။ မင်္ဂလာပွဲလာကြ တဲ့ ဧည့်ပရိသတ်အားလုံးက မထင်မှတ်တဲ့စကားကြားရတော့ အံ့အားသင့်ကုန်ကြတယ်။ မြင်သာရွာသားတွေက ဘီလူးအကြောင်း ခရေစေ့တွင်းကျသိနေတော့ သိပ်မတုန်လှုပ်ကြပေ မယ့် မြင်းကဒပ်ရွာသား တွေကတော့… “ဒီကောင်··ဘာလဲ၊ ဘယ်ကကောင်လဲ··ခင်မှုန်နဲ့ဘာတော်လဲ··သမီးရည်းစားလား…”စသည်ဖြင့်ဗလေဗလံ ဖြစ်ကုန်တယ်။ ပြီးတော့ သတို့သမီးခင်မှုန်ကို တလှည့် မဏ္ဍပ်ရှေ့ခါးထောက်ရပ်နေတဲ့ ဘီလူးကိုတစ်လှည့် ကြည့်ပြီးအမျိုးမျိုးထင်ကြေးပေးနေတယ်။ ခင်မှုန်ခမျာလည်း အကြောင်သားနဲ့ ဘီလူးကိုငေးကြည့်နေရှာတယ်။

အားလုံးရဲ့ အခြေအနေကို ရိပ်စားမိတဲ့ သူကြီးက သူ့သမီး မင်္ဂလာပွဲပျက်မှာစိုးတာနဲ့ ကဗျာကယာထပြီး··

“ဟေ့ကောင် ဘီလူး··မင်းမူးနေရင်လဲ ပြန်အိပ်တော့ကွာ၊ ဒီမှာ မင်္ဂလာယူနေတဲ့အချိန်မှာ အမင်္ဂလာ လာမလုပ်နဲ့…”

သူကြီးစကားလည်းကြားရော ဘီလူးပိုပြီးဒေါသထွက်သွားသလို နဲ့ မြေကြီးကိုဖနောင့် နဲ့ ‘ဖုန်း’ ခနဲ ပေါက်ပြီး ··

“ကျုပ်က အမင်္ဂလာ လာလုပ်နေတာမဟုတ်ဘူး၊ အမင်္ဂလာမဖြစ်အောင်လာပြီး တားနေတာ၊ သူကြီးသမီးခင်မှုန်ကို ကျုပ်မဟုတ်ရင် မြင်သာရွာသားနဲ့ပဲ သဘောတူနိုင်မယ်။ ဒီလိုအရက်သမား၊ ဖဲသမား ကလေကဝတစ်ရွာသားနဲ့ လုံးဝသဘောမတူနိုင်ဘူး··”

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးရဲ့စကားကြားရော မြင်းကဒပ်ရွာသားအားလုံး လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြ တယ်။ အဆိုးဆုံးကတော့ သတို့သားမောင်စိုးအမေလယ်ပိုင်ရှင်ကတော် ဒေါ်သိန်းကြီးပဲ။ သူ့သားကို အရက်သမား ဖဲသမားကလေကဝဆိုပြီး စွတ်စွဲရကောင်းလားဆိုပြီး လုံချည်စွန် တောင်စွဲပြီး...

"အောင်မာ...ငါ့သာကိုများ အရက်သမား ဖဲသမားလေးဘာလေးနဲ့ ဟဲ့... နင်ကရောဘာကောင်မို့လဲ"

လယ်ပိုင်ရှင်ကတော် ဒေါ်သိန်း စကားလည်းကြာရော ဘီလူးကထိမထင်ဟန်နဲ့ မျက်နှာကိုရှုံ့မဲ့လိုက်ပြီး ...

"အဲဒါပဲ..အမိဘာဖြစ်တော့ နတ်အာကြမ်းသတဲ့လဲ၊ ဒီမှာအဖွားကြီးခင်ဗျားသား ဟာတကယ်ဆိုရင် ကျုပ်တို့ရွာက သူကြီးသမီးခင်မှုန်လေးနဲ့မပြောနဲ့ ရွာထဲကအကြော်သည် မုဆိုးမ ဒေါ်စောကြီးနဲ့တောင်မတန်ဘူးသိရဲ့လား..."

ဘီလူးစကားလဲကြားရော တစ်ချိန်လုံးငြိမ်နားထောင်နေတဲ့မုဆိုးမဒေါ်စောကြီးက သောက်နေတဲ့ ဘန့်ဖွေးရွက်ဆေးလိပ်ကို 'ဘုတ်'ခနဲ ပြစ်ချလိုက်ပြီး...

"အလိုတော်..ယောက်ျားထပ်မလိုချင်လို့ မုဆိုးမလုပ်နေတာ၊ လိုချင်လို့ကတော့ သူကြီးဖိုးထင်နဲ့တောင် အကြောင်းပါနိုင်သေး၊ ကျုပ်သာအပျိုဆို ဒီလိုကောင်မျိုးမစဉ်းစားပေါင်၊ သေသွားတဲ့ ကိုဖိုးမောင်တောင် လက်ဆွဲပြလိုက်ချင်ရဲ့၊ သူ့ခင်မျာသေသာသေသွား ရရှာတယ်..အရက်ဆိုကြောက်တတ်လို့ ဆေးလုပ်တောင်မလူးဖူးပေါင်..."

မုဆိုးမဒေါ်စောရဲ့စကားကြောင့် အခြေအနေပိုပြီးတင်းသွားတယ်။ မြင်းကဒပ် ရွာသားတွေကလည်း သူတို့လယ်ပိုင်ရှင်သားကို ဒီလိုပြော



www.burmeseclassic.com

www.burmeseclassic.com



မလားပေါ့၊ သတို့သားအမေ ဒေါ်သိန်းကြီးဆို ဆွေ့ဆွေ့ခုန်ရော။

နစ်ဖက်လုံးအခြေအနေ ဒီထက်ဆိုးလာနိုင်စရာရှိကြောင်းကို ရိပ်မိတဲ့သူကြီးကပဲ ပွဲထိန်းသလို မဏ္ဍပ်ရှေ့ရပ်လိုက်ပြီး…

"တိတ်ကြစမ်း"

သူကြီးရဲ့ငေါက်သံကြောင့် မဏ္ဍပ်တစ်ခုလုံး မီးကိုရေနဲ့ဖျမ်းပက်လိုက်သလို ရှဲခနဲ ငြိမ်ကျသွားတယ်။ အားလုံးအသံတိတ်သွားမှ သူကြီးက ဘီလူးကိုလက်ညှိုးငေါက်ငေါက်ထိုး ပြီး…

"ဟေ့ကောင်ဘီလူး မင်းအေးအေးဆေးဆေးထွက်သွားမလား ငါဖမ်းချုပ်ရမလား ပြောစမ်း။ ငါ့ကိုဒေါသထွက်အောင်မလုပ်နဲ့နော်…"

သူကြီးရဲ့ဒေါသတကြီးစကားကို ဘီလူးကအလျှော့မပေးသေးဘဲ …။

"ဒီမှာသူကြီး ခင်မှုန်ရဲ့မင်္ဂလာပွဲကို ဖျက်ပေးမလား၊ မဖျက်ပေးဘူးလား ဒါပဲပြော"

"မဖျက်ပေးနိုင်ဘူးကွာ မင်းလိုကလေကချေရဲ့ စကားကိုငါက နားထောင်ရမှာလား၊ မြို့အုပ်မင်းရဲ့ ရွှေစလွယ်ဆုရ သူကြီးဖိုးထင်တဲ့နော်‥ မဆိုင်ရင်မရှုပ်နဲ့"

သူကြီးရဲ့ပြတ်သားတဲ့ စကားကို ဘီလူးမျက်နှာတစ်ချက်မပျက်ဘူး။ ဂရုမစိုက်သလို ဟန်မျိုးနဲ့တောင် ပုခုံးကိုတွန့်ပြီး…

"သေချာလား"

သူ့အမေးကို သူကြီးကစိတ်ဆိုးမာန်ဆိုးနဲ့ …

"သေချာတယ်ကွာ‥မင်းဘာလုပ်မလို့လဲ"

သူကြီးရဲ့ဒေါသတကြီးစကားကို မထီတရီလုပ်ပြုံးလိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျုပ်အကြောင်းပြရသေးတာပေါ့..ဘီလူးတဲ့ကွ..ဟားဟား ..ခင်ဗျား တို့အတွက် လက်ဆောင်နဲ့ မကြာခင်ပြန်လာမယ်။ ဘီလူးတဲ့နော် ..ဟားဟား..ငါတဲ့.. ဘီလူးတဲ့ကွနော်..ဟားဟား.."

ဆိုပြီး အသံကျယ်ကျယ်နှင့် အော်ဟစ်ရယ်မောပြီး မဏ္ဍပ်ရှေ့ကထွက် သွားတယ်။

မကြာပါဘူး။ ရေဆွတ်ထားတဲ့ ဂုန်နီအိပ်တွေနဲ့အတူ ဝါးလုံးအရှည် တစ်ချောင်း ထမ်း၊ ကျူရိုးတစ်ချောင်း ခါးထမ်းထားတဲ့ ဘီလူးကို ရွာတောင် ဘက်တောအုပ်ထဲ ခြေလှမ်း ကျဲကြီးနဲ့လှမ်းဝင်သွားတာကို မဏ္ဍပ်ထဲက အားလုံးမြင်လိုက်ရတယ်။ ဒါပေမယ့် အားလုံးရဲ့ စိတ်ထဲမှာတော့ ဘီလူး မူးမူးရူးရူးနဲ့ ထင်ရာလာပြောပြီး ကျေနပ်သွားလို့ တောတက်သွား တာ၊ ဒါမှ မဟုတ် စမ်းချောင်းသွားပြီး ကိုင်းသွားထောင်တာပဲလို့ထင်ကြတယ်။

ဘီလူးထွက်သွားပြီး သိပ်မကြာခင်မှာပဲ မင်္ဂလာပွဲ ပြန်လည်ငြိမ် သက်သွားတယ်။ ဒါပေမယ့် မကြာပါဘူး ရွာလမ်းတစ်လျှောက် ဖုန် တစ်ထောင်းထောင်းထအောင် ကသောက မျောပြေးလာတဲ့ လူတစ်ယောက် ကိုတွေ့ရတယ်။

ခပ်ဝေးဝေးကဆိုတော့ ဘယ်သူဘယ်ဝါရယ်မသဲကွဲဘူး။ နောက်ပြီး ဖုန်တွေဖုံးလွှမ်းနေတဲ့အပြင် ထူထဲတဲ့ ဂုံနီအိပ်ကြီးတွေ တစ်ကိုယ်လုံး ဖုံးအောင် ခြုံထားတော့ လူကောင်ကို ကောင်းကောင်းမမြင်ရဘူး၊ သူနဲ့ ဖုန်တွေကြားမှာ ဘာတွေရယ်မသိဘူး၊မဲမဲ မဲမဲနဲ့ရယ်။

မဏ္ဍပ်ထဲက လူတွေအားလုံးက အဲဒီလူရဲ့ ထူးထူးဆန်းဆန်း အပြု အမူကိုကြောင် ငေးကြည့်နေကြတယ်။ သူတို့တွေရဲ့စိတ်ထဲမှာ မင်္ဂလာပွဲ ကို မမီမှာဆိုးလို့ ပြေးလာတဲ့လူလား၊ ဒါမှမဟုတ် သူကြီးရဲ့အရေးတကြီးကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာလို့ ကသောကမျောပြေးလာပြီး သတင်းပို့တဲ့လူလားပေါ့ စသည်ဖြင့် ကြောင်ငေးပြီး စဉ်းစားနေကြတုန်း…

"ဟော့..ဘီလူးတဲ့ကွ မင်္ဂလာလက်ဆောင်ပေးဖို့ငါလာပြီ၊ မဆိုင်တဲ့လူတွေ ရှောင်ကြရှားကြဟေ့ ဟားဟားဟား…"

ဆိုပြီး ကြုံးဝါးသံကြားတော့ အားလုံးလှုပ်လှုပ်ရှားရှားဖြစ်သွားကြကုန်ကြတယ်။ ပြီးတော့အားလုံးတိုင်ပင်ထားကြသလိုလက်သီးလက်မောင်းတန်းပြီး

"ဟော့…ဘီလူးတဲ့ကွ ဝိုင်းဖမ်းကြစမ်း"

"ဒီကောင့်ကို မလွတ်စေနဲ့ဟေ့၊ မိအောင်ဖမ်းကြ…"

"ဒီကောင် ဘာဒုက္ခပေးဦးမလဲမသိဘူး..ကိုယ့်ဘက်လာရင် မလွတ်စေနဲ့" ဆိုပြီး ညာသံပေး အသင့်ပြင်နေကြတုန်းရှိသေးတယ် ဘီလူးမဏ္ဍပ်နားကိုရောက် နေပြီ၊ သူနဲ့ထပ်ချပ်မကွာ ကပ်ပါလာတဲ့ မဲမဲအကောင်တွေလည်း သူနဲ့အတူ ရောက်ရှိလာကြ တယ်။ သဲသဲကွဲကွဲ မြင်ရတော့မှာ အဲဒီအကောင်တွေက…

"ဟား..ပျား..ပျားတွေ.."

"ဟား..ပျားတွေ..အများကြီးပဲဟ.."

"ဟဲ့ ဟဲ့ လုပ်ကြပါဦး ပျားတွေ..ပျား..ပျားတွေ.."

မဏ္ဍပ်ထဲကလူတွေအားလုံး မျက်လုံးပြူးသွားကြတယ်။ ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ပျားမှတစ်ကယ့်ပျားအကောင်ကြီးတွေပါ။ နောက်ပြီး တစ်ကောင် နှစ်ကောင်ထဲလည်း မဟုတ်၊ တကယ့် တစ်အုံတမကြီး၊ ဘီလူးမင်္ဂလာပွဲ မပျက်ပျက်အောင်ဖျက်ဖို့ အကြံအစည်နဲ့၊ တော ထဲသွားပြီး ပျားအုံကိုတုတ်နဲ့ထိုးပြီး ရွာထဲပြန်ပြေးခဲ့ပုံရတယ်။ ဘာလို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သူကိုယ်တိုင်က ပျားမတုတ်နိုင်အောင် တစ်ကိုယ်လုံး ဂုံနီအိတ် တွေခြုံထားတာကို…။

"ဟော့ ဘီလူးတဲ့ကွ …ဖမ်းရဲတဲ့ကောင်ဖမ်းကြစမ်း…"

ကြိမ်းဝါးသံနှင့်အတူ ဘီလူးမဏ္ဍပ်ထဲ ဒရောသောပါးပြေးဝင်လာပါ တယ်။ သူ့နောက်ကပျားတွေကလည်း မဏ္ဍပ်ထဲထိလိုက်ဝင်လာတော့ မဏ္ဍပ်ထဲကလူတွေအားလုံး ဝရုန်းသုံးကားဖြစ်ကုန်ကြတယ်။

"ဟဲ့..ပျားတွေတော့…"

"အောင်မလေး..တုတ်တယ်ဟ…"

"အောင်မလေး..သေပါပြီ…"

စသည်ဖြင့်မဏ္ဍပ်ထဲ အော်သံတွေနဲ့ ဆူညံပွက်လေရိုက်ကုန် ကြတယ်။ အသိုက် ဖျက်ခံရရင် သေမလောက်ဒေါသထွက်တတ်တဲ့ ပျားတွေ ကလည်း မဏ္ဍပ်ထဲက တွေ့ကရာ လူကို မဲတုတ်တော့တာပဲ။

ဒီကြားထဲ ဘီလူးဆိုတဲ့ အကောင်က အငြိမ်မနေဘူး။ မဏ္ဍပ်ထဲ လူစုံအောင် လျှောက်ပြေးနေတယ်။ သူတို့သားနားပတ်ပြေးလိုက်၊ သူကြီးရှေ့ ပတ်ပြေးလိုက်၊ ဒေါ်စောကြီး တို့ဘက်ကူးသွားလိုက်၊ ဒေါ်သိန်းကြီးတို့ဘက် ခြေယောင်ပြလိုက်နဲ့ဆိုတော့ သူ့နောက်ပတ် လိုက်နေတဲ့ပျားတွေက လူစုံအောင်ပတ်တုတ်တော့တာပဲ။ သူတို့သားအမေ ဒေါ်သိန်းကြီးဆို မဏ္ဍပ်အလယ်မှာ လုံချည်(ထမီ) ခြုံပြီး ငုပ်တုတ်ထိုင်နေရတယ်။ သူ ကြီး လည်း ဘာထူးလို့တုန်း၊ ဝတ်ထားတဲ့ တောင်ရှည်ကြီးချွတ်ပြီး နီးရာ လွှား ခနဲ လွှားခနဲပြေးရင်း တောင်ရှည်ကြီးနှင့် ရမ်းနေတယ်။ အတော်ကြာတော့ မဏ္ဍပ်ထဲ ဘယ်သူမှ မနေရဲတော့ဘူး။ ငယ်သံပါအောင်အော်ဟစ်ပြီး အားလုံးလွတ်ရာကျွတ်ရာကို ထွက်ပြေးကြ ပါလေရော။ မဏ္ဍပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဧည့်ခံပွဲလာတဲ့ ဧည့်သည်ကုန်လောက်မှ ဘီလူးက အသံကျယ်ကျယ်နှင့် ....

"ကဲ..ဘယ့်နှယ်ရှိစ...ကြောက်ကြပလားဟေ့..ကြောက်ကြပလား.. ငါတဲ့ဘီလူးကွနော်..နောက်တစ်ခါ ငါမကြိုက်တာ ရွာထဲလုပ်လို့ကတော့ ဒီထက်နာမယ် မှတ်..ကိုင်းရဲဘော်တို့ ချီတက်မယ် ငါ့နောက်ကလိုက်ခဲ့ကြ...ဟာ..ဟား..." ဆိုပြီး ရွာအရှေ့ဘက်ကို ဒရောသောပါးပြေးထွက်သွားတယ်။ ဒေါသကြီးနေတဲ့ ပျား တွေကလည်း သူ့နောက်ကလိုက်နေတုန်း၊ ရွာထိပ်အများသုံးနေတဲ့ရေကန်ကြီးရောက်မှ "ငါသွားပြီဟေ့..သူငယ်ချင်းတို့ရေ တာ့တာ.." ဆိုပြီး ဝုန်းခနဲဒိုင်ပင်ထိုးချသွားတယ်....။

အဲဒီအချိန်ကစပြီး ဘီလူးရေထဲကပြန်ပေါ်လာတာ မတွေ့ရသေးဘူး၊ ပျားတွေခမျာလည်း ရေထဲဆင်းသွားတဲ့ဘီလူးကို အတော်ကြာ ကြာထိမတွေ့ရတော့ အားလုံးတပ်ခေါက်ပြန် ကြတယ်။ အော်...ပြောဖို့မေ့နေတယ်။

ပျားတွေလိုပဲ ဘီလူးကို အသည်းအသန်ရှာနေတဲ့ လူတစ်ယောက်လည်းရှိသေး တယ်။ အဲဒါကတော့ သူကြီးဦးဖိုးထင်ပေ့ါ၊ သူ့သမီးမင်္ဂလာပွဲကို ဖျက်ရကောင်းလားဆိုပြီး ကျွတ်သွားတဲ့တောင်ရှည်ကိုတောင် ပြန်မဝတ်နိုင်ဘဲ နှစ်လုံးပြူးတစ်ကားကားနဲ့ ဘီလူးကို လိုက်ရှာနေတယ်။

ဒါပေမယ့် သူရှာနေတဲ့ ဘီလူးကိုမတွေ့ရပါဘူး။ တစ်ချို့ကပြောတော့ ဘီလူးရေဆို အဝတ်တွေနဲ့ ရွာအနောက်ပိုင်ဘက် ပြန်ပြေးသွားတာတွေ့ရသတဲ့၊ တချို့ကလည်းရွာတောင် ပိုင်း ထန်းတောထဲမှာ ထန်းရည်ထိုင်သောက်နေသတဲ့၊ ဒါပေမယ့် ဘယ်မှာမှ ဘီလူးကိုမတွေ့ ရပါဘူး။

ဘာလို့လည်းဆိုတော့ ရေကန်ထဲမှာထောင်နေတဲ့ ကျူရိုးတစ်ချောင်းကို သတိ မထားမိကြလို့ပါပဲ။

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



သူကြီးသမီး ခင်မှုန်ခများလည်း ဘီလူးကောင်းမှုကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့တစ်ခုလပ် ဖြစ်သွားရရှာတယ်လေ။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# စာရင်း

ဘီလူးလှဦးခါးသွေးနေပြီ…

ဘီလူးလှဦးခါးသွေးနေပြီဆိုတဲ့ သတင်းကို မြင်သာတစ်ရွာလုံး ဖိန့်ဖိန့်တုန် အောင်ကြာရတယ်။ ခါတိုင်းဆိုရင် ဒီသတင်းမျိုးကို ဘယ်သူမှ စိတ်ဝင်တစား မရှိကြပေမယ့် အခုတော့ တစ်ရွာလုံးသည်းသည်းလှုပ်အောင် စိတ်ဝင်စားနေကြတယ်။

ဒါကလည်း ဘီလူးလှဦး သွေးနေတဲ့ခါးကြောင့်ပဲ။

ဘီလူးလှဦးဆိုတဲ့ အကောင်ကလည်း အားလုံးသိကြတဲ့အတိုင်း တစ်ချိန်လုံးအရက်မူးပြီး အမြဲတမ်းမဟုတ်တာလုပ်ဖို့ ကြံစည်နေတဲ့ကောင်။ သူ့ကိုဆို မြင်ရွာတစ်ရွာလုံးက အော့ကျောလန်။ နောက်ပြီး ကလေးက အစ ခွေးအဆုံး ဘယ်သူမှကြောက်တာမဟုတ်ဘူးရယ်။ ဒါပေမယ့် အခုတော့ကြောက်နေကြရပြီ။

ဒါကလည်း ဘီလူးလှဦး သွေးနေတဲ့ခါးကြောင့်ပဲ။

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



သူသွေးနေတဲ့ဓါးက နယ်နယ်ရရဓါးတော့မဟုတ်ဘူး။ တကယ့် သမိုင်းဝင်ရာဇဝင် တွင်ခဲ့တဲ့ဓါး။

ဓါးနာမည်ကိုက အတုလွတ်ရန်ရှင်းဓါး…တဲ့။

ဒီဓါးကို သူ့အဖိုးကိုယ်တိုင် ဖိုဆွဲထုလုပ်ခဲ့တာ။ တကယ်သံမဏိ သားနဲ့ပြုလုပ်ထား တဲ့အပြင် သက်သက်လွတ်(၇) ရက်စား၊ အဓိဋ္ဌာန် သက်စေ့ဝင်ပြီး ရေအစားနဲ့သာရည်စိမ်ပြီး ထုလုပ်ခဲ့တယ်ဆိုပဲ။

ဓါးရဲ့အသွားကြီး လက်လေးသစ်ရှိတဲ့အပြင် ဓါးရွက်ပေါ်မှာ ဇာမဏီငှက်နှစ်ကောင် ခေါင်းချင်းဆိုင် အပြိုင်ခွပ်နေတဲ့ ပုံကိုပုံသွင်း ထုလုပ်ထားတယ်။ ဓါးရဲ့ အရိုးကို စန္ဒကူးသားအူတိုင်နဲ့ တပ်ဆင် ပြီး အဲဒီအပေါ်ကမှ ဘီလူးနှစ်ကောင်လက်ချင်းယှက် ဆောင့်ကြောင့်ထိုင် နေတဲ့ပုံကို ရေသန်ကျောက်နဲ့ *(ရေသန်ကျောက်ဆိုသည်မှာမူလအမဲရောင် ဖြစ်သော်လည်း နေရောင်နဲ့ကြည့်ပါက အနီရောင်သို့ ပြောင်းလဲသွား၏။ ထိုကျောက်ကိုဆောင်ထားပါက ကံကောင်းသည်ဟူ၍ အယူအစွဲရှိ၏။)* ပုံသွင်းစီခြယ်ထားသေးတယ်။ ဒါကြောင့် ဒီဓါးကိုကိုင်မိသူဟာ ဘီလူးတစ် ကောင်လို ဒါမှမဟုတ် ဒေါသကြီးတဲ့ ဇာမဏီငှက်လိုစိတ်မျိုး ဝင်သွား တတ်သတဲ့။

ဟုတ်လဲဟုတ်နိုင်တယ်။ဘာလို့လည်းဆိုတော့ ဒီဓားကိုကိုင်ဆောင် ခဲ့တဲ့လူတွေရဲ့ ရာဇဝင်ကလည်း မြင်သာရှာနဲ့ ရွာနီးချုပ်စပ်မှာ သူရဲ ကောင်းဆန်ဆန် ပုံပြင်တစ်ပုဒ်လို လူတွေပြောမဆုံးအောင် ကြုံဖူးကြလို့ပဲ။

ဒီဓါးကို ပထမဆုံးအသက်သွင်းခဲ့တဲ့ ဘီလူးလုဦးတို့အဘိုး ကိုယ် တိုင်ကိုက ကြည့်ပါလား၊ လူပုံက သေးသေးညှက်ညှက် ပျော့နွဲ့နွဲ့ရယ်။ ဒါပေမယ့် ဒီဓါးကိုကိုင်လိုက်ပြီဆို သရဲသဘက်စီးသွားလား အောက်မေ့



www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ တိုင်းတစ်ပါးသားတွေ ကျူးကျော်ဝင်ရောက် တုန်းကဆို ဘယ်သူမှမသွားရဲတဲ့ ရန်သူ့သတ်ကွင်းထဲ ဒီဓါးကိုလက်ကဆွဲပြီး မြင်းဒုန်းစိုင်းစီးဝင်သွားတာများ နတ်စစ်သည်တစ်ပါး လူယောင်ဖန်ဆင်းပြီး ဝင်တိုက်ခိုက်သလားတောင် အောက်မေ့ရတယ်။ ကျူးကျော်သူတွေ 'တိ'ခနဲ 'တိ' ခနဲ နေတဲ့အပြင် သူတို့ကိုင်ဆောင်ထားတဲ့ ယမ်းဖောက်သေနတ်တွေတောင် 'ထန်း'ခနဲ 'ထန်း' ခနဲ ပြတ်ထွက်ကုန်တာ၊ တော်ရုံ တန်ရုံ သွေးကြောင် တတ်တဲ့သူဆို ဒီဓါးကြီးမြင်တာနဲ့ ခြေကုန်သုပ်တော့တာ။ ဒါကြောင်း ကျူးကျော်သူတွေဆို မြင်သာရွာ နားရောက်ရင် ဒီအတုလွတ်ရန်ရှင်းဆိုတဲ့ ဓားကြီးနဲ့ ရင်မဆိုင်မိအောင် ရှောင်ရှားကြတယ်။ စစ်ပွဲပြီးသွားတာတောင် ကျူးကျော်သူတွေက ဒီဓားကိုတောင်း ကြည့်ပြီး အံ့သြတကြီး ရွှေဒင်္ဂါးပုံပေးပြီးတောင်ဝယ်သေးတယ်။ လုဦးတို့ အဘိုးက မရောင်းလို့။ ဒါတင်ပဲ လားဆိုတော့ ဘယ်ဟုတ်မလဲ။

ဘီလူးလုဦး၏အဖေ ဘိုးမြဘူးကြီးလက်ထက်မှာလည်း ကြည့်ပါလား။ မြင်သာရွာ နဲ့ ရွာနီးချုပ်စပ်မှာ သောင်းကျန်းနေတဲ့ ဓါးပြခေါင်းဆောင်ဦးသံသီးကို အမိန့်တော်ရ မင်း တွေတောင် နှိမ်နင်းလို့မရတဲ့အဆုံး ဘိုးမြဘူးကြီးဓါးဆွဲပြီး မြင်းတစ်ကောင်နဲ့တောထဲဝင် သွားတာ ဘာကြာတာလိုက်လို့။ နှစ်ရက်နဲ့ တစ်မွန်းတည့်လားပဲ။ သွေးစွန်းနေတဲ့ ဓါးကိုဆွဲပြီး မြင်းညိုကြီးစီးပြန်လာတာ။ အခုတွေးကြည့်ရင် အခုကြက်သီးထစရာ။ နောက်မှ ရွာသားတွေ တောထဲလိုက်ပြီး ဓါးပြခေါင်းဆောင် သံသီးအလောင်းကိုကောက်ပြီး နေပြည်တော်ကိုအပ်ခဲ့တာ။

အဲဒီတုန်းကမှတ်မိသေးတယ် နေပြည်တော်ကပေးတဲ့ဆုငွေနဲ့ (ဦးသံသီးကို အသေရရ အရှင်ရရ ထုတ်ထားတဲ့ဆုငွေ) ဘိုးမြဘူးကြီး



www.burmeseclassic.com

www.burmeseclassic.com



ထမင်းရည်ချောင်းစီး အလှူပွဲကြီး ပေးပြစ်တာ။ တစ်ရွာလုံးကိုမီးခိုးတိတ်ရော။

ဒီလိုအစဉ်လာကြီးတဲ့ခါးကို ဘီလူးလုဦးသွေးနေပြီတဲ့။ တစ်ရွာလုံးဖိန့်ဖိန့်မတုန်ခံ နိုင်ရိုးလား။

နောက်ပြီးဘီလူးလုဦးဆိုတဲ့ကောင်ကလည်း သိတယ်မဟုတ်လား။ မလုပ်ရင်အရှင်း ပဲ၊ လုပ်ရင်လည်း...

"တောက်"

ဘီလူးလုဦးရဲ့တောက်ခပ်သံနှင့်အတူ အတုလွတ်ရန်ရှင်းခါးကြီးဝှေ့ခနဲ လေထဲမြှောက်တက်သွားတာပဲ မြင်ရတယ်။ အတော်ကြာတော့မှ သူ့ဘေးနားက ငှက်ပျောပင်ကြီးခါးလယ်ကပြတ်ပြီး 'ဝုန်း' ခနဲ ပြိုကျလာတယ်။ ဘီလူးကိုယ်တိုင် ဘယ်အချိန်မှာ ခါးနဲ့ထိပြီး ဘယ်အချိန်မှာပြတ်ကျသွားတယ်ဆိုတာ သိလိုက်တာမဟုတ်ဘူး။ ဘီလူးလုဦးလန့်ခုန်မိပြီးမှ ကျေနပ်သလို ခါးကိုနေရောင်မှာ ထောင်ကြည့်လိုက်ပြီး ခါးသွေးကျောက်ပေါ် ရွှမ်းခနဲနေ အောင်ထပ်သွေးလိုက်တယ်။

အဲဒီအဖြစ်ကိုလည်းမြင်ရော ဘီလူးလုဦးရဲ့အမေ ဒေါ်တောကြီးရဲ့ ရှိုက်ကြီးတငင ငိုသံကို ကျယ်လောင်စွာကြားရတယ်။

"အောင်မလေးလုဦးရဲ့ နင်..နင်တကယ်လုပ်တော့မှာလား သားရဲ့..အောင်မလေး ဘိုမြဘူးရဲ့...ရှင့်သားလုပ်ရပ်ကို ရှင်မြင်စေချင်ရဲ့..မြင်စေချင်ရဲ့...မြင်စေချင်ရဲ့...ဟီး"

ဒေါ်တောကြီးရဲ့ အသံတွေက ဆို့နစ်တိမ်ဝင်သွားတယ်။ သူ့ရင်ဘတ်မှာ တစ်ခုခုဆို့ပိတ်ထားသလို ခန္ဓာကိုယ်တစ်ခုလုံး တုန်ရင်နေပြီး...ရှိုက်သံက ခပ်သဲ့သဲ့ပဲ ထွက်နေတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးလုဦးက သူ့အမေအဖြစ်ကိုကြည့်ပြီး…

"တိတ်စမ်းပါအစ်မ(အမေ)ရာ ဒီကောင်ဒုန်းပေရဲ့လုပ်ရပ်ကို ကျုပ်မခံချင်လွန်းလို့ ပါ။ တောက်‥ဒုန်းပေ‥ ဒုန်းပေ…တွေ့ကြသေးတာပေါ့…"

ဆိုပြီး ကြိတ်မနိုင်ခဲမရ အသံကြီးနဲ့ကြိမ်းဝါးပြီး ဓါးကို ဓါးသွေးကျောက်ပေါ် ရွှမ်းခနဲ တစ်ချက်ထပ်သွေးလိုက်တယ်။ ဓါးကြီးကတော့ မြသထက် မြလာပြီ…။

"သားရယ်‥စဉ်းစဉ်းစားစားလုပ်ပါဦး။ ဘာမှမဟုတ်တဲ့ အရက်ဆိုင်က ပြဿလေး နဲ့ ဒီဓား‥ဒီဓားကို မင်းမသုံးသင့်သေးပါဘူးကွယ်‥အဟင့်‥"

သူ့အမေ ဒေါ်တောရဲ့ငိုသံကြီးနဲ့ပြောလိုက်တဲ့စကားကို ဘီလူးပိုပြီး ဒေါသထွက် သွားပုံရတယ်။ ကိုင်ထားတဲ့ဓါးကို လေထဲ 'ဝှစ်ခနဲ' ယမ်းပြီး…

"ဒီဓါးနဲ့ ရှင်းမှတန်မှာမို့ ဒီဓါးနဲ့ရှင်းရတာပါ အစ်မရာ တောက်။ ကျွန်တော့်ကို မတားပါနဲ့"

"သားရယ်…ဒီဓါးနဲ့ရှင်းမယ်ဆိုရင်လည်း မင်းအဘိုးတို့ အဖေတို့ရဲ့ မျက်နှာကိုလည်း ပြန်မြင်ယောင်ကြည့်ပါဦး ကလေးရဲ့‥အဟင့်…။ ဒီဓားဟာ နယ်ချဲ့တွေ ဓါးပြတွေ ရဲ့သွေးကိုမှသောက်ခဲ့တဲ့ သမိုင်းဝင်ဓါးပါကွယ်။ အခုတော့ဘာမဟုတ်တဲ့ အကြောင်းကလေးနဲ့…၊ အောင်မလေး ကိုမြဘူးရယ်…ဒီအဖြစ်ကို ရှင်မြင်ရင်…ရှင်မြင်ရင် ဟီး…"

ဒေါ်တောရဲ့ တုန်ရင်ဆို့နစ်တဲ့ အသံကြောင့် ဘီလူးလုဦးမျက်နှာပိုပြီး ခက်ထန်သွားတယ်။ မျက်လုံးတွေကလည်း အပမှီသူတစ်ယောက်လို နီရဲတောက်ပြောင်နေတဲ့အပြင် မေးကျောကြီးတွေကလည်း သံချောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ချောင်းကို ထိုးထည့်ထားတဲ့အတိုင်းပဲ။ အပြင် ကိုကန်ထွက်လာမတတ် ထောင်လာလို့။ ဒေါ်တောကတော့ သူ့သားအဖြစ်ကိုရိပ်မိလို့ထင်တယ်။ ရှိုက်ကြီးတငင်ငိုပြီး…

"အီး…သားရဲ့‥မင်းတကယ်လုပ်တော့မယ်ဆိုရင်‥ဟင့်‥ကလေးရဲ့‥မင်း… အဘိုး…တို့‥အဖေတို့ရဲ့ ဟီး‥"

ဒေါ်တောကြီး အသံဆက်မထွက်လာတော့ဘူး။ ငိုသံတွေကသာ အဆက်မပြတ် ဖုံးလွှမ်းနေတယ်။

သူ့အမေရဲ့ ငိုသံကြားမှ ဘီလူးလုဦး ဆုံးဖြတ်ချက်ကို ပိုပြီး ပိုင်နိုင်စွာချလိုက်သလို နဲ့ ဓါးကိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး ဒူးထောက်ထိုင်ချလိုက်တယ်။ ပြီးတော့ ကောင်းကင်ကို အတော်ကြာကြာတွေ တွေကြီးစိုက်ကြည့်ပြီး…

"အဘိုးတို့ အဖေတို့ခင်ဗျား‥သားလုဦး ရှိသေစွာ သစ္စာတိုင်တည်အပ်ပါတယ်။ အဘိုးတို့အဖေတို့လက်နဲ့ နယ်ချဲ့ကျူးကျော်သူတွေ ဆိုးသွမ်းရမ်းကားခဲ့တဲ့ ခိုးသားဓါးပြတွေကို နှိမ်နင်းခဲ့တဲ့ အတုလွှတ်ရန်ရှင်း ဆိုတဲ့ ဒီသမိုင်းဝင်ဓါးကို သားတစ်ကြိမ်တစ်ခါ အသုံးပြုပါ ရစေ။ ဒီလို အသုံးပြုရတာလည်း သားရဲ့ဂုဏ်သိက္ခာ၊ အဖေတို့ အဘိုးတို့ရဲ့ ဂုဏ်သိက္ခာကို ကယ်တင်ချင်လို့ပါ။ အဘိုးတို့ အဖေတို့ ကောင်းရာဘုံကနေ သားရဲ့ လုပ်ရပ်အတွက် ဂုဏ်ယူ နိုင်ပါစေ…"

ဆိုပြီး တိုင်တည်လိုက်တယ်။ ပြီးတော့ ဓါးကို ဝင့်ခနဲမြှောက်ပြီး

"ဟော့ကောင်ဒိုးပေ မင်းနဲ့စာရင်းရှင်းဖို့ အတုလွှတ်ရန်ရှင်းဓါးနဲ့ ငါလာပြီး။ ဘီလူးတဲ့ ကွ…မဆိုင်သူမကပ်နဲ့"

လို့ ကြုံးဝါးပြီး ခြေလှမ်းကျဲကြီးနဲ့ ရွာလမ်းဘက်ထွက်ခွာသွားတယ်။

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



သူထွက်လာတာနဲ့ သူ့အမေဒေါ် တောရဲ့...

"အောင်မလေးသားရဲ့ မင်း တကယ်လုပ်တော့မှာလား"

ဆိုတဲ့အော်ဟစ်ငိုကြွေးသံကိုလည်း ကြားရတယ်။ ဒါပေမယ် ဘီလူးက စောင်းငဲ့ပင် မကြည့်ပါဘူး။

သိတယ်မဟုတ်လား။ ဘီလူးက မလုပ်ရင်အရှင်းပဲ၊ လုပ်ရင်လည်း...

အတုလွတ်ရန်ရှင်းဓားကြီးတယမ်းယမ်းနဲ့ ဘီလူးလှဦး ရွာထဲဝင်လာပြီဆိုတဲ့ သတင်းလည်းကြားရော တစ်ရွာလုံးလူရိပ်လူယောင် မပြောနဲ့ အသံတောင်မကြားရဘူး။ ခါတိုင်းရွာ ရိုးတစ်လျှောက်မိုင်းငင်နေတဲ့ မိန်းမတွေ၊ အဆော့မက်နေတဲ့ ကလေးတွေကအစ နှီးဖျာ၊ ဖျာယက်၊ ယာထဲဆင်းတဲ့လူအဆုံး တစ်နေ့တစ်မျိုးမရိုးရအောင်တွေ့နေရပေမယ့် ဒီအချိန် မှာခွေးတစ်ကောင်ကြောင်တစ်မြီးတောင် မတွေ့ရဘူး။ ဘီလူးလှဦးနဲ့ သူရဲ့လက်ထဲက ဓားကြီးက သူတစ်လှမ်းလှမ်းလိုက်တိုင်း နေရောင်ခြည်နဲ့ထိပြီး လက်ခနဲ လက်ခနဲ။

အမှန်တော့ ဒီပြဿနာက ရှင်းရှင်းလေးရယ်။ ဘီလူးက ဒုံးပေတို့ အရက်ဆိုင်မှာ အကြွေးတွေသောက်တယ်။ သောက်ပြီးတော့ တစ်ခါမှ ပြန်မဆပ်ဘူး။ နည်းတုန်းကတော့ ဒုံးပေကလည်း တစ်ရွာတထဲသား လည်း ဖြစ်၊ သူငယ်ချင်းလည်းဖြစ်တော့ မပြောဘူးပေါ့။ အခု သုံးဆယ့်ငါးကျပ် ကြီးများတောင် အကြွေးတင်ပြီဆိုတော့ မတောင်းလို့မဖြစ်တော့ဘူး။ ဒီကြားထဲ သူ့မိန်းမမိပဲကပါ ဘီလူးဆီမှာရင် အကြွေးမတောင်းသေးဘူး လားဆိုပြီး နားပူနားဆာလုပ်လာတော့ မတောင်းလို့မရတော့ဘူး။ မိပဲပြောလည်းပြောချင်စရာ။ ဘီလူးဆိုတဲ့ကောင်က အရက်တင်အကြွေး



www.burmeseclassic.com

www.burmeseclassic.com



သောက်တာမဟုတ်ဘူး။ သူတို့စားဖို့ ချက်ထားတဲ့ ဟင်းတွေ ကြွေးတွေ တောင် စွပ်ကယ်စွပ်ကယ် နှိုက်နှိုက်မြည်းတတ်သေးတာ။

တစ်ခါသား ဘုန်းကြီးဆွမ်းလောင်းဖို့ ဖယ်ထားတဲ့ ဆွမ်းခွက်ထဲက နှိုက်မြည်းလို့ မိပဲ မှာဆွေ့ဆွေ့ကိုခုန်ရော။ အဲဒီတုန်းက မပြောဖြစ်ပါဘူး မပြောတာလည်း အကြောင်းရှိ တယ်။

ဘီလူးနဲ့ဒုံးပေက ငယ်ငယ်လေးထဲက တစ်ယောက်ဂုတ်တစ် ယောက်ခွစီးပြီး အတူ တူကြီးလာတဲ့ငယ်ပေါင်း။ နောက်ပြီး ဒုံးပေနဲ့ မိပဲ အကြောင်းပါရတာကလည်း ဘီလူးက အောင်သွယ်ပေးလို့၊ နောက်ဆုံး မိဘတွေ သဘောမတူတဲ့ ကြားထဲကတောင် မိပဲကို ဒုံးပေလက်ထဲ ရောက် အောင် ခိုးပေးခဲ့တာ။ ဒါကြောင့် တော်ရုံတန်ရုံပြဿနာလောက်ဆို ဒုံးပေတို့လင် မယားက ဘီလူးကို ပစားပေးပြီးသား။ အခုတော့... အခုတော့...။

"တောက်"

တွေ့ကြသေးတာပေါ့ ဒုံးပေရာ၊ ကျုပ်မွေးထားတဲ့မျောက်က ကျုပ်ကိုပြန်ခြောက်တာ စဉ်းစားသာကြည့်ပေတော့၊ ဒုံးပေဆိုတဲ့ကောင် က အဖြစ်ရှိတဲ့ကောင် မဟုတ်ဘူးရယ်၊ ဟိုးငယ်ငယ်ကတည်းက ရန်ဖြစ် လိုက်တိုင်း ခံခံလာရလို့ ကျုပ်ကပဲ သူ့ရှေ့က မားမားရပ်ဖြေရှင်းပေးခဲ့ရ တာ။ အရွယ်ရောက်လာတော့ရော ဘာထူးလို့လဲ။ မိပဲကိုကြိုက်နေရက်နဲ့ ဖွင့်မပြောရဲလို့ ကျုပ်ပဲ သူ့ကိုယ်စား မိပဲကို ချစ်ခွင့်ပန်ခဲ့ရတာ။ ဒါတင်ပဲ လားဆိုတော့ ဘယ်ဟုတ်မတုန်း။ မိပဲက သူ့ကိုလာခိုးပါလို့ ဆိုတာကို တောင်မခိုးရဲလို့ဆိုတာနဲ့ ကျုပ်ကပဲ ထမီထုပ်ထမ်းပြီး ခိုးခဲ့ပေးရတာ။ အခုတော့...အခုတော့...။



www.burmeseclassic.com

www.burmeseclassic.com



“တောက်”

လူကြားလို့မှ မသင့်တော် သူပါးစပ်ကထွက် ထွက်တာ…။

“ဟော့ကောင် ဘီလူး…မင်းငါ့ဆိုင်ကို နောက်တစ်ခါ လုံးဝခြေဦး မလှည့်နဲ့။ ဘယ့်နှယ်… သောက်တော့အကြွေး၊ မြည်းတော့ အိုးစွပ်ခွက်စွပ်၊ တောင်းတော့လည်းမပေးဘူး။ မင်းလိုကောင်မျိုးနောက်ထပ် အကြွေးရောင်းဖို့ မပြောနဲ့ လက်ငင်းတောင် ပုလင်းသနားလို့ မရောင်းတော့ဘူး မှတ်ထား။ အေး‥အခုတင်နေတဲ့အကြွေးကိုလည်း မင်းလာရှင်းချင်ရှင်း၊ မရှင်းရင်လည်း မင်းအသုဘစရိတ်ပဲ”တဲ့…။

ကျုပ်ဘယ်လောက်ခံစားရမယ်ဆိုတာ စဉ်းစားသာကြည့်တော့။ တစ်သက်လုံး ကျုပ်ကို မော်မကြည့်ရဲတဲ့ကောင်က ကျုပ်ကို ဒီလိုပြောဝံ့တယ်လို့ တွေးကြည့်လိုက်တိုင်း ဒေါသထွက်စရာ…။

“တောက်” တွေကြသေးတာပေါ့ ဒုံးပေရာ။ မင်းကပဲ စွမ်းမလား။ ငါကပဲ စွမ်းမလားဆိုတာ။

ခြေတစ်လှမ်းလှမ်းလိုက်တိုင်း ထောင်းကနဲ ထောင်းကနဲ ထလာတဲ့ ဖုန်လုံးတွေကို ကြည့်လိုက်တာနဲ့ ဘီလူးဘယ်လောက်ဒေါသထွက်နေတယ်ဆိုတာ သိရတယ်။ နောက်ပြီး နီရဲပြီးအစိုးထွက်မတတ် ရူးတောက်နေတဲ့ သူ့မျက်လုံး၊ ကြောက်မက်ဖွယ်ကောင်းအောင် မဲ့ရှုံ့နေတဲ့ သူ့နှုတ်ခမ်းနဲ့ သူလက်လွှဲလိုက်တိုင်း နေရောင်နဲ့လက်ခနဲ လက်ခနဲဖြစ်နေတဲ့ အတုလွတ်ရန်ရှင်းဓါးကြီးကြောင့် ရွာထဲက လူတွေအားလုံး တံခါးတောင်‘ဟ’ မကြည့် ရဲကြဘူး။ မတော်တဆ ဘီလူးမြင်သွားရင် မင်းဘာကြည့်တာလဲဆိုပြီး အိမ်ပေါ်လာတက်ပိုင်းမှာ ကြောက်လို့ ဘီလူးဆိုတဲ့ ကောင်ကလည်းသိတဲ့အတိုင်း မထင်ရင် မထင်သလိုရယ်။နောက်ပြီး ဘီလူးကို



www.burmeseclassic.com

www.burmeseclassic.com



မကြောက်ဘူးထားဦး၊ အတုလွတ်ရန်ရှင်းခါးကြီးဆိုတဲ့ ဓားကိုကြောက်ရသေး၊ ဒီဓားရဲ့ ရာဇဝင်ကိုလည်း သိကြတာကိုး။ တစ်ချို့ဆို စပ်စပ်စုစုကလည်းသိချင်၊ ဓားကြီးကိုလည်းကြောက်တော့ အိမ်ထရံပေါက် ကလေးအသာဖြဲပြီး ရိုးတိုးရိပ်တိပ်မြင်ရုံလောက်ကြည့် ကြတယ်။ ဒါတောင်အသံထွက်ရဲတာမဟုတ်ဘူး။

ဘယ်သူတွေ ဘယ်လိုပဲဖြစ်နေနေ ဘီလူးကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး။ လှမ်း မြဲခြေလှမ်းလည်းမပျက်၊ ခါးကြီးကလည်း လက်ခနဲလက်ခနဲ နေတုန်း…။

ဒုံးပေတို့ အိမ်ရှေ့မှာ ဘီလူးရပ်လိုက်တယ်ဆိုရင်ပဲ ဒုံးပေမိန်းမ မိပဲရဲ့ ရှိုက်သံသဲ့သဲ့က အရင်ဆုံးထွက်လာတယ်။ နောက်ပြီး သူ့အမေငိုနေတာတွေတော့ ဘာမှန်း ညာမှန်းမသိ လိုက်ငိုတဲ့ ဒုံးပေရဲ့ အခါလည်သားငိုသံက စူးခနဲ ထွက်လာပြန်တယ်။

“ဟေ့ကောင် ဒုံးပေ ထွက်ခဲ့စမ်း”

ဘီလူးရဲ့ဒေါသကြီးအော်သံကြောင့် မိပဲနဲ့ သူ့ရဲ့ သားတော်မောင်ရဲ့ ငိုသံက ပိုပြီးကျယ် လောင်စွာကြားရတယ်။

“ဟေ့ကောင်ဒုံးပေ ထွက်ခဲ့လို့ပြောတာ မကြားဘူးလား‥”

အိမ်ပေါ်ကလှုပ်ရှားသံ တချို့ကြားရတယ်။ မိပဲနဲ့ သူ့သားကို အိမ်ထဲသွင်းခိုင်းတာဖြစ် မယ်။ ပြီးတော့အသံတွေပြန်တိတ်ဆိတ်သွားတယ်။ ခါတိုင်း အရက်လာရောက်သောက်သုံး သူတွေနဲ့ အမြဲတန်းစည်ကားနေတတ်တဲ့ သူတို့အိမ်ကွပ်ပြစ်မှာလည်း ဘယ်သူ့ကိုမှ မတွေ့ရဘူး။ ဘီလူးဒီနေ့ခါးကြီးနဲ့ဒီကိုလာမယ်ဆိုတာ သိလို့ ကြိုရှောင်နေကြတာဖြစ်မယ်။

“ဟေ့ကောင်ဒုံးပေ။ မင်းမထွက်လာရင် ငါတက်လာမှာနော်”



www.burmeseclassic.com

www.burmeseclassic.com



မိပဲရဲ့ ကြိတ်ပြီး ရှိုက်ငိုသံနှင့်အတူ…"မငိုပါနဲ့သားရယ် ကျွတ်ကျွတ်" ဆိုပြီးတိုးတိုးချော့နေသံကြားရတယ်။

"ဟော့ကောင် ဒိုးပေ မင်းထွက်လာမလား ငါတက်လာရမလား"

ဘီလူး အော်သံက ဒေါသပိုပြီး ကျယ်လောင်လာသလောက် ဒိုးပေတို့အိမ်က ချောက်ချားစရာကောင်းလောက်အောင် တိတ်ဆိတ်သွားတယ်။ "အေး…တစ်နှစ်သုံးရေလို့မှ မဆင်းလာရင် ငါတက်လာမယ်။ အဲ…ဒီတော့မှ ငါ့အဆိုး မဆိုနဲ့..ကဲ..စပြီ"

"တစ်"

မိပဲရဲ့ငိုရှိုက်သံက ခပ်တိုးတိုးအုပ်အုပ် ပျံ့ထွက်လာတယ်။

"နှစ်"

ဟီးခနဲငိုချလိုက်သံနှင့်အတူ ကလေးငယ်ရဲ့စူးစူးဝါးဝါး အော်ဟစ်သံကြားရတယ်။ သူတို့ရဲ့အသံကြောင့် တိတ်ဆိတ်နေတဲ့အိမ်ကလေးဟာ ရုတ်ချည်းအသုဘအိမ်တစ်အိမ်လို ငိုသံတွေဖုံးလွှမ်းသွားတယ်။

"သုံး"

ဘီလူးရဲ့ သုံးဆိုတဲ့ အော်သံအဆုံးမှာ အိမ်ကလေးရဲ့ တံခါးချောက် ခနဲပွင့်လာတယ်။ ပြီးတော့သွေးဆုတ်ဖြူဖွေးနေတဲ့ ဒိုးပေရဲ့ မျက်နှာအင်အားမဲ့စွာပေါ်လာတယ်။ နောက်တုံ့ရင်ချိန့်တဲ့ အသံနဲ့…

"ဘီ…ဘီလူး..ငါတောင်း တောင်းပန်ပါတယ်ကွာ… မင်း…မင်းနဲ့ ငါက သူငယ်ချင်း အရင်းတွေပါကွာ၊ ငါ ငါပြောမှား ဆိုမှားရှိရင်လည်း ခွင့်..ခွင့်လွှတ်ပါ…ကွာ"

ဒိုးပေရဲ့ တောင်းပန်စကားကို ဘီလူးကျယ်လောင်စွာ အော်ဟစ်ရယ်မောလိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ဟားဟား လူကြီးထိပ်ခေါက်ပြီးမှ ကန်တော့ပါရဲ့ လုပ်လို့ရမလား ကွ ဘီလူးတဲ့ကွနော်၊ ပြောနေကြတယ် ဟေ့ကောင်ဆင်းခဲ့ကွာ၊ ငါတက်လာရင် အားလုံးအကျိုးနည်းကုန်မှာနော်"

ဘီလူးရဲ့စကားကြောင့် ဒုံးပေပိုပြီး တုန်လှုပ်သွားတယ်။ ဘီလူးက လည်းအိမ်ပေါ်တက်လာတော့မယ့် ဟန်နဲ့ ခြေလှမ်းပြင်နေပြီ။

"သူ‥သူငယ်ခြင်း…ငါ…ငါ မင်းအကြွေး"

ဟေ့ကောင်…ကြာတယ်ကွာ…မင်းဆင်းလာမလား မလာဘူးလား၊မင်းနဲ့ ငါစာရင်းကို အိမ်ပေါ်တက်မရှင်းချင်ဘူးနော်"

ဒုံးပေမျက်နှာပိုပြီး ဖြူရော်သွားတယ်။ မျက်လုံးတွေကလည်း ကလယ် ကလယ်နဲ့ဘာလုပ်ရမှန်းမသိတဲ့ပုံမျိုး၊ ဘီလူးလှဦးကိုလည်း ရဲရဲ မကြည့်ရဲဘူး။ဘယ်ကြည့်ရဲမလဲ ဘီလူးလက်ထဲကိုင်ထားတဲ့ အတုလွတ်ရန် ရှင်း ဓားကြီးက နေရောင်ထိတိုင်း နီရဲပြီး တလက်လက်နဲ့ ကြက်သီးထ စရာကိုး၊ အတော်ကြာတော့မှ ဆုံးဖြတ်ချက်ကို အပိုင်အနိုင်ချလိုက်တဲ့ ပုံစံမျိုးနဲ့ ဝေ့တက်လာတဲ့ မျက်ရည်ကို လက်ခုံနဲ့ ခပ်ဖြေးဖြေးသုတ်လိုက် တယ်။ နောက် သူ့မိန်းမမိပဲကိုနောက်ဆုံးအနေနဲ့ကြည့်သလို တွေတွေကြီး ကြည့်ပြီး‥

"မိပဲ…ငါ…ငါသွားတော့မယ်၊ ငါ…ငါမရှိတဲ့နောက်ပိုင်း"

သူ့အသံတွေက တုန်ရင်ဆို့နစ်သွားတယ်။ သူ့မိန်းမမိပဲကလည်း အခါ လည်သား လေးကို ကျစ်ကျစ်ပါအောင်ပွေ့ဖက်ထားပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင်ဖြစ်နေ တယ်။ မျက်လုံးမှာလည်း မျက်ရည်တွေ စိုလို့၊ ဒုံးပေသူ့မိန်းမမိပဲကို ဆက်မကြည့်ရဲတော့ သလို မျက်နှာကိုလွှဲ လိုက်ပြီး…

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"ငါ့..ငါ့သားလေးကိုဂရုစိုက်ပါကွာ၊ ကံမကုန်ရင်တော့ သံသရာတစ်ကွေ့မှာ တို့ ပြန်ဆုံကြပါစို့ကွယ်နော်"

ဆိုပြီး ချာခနဲ လှည့်ပြီး တုန်ရင်ချိနဲ့စွာ အိမ်အောက်ဆင်းလိုက်တယ်ဆိုရင်ပဲ သူ့မိန်းမ မိပဲရဲ့... "အောင်မလေး ကိုဒိုးပေရဲ့...ရှင်...ရှင်တကယ်သွားတော့မှာလား..အောင်မလေး အကျိုးတော့နည်းပါပြီ ကိုဒိုးပေရဲ့"ဆိုတဲ့ အော်ဟစ်သံ ကျယ်ကျယ်လောင်လောင် ကြားရတယ်။

သူ့မိန်းမနဲ့ကလေးကို သံယောဇဉ်မပြတ်ဘဲ အိမ်ပေါ်မှာ ပေကပ်နေရင် ဘီလူးအိမ်ပေါ်တက်လာပြီး တက်ပိုင်းရင် သူ့မိန်းမရော သူသားပါ ကိုယ်ကျိုးနည်းကုန်မှာကိုး။ ဒါကြောင့် ဖြစ်ခြင်းဖြစ် သူတစ်ယောက်ထဲ အဖြစ်ခံမယ်ဆိုပြီး အရဲစွန့်ဆင်းလာခဲ့တယ်။ ကြောက်တာကလည်း တစ်ကိုယ်လုံးနတ်ကျသလို တဆတ်ဆတ်တုန်လို့။

အိမ်အောက်ကို ဖြည်းညှင်းလေးကန်စွာ ဆင်းလားတဲ့ဒိုးပေကို ကြည့်ပြီး ဘီလူးလှဦး သဘောကျသလို တဟားဟား အော်ဟစ်ရယ်မောလိုက်တယ်။

"ဟား ဟား ယောကျ်ားဆိုတာ ဒါမျိုးမှပေါ့ကွာ...ကိုယ်ကတောင်းရဲရင် ပြန်ပြီး တော့လည်းယူရဲရတယ်ကွ...ဟားဟား.."

ဒိုးပေကတော့ ဘာမှပြန်မပြောနိုင်လောက်အောင် တဆတ်ဆတ်တုန်နေတုန်းပဲ။ ဒူးတွေကလည်း ဆဂတ်ဂတ်တုန်နေတဲ့ အပြင် သွားချင်းရိုက်သံတောင် တခွပ်ခွပ်ကြားနေရတယ်။ သူ့ပုံက မတ်တတ်ရပ်နေတာတောင် မနည်းအားယူပြီး ရပ်နေရတဲ့ ပုံမျိုး။

"ဒီမှာဒိုးပေ..မင်းကိုငါ တရားနဲ့လည်းရှင်းပြီးပြီ စကားနဲ့လည်း ရှင်းပြီးပြီ၊ ဒီတစ်ခါ ဓါးနဲ့ရှင်းဖို့ပဲကျန်တော့တယ်"

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးရဲ့စကားကြောင့် ဒုံးပေပိုပြီးတော့ တုန်လှုပ်သွားပြီး...

"မ..မလုပ်ပါနဲ့..ဘီ...ဘီလူးရယ်..ဒီခါး..ဒီခါးနဲ့..."

"တိတ်စမ်း..."

စကား မဆုံးခင် ဘီလူးရဲ့အော်သံကြောင့် ဒုံးပေမျက်နှာ ပိုပြီး သွေးဆုပ်ဖြူရော်သွားတယ်။ ခြေထောက်တွေကလည်း ညွှတ်ခွေကျသွား မတတ် ယိုင်နဲ့သွားတယ်။ ဘီလူးက သူ့ကိုကြည့် ပြီး ကျေနပ်သလို ပြုံးလိုက် တယ်။ နောက်သူ့လက်မှာကိုင်ထားတဲ့ အတုလွှတ်ရန်ရှင်းခါးကို ဒုံးပေရဲ့ လည်မျိုကို ထောက်တင်လိုက်တယ်ဆိုရင်ပဲ...

"အောင်မလေးကိုလှဦးရဲ့ ဒုံးပေကိုမသတ်ပါနဲ့"

ဆိုတဲ့ အော်သံနဲ့အတူ မိပဲ အိမ်အောက်ပြေးဆင်းလာတယ်။ အနားတော့မကပ်ရဲ ဘူး။ ဘီလူးရဲ့ လက်ထဲက ခါးကိုကြောက်လို့ ခပ်ဝေးဝေးကပဲ ရှိုက်ငိုရင်း ငေးကြည့်နေရှာတယ်။

"ဟေ့ကောင်..ဒီခါးရဲ့ ရာဇဝင်ကို မင်းသိတယ်မဟုတ်လား"

ဘီလူးရဲ့ကျယ်လောင်တဲ့အမေးကို ဒုံးပေကြောက်လန့်တကြားနဲ့ ခေါင်းကို တဆတ်ဆတ်ငြိမ့်ပြီး...

"သိ..သိပါတယ်"

ဘီလူးကျေနပ်သလို ခနဲ့ပြုံး ပြုံးလိုက်တယ်။ ပြီးတော့မှ အသံကျယ် ကျယ်နဲ့...

"ငါ့အဘိုး ကျူးကျော်သူတွေကို တော်လှန်ခဲ့တာ"

ဘီလူးရဲ့အမေးကို ဒုံးပေအသံတုန်တုန်နဲ့...

"ဒီ...ဒီခါး"

"ငါ့အဖေ ခါးပြတွေကို ဆုံးမခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



''ဒီ..ဒီဓါး''

မိပဲရဲ့ ငိုသံက ပိုပြီးတော့ကျယ်လောင်လာတယ်။ ဘီလူးရဲ့မျက်နှာက လည်း ပိုပြီး ခက်ထန်လာတယ်။ ဒုံးပေရဲ့ ခန္ဓာကိုယ်ကလည်း ညွတ်ခွေကျ မတတ် ပို၍တုန်ရင်လာတယ်။ ဒုံးပေရဲ့သား အခါလည်သားရဲ့ အာခေါင် ခြစ်ငိုသံကလည်း ပိုပြီးကျက်ကျက်ဆူလာတယ်။

ဘီလူးမျက်နှာကို ကြောက်မက်ဖွယ်ရှုံ့မဲ့လိုက်ပြီး...

''ဟော့ကောင် ဒုံးပေ ဒီဓါးကိုမင်းတန်ဖိုးဖြတ်လို့ရမလား''

ဘီလူးရဲ့အော်သံကြောင့် ဒုံးပေကြောက်လွန်းလို့ သေးပါဖျန်းခနဲ ပါချသွားမတတ်ပဲ။ ပြီးတော့ခေါင်းတစ်ခါခါ လည်တစ်ခါခါနဲ့ တုန်ရင် စွာ...

''ဒီ..ဒီဓါးကို...တန်ဖိုးဖြတ်လို့မရ...မရပါဘူးကွာ''သွားပြီ ဒုံးပေရဲ့စကားကြောင့် ဘီလူးမျက်နှာ အပမှီသူတစ်ယောက်လို ပိုပြီးခက်ထန်သွားကာ...

''အေး..အဲဒီလိုတန်ဖိုးဖြတ်လို့မရတဲ့ဓါးနဲ့ မင်းကို...ဟော သည်လို...''ဘီလူးရဲ့စကားမဆုံးခင်မှာပဲ အတုလွန်ရန်ရှင်းဓါးကြီး လေထဲ မြောက်တက်သွား တယ်။ ပြီးတော့ ဒုံးပေခေါင်းပေါ်ကတစ်ဆင့် ...

'ဗိုးဒုတ်' ဆိုတဲ့အသံကိုကြားရတယ် ဆိုရင်ပဲ...

မိပဲဟာ...''အောင်မလေး သေပါပြီ...''ဆိုတဲ့ အော်သံနဲ့အတူ မေ့လဲသွားတယ်။

ဒုံးပေကတော့ ကြက်သေ သေသလို့ မျက်လုံးကိုမှိတ် အံကြိတ်ရပ် နေတုန်းပဲ။ ဓါးနဲ့သူ့ဇက်ကိုထိသွားလား မထိဘူးလား သူကိုယ် တိုင်တောင် သိပုံမရဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးကလည်း ကြောက်မက်ဖွယ်မျက်နှာကြီးနဲ့ စိုက်ကြည့်နေတုန်းပဲ။

သူတို့နှစ်ယောက်ကြား မြေကြီးထဲ တစ်ထွာလောက် စိုက်ဝင်နေတဲ့ ဓါးကြီးကသာဆတ်ဆတ်တုန်နေ လို့…

အတန်ကြာမှ ဘီလူးက သူ့ဓါးကြီးကိုဝေ့ကြည့်ပြီး…

"အေး ဒီလို တန်ဖိုးဖြတ်လို့မရတဲ့ အတုလွတ်ရန်ရှင်းဓါးကို မင်း အရက်ကြွေးသုံးဆယ့်ငါးကျပ်နဲ့ ပေါင်ထားလိုက်မယ်။ နောက်မင်းငါ့ကို အရက်ကြွေးနဲ့ ပတ်သက်ပြီး ဘာတစ်ခွန်းမှ မပြောနဲ့။ မင်းနဲ့ငါ့စာရင်း ရှင်းပြီး"

လို့ပြောပြီး ချာခနဲလှည့်ထွက်သွားတယ်။ ဒံ့ပေကတော့ တုန်ရင် ကြောက်ရွံ့ပြီး တုတ်တုတ်မှ မလှုပ်ရဲသေးဘူး။ ဒံ့ပေမိန်းမ မိပဲကတော့ သူ့ဘာသာအကြောက်လွန်ပြီး မေ့လဲနေတော့ သတိမရသေးဘူး။ ဘီလူး ကြွေးချေဖို့ အပေါင်ထားခဲ့တဲ့ အတုလွတ်ရန်ရှင်းဓားကြီးကလည်း မြေပြင်မှာ ဆတ်ဆတ်တုန်နေတုန်း…

ရွာလမ်းတစ်လျှောက် ဖုန်တစ်ထောင်းထောင်းထအောင် ခြေလှမ်းကျဲကြီးနဲ့ ရဲရဲ တင်းတင်းလျှောက်သွားတဲ့ လုဦးရဲ့ကျောပြင်ကြီးသာလှုပ်ရှားရဲ တင်းလို့။ အဲဒါကြောင့် ကျုပ်ပြောတာ…။

ဘီလူးဆိုတဲ့ကောင်က သိတယ်မဟုတ်လား။

မလုပ်ရင်အရှင်းပဲ၊ လုပ်ရင်လည်း………..

လုပ်ရင်းလည်း တလွဲချည်းပဲ။

× × ×

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဖမ်းရဲဖမ်းကြည့်

“ဘီလူးကွ မိုက်ပြီဆိုမှဖြင့် ကြခတ်ဆူးတောင် မြက်ပင်အမှတ်နဲ့ ချိုးတတ်တဲ့ကောင် နော်။ သတ္တိမရှိလို့ကတော့ ရေနွေးကြမ်းပဲသောက်နေမယ်။ သတ္တိရှိလို့ ထရေ (ထန်းရည်) သောက်လာတာကွ”

ကျယ်လောင်တဲ့အော်သံကြောင့် မြို့ထဲကနေ ရွာကိုခဏပြန်လာတဲ့ ဘဒွေး၊ သူကြီးတင်ကျွေးထားတဲ့ ငါးခြောက်ဖုတ်ဆီဆမ်းနဲ့ အဖန်ရေကို တောင်ဆက်မသွေးနိုင်ဘဲ ခေါင်းထောင်ထသွားတယ်။

“ဟဲ့..ဖိုးတူ၊ ရွာထဲကအော်သံကြားသလိုပဲ။ ဘာတဲ့..”

ဘဒွေးရဲ့အမေးကို သူကြီးဖိုးတူက...

“ဘီလူးလှဦး မူးပြီး သောင်းကျန်းနေတာပါဘဒွေး”

“ဘယ်သူ”

“ဘီလူးလှဦးလေဘဒွေး၊ ကိုမြဘူးကြီးသားလှဦးလေ”

“ဟဲ့ ..မြဘူးသားရွာထဲ ဒီလောက်သောင်းကျန်းနေတာ မင်း မထိန်းဘူးလား”

ဘဒွေးရဲ့စကားကို သူကြီးသက်ပြင်းချလိုက်ပြီး...

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော်လည်း တတ်နိုင်သလောက်ထိန်းပါတယ်ဘဒွေးရယ်၊ ဒါပေမယ် ဒီ ကောင်က...”

သူကြီး စကားကို ဘဒွေး စိတ်ဆိုးသွားပြီး....

“တော်စမ်း ကိုယ့်ရွာသားတစ်ယောက် ဒီလောက် သောင်းကျန်း နေတာကို မထိန်းနိုင်ရင် မင်းဘာသူကြီးလဲ ကွဟေ”

“မ...မဟုတ်”

“တိတ်စမ်း...တောက်..ရွာကို ကျက်သရေတုံးရော”

ဘဒွေးပြောရင်း ဒေါသထွက်လာပုံရတယ်။ မျက်နှာကြီး နီရဲခက်ထန်လာတယ်။ ဘဒွေးကိုကြည့်ပြီး တစ်ချားလူမပြောနဲ့ မြို့ပိုင်မင်းရဲ့ ရှေ့ခါးဆုရဆိုတဲ့ သူကြီးတောင်တုတ် တုတ်မလှုပ်ရဲ့တော့ဘူး။ ဘဒွေးဆို တာကလည်း သိတယ်မဟုတ်လား၊ စိတ်ကမြန်သလို လက်ကလည်း မြန် တယ်။ ဒါတောင်အခု အသက်ကြီးသွားလို့ စိတ်လျော့သွားတယ်။ ငယ် တုန်းကဆို ဘယ်လွယ်မလဲ၊ ရွာထဲ ဒီလိုအော်ဆဲဖို့ မပြောနဲ့၊ ဘဒွေးကြီး ရှိနေတယ်ဟော့ဆိုရင် ဘယ်သူမှ စကားတောင် ကျယ်ကျယ်ပြောရဲတာ မဟုတ်ဘူးရယ်။ နောက်ပြီး ဘဒွေးကလူမှန်၊ မဟုတ်တာလဲ မလုပ်တတ် ဘူး။ အေး...မှန်ပြီဆိုလို့ကတော့ တုန်းတိုက်တိုက် ကျားကိုက်ကိုက် ပဲ။

တစ်ခါသား မြင်းကဒပ်ရွာသားတွေ သူတို့မြင်သာရွာကကောင် မလေးတစ်ယောက် ကို ထန်းရည်မူးပြီး လက်ဆွဲလို့ဆိုလား၊ ပြဿနာဖြစ် တော့ ဘဒွေးတစ်ယောက်ထဲရယ်။ မီး တုတ်ကြီးဆွဲပြီး မြင်းကဒပ်ရွာထဲဝင် သွားတာ လားလား၊ မြင်းကဒပ်တစ်ရွာလုံးကို ဝတ်ကျသွားပါရောလား၊ ရွာကျောင်းဆရာတော် ထွက်လာပြီး မေတ္တာရပ်ခံမှ ကျေအေးသွားတာ။ နို့မဟုတ်ရင် မြင်းကဒပ်တစ်ရွားလုံးပြာပုံဖြစ်သွားလောက်ရောပေါ့။ ဘဒွေး



www.burmeseclassic.com

www.burmeseclassic.com



က အဲသည်လိုလူမျိုးရယ်၊ နောက်ပြီး ရိုက်ကြပုတ်ကြပေ့ဆို လက်ကမြန် ပြီးသား။ ထစ်ခနဲပေ့ဆို ဘဒွေးလုပ်ပြီးနေပြီ။ ဖြောင်းခနဲဆို မကြည့်နဲ့ ဟိုလူသွေးဖြာနေပြီ။ အခု အသက်(၇၀) ကျော်နေတာတောင် တစ်ယောက် ချင်း နပန်းသတ်မလား၊ ငှက်ပျောအကာသားနဲ့ ယှဉ်ရိုက်မလား၊ တော်ရုံ တန်ရုံ သန်မာတယ်ဆိုတဲ့ လူများ ဘဒွေးရိုက်ချက်အောက်ပြာခနဲနေ တာ။ ဒီလို လူမျိုးရောက်လာတဲ့ အချိန်မှာ ဒီလို အသံမျိုးကြားရတယ်ဆို တော့ စဉ်းစားသာကြည့်တော့။

"ဟေ့··တစ်ရွာလုံးသတ္တိမရှိကြတော့ဘူးလား။ ဘီလူးတဲ့ကွနော် ဘယ်သူ့မှ လူထင်တာရယ်မဟုတ်ဘူး"

နောက်ထပ်ကျယ်လောင်တဲ့ အသံကြောင့် ဘဒွေးဒေါသ ထွက်သွားတယ်။

"ဟေ့ကောင် ဖိုးတူ၊ ဒီကောင့်ကို မင်းမဆုံးမဘူးလား။ မင်းမဆုံးမရင် ငါထွက်ဆုံး မလိုက်ရမလား"

ဘဒွေးရဲ့စကားကြောင့် သူကြီးပြာပြာသလဲဖြစ်သွားပြီး···

"မ··မလုပ်ပါနဲ့ဘဒွေး ဒီကောင်ဒီလိုသောင်းကျန်းနေတာ သူ့မှာ အကြံအစည် တစ်ခုခုရှိလို့ဖြစ်မယ်"

"ဘာကွ"

"ဟုတ်တယ်ဘဒွေး··ဒီကောင်ဒီလိုသောင်းကျန်းနေတာ သူ့မှာ အကြံအစည်တစ်ခုခုရှိလို့ဖြစ်မယ်။ မရှိလို့ကတော့ ဒီဘီလူးလုဦးဆိုတဲ့ကောင် ဒီလိုမဟုတ်ဘူး··"

"ဘာအကြံစည်လဲ"

သူကြီးသက်ပြင်းကို ခပ်မှျင်းမှျင်းချလိုက်ပြီး··



www.burmeseclassic.com

www.burmeseclassic.com



"အခုအကြံအစည်ကတော့ ကျွန်တော်လည်းမသိဘူးပေါ့ ဘဒွေး ရယ်၊ ဒါပေမယ့် တစ်ခါသားကတော့"

မြင်သာရွာက ရွာဦးကျောင်းစေတီ ဘုရားပွဲဖြစ်တုန်းကပေါ့။ ရွာ ဘုရားပွဲဆိုတဲ့ အတိုင်းစည်လိုက်တဲ့အမျိုး။ ရွာနီးချုပ်စပ်ကလာတဲ့ လူည်း တွေနဲ့ကို ဘုရားပွဲကွင်းပြည့်လျှံနေတယ်။ မြင်သာရွာက အပျိုကလေးတွေ ဆိုနေမည်ခြင်ကတည်းက နံ့သာတွေလူး၊ ကွမ်းသွေးတွေချယ်ပြီး ဆွမ်းအုပ် ကလေးတွေပိုက်လို့ လမ်းသလားနေကြပြီ။

တစ်နှစ်တစ်ခါဖြစ်တဲ့ပွဲကို...ကာလသားများကတော့ပြော မနေနဲ့။ အဖိတ်နေ့ (ဘုရားပွဲမဖြစ်ခင်တစ်ရက်အလို) ညကတည်းက အလှူပွဲအတွက်ဆွမ်းချက်ကြရင်း လယ် ပိုင်ရှင် ဦးဘမှန်တိုက်တဲ့ အရက် သောက်ပြီး ဒေါင်ချာစိုင်းနေလိုက်ကြတာ။ ဒါပေမယ် မူး ပြီးမသောင်း ကျန်းရဲဘူး။ သောင်းကျန်းတာနဲ့ ကျန်တဲ့ကာလသားတွေက ဝိုင်းဖမ်းပြီး၊ သူကြီး အိမ်အောက်က ထိပ်တုံးဆီပို့ကြတာပဲ။ အခုပဲကြည့်လေ မောင်ကောင်းနဲ့ ငပိန်(သူခိုးငပိန်) အချင်းချင်းစကားများကြလို့ စံနမူနာပြ အနေနဲ့တဲ့ သူကြီးထိပ်တုံးဆီပို့ထားပြီးပြီ။ နှစ်ယောက် လုံးကိုဘုရားပွဲပြီးမှ သူကြီးကပြန်လွှတ်မတဲ့။ သူတို့နှစ်ယောက်ကို သူကြီးဖမ်းချုပ်ထားလိုက် တာတစ်ရွာလုံးကျေနပ်တယ်။ ဘာလို့လဲဆိုတော့ ဒီနှစ်ယောက်လုံးဟာ ဘုရားပွဲဖြစ်တိုင်း နှစ်စဉ်း အစဉ်လာမပျက် ခိုက်ရန်ဖြစ်ကြာတာကိုး။ တစ်ရွာသားနဲ့ဖြစ်ရင်ဖြစ် မဖြစ်ရင်း ကိုယ့် ရွာသားအချင်းချင်း အနည်းဆုံးထိုးကြိ ကြိတ်ကြတော့ဖြစ်တာပဲ။ ဒါကြောင့် သူတို့နှစ်ယောက် သူကြီးက ဒီလို စောစောစီးစီးထိန်းသိမ်းထားတဲ့အတွက် တစ်ရွာလုံးက ဝမ်းသာကြတယ်။ ဘုရားပွဲကို သူတို့မရှိမှ ပြဿနာမရှိပဲ ကျင်းပလို့ရမှာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ် သူတို့ကို ဒီလို စောစောစီးစီး ဖမ်းလိုက်တဲ့အတွက် မကျေနပ်တဲ့လူ တစ်ယောက်ရှိတယ်။ သူက သိတယ်မဟုတ်လား...။

"တောက်"

ဘီလူးလုဦးရဲ့တောက်ခတ်သံက ကျယ်လောင်သလောက်၊ ဒေါသနဲ့စူးရှပြင်းထန် နေတယ်။ မျက်လုံးအစုံကလည်း နီရဲပြီး အံကြိတ်ထားလိုက်ပုံများ သွားအချင်းချင်းခတ်တဲ့ အသံတောင် တဂျစ်ဂျစ်နဲ့ကြားနေရတယ်။ သူ့ကိုကြည့်ပြီး အင်္ကျီဗလာကျင်းနဲ့ ကျွဲကြီးကတောင် လန့်ဖျပ်ပြီး အနောက်ကို နည်းနည်းယို့လိုက်တယ်။ ပြီးတော့ သူ့လူကိုကြည့်ပြီး စိတ်ပျက်လက်ပျက်နဲ့...

"ကျွတ်..သိပ်လဲ ခံစားမနေပါနဲ့ ဘီလူးရာ။ သူတို့ သောင်းကျန်းလို့ သူတို့ အဖမ်းခံရတာကိုက ဘာများတတ်နိုင်မှာမို့လဲ ငါတို့ပါရောပြီး အဖမ်းမခံရတာ ကံကောင်းတယ်မှတ်"

ကျွဲကြီးရဲ့ စကားကို ဘီလူးက မြေပြင်ကို ဖနောင့်နဲ့ ဖုန်းခနဲပေါက်ပြီး...

"ဘာလို့မတတ်နိုင်ရမှာလဲကွ၊ဘာလိုမတတ်နိုင်ရမှာလဲ၊ ဘီလူးတဲ့ကွနော်.. ဘီလူး မတတ်နိုင်တာ လူမပြောနဲ့ ထန်းပင်တောင်မရှိဘူးမှတ်ထား..."ဆိုပြီးကြိမ်းဝါးလိုက်တယ်။ ပြီးမှ ကြိတ်မနိုင်ခဲမရအသံကြီးနဲ့...

"တောက်..ဒီနှစ်ဘုရားပွဲ တို့သူငယ်ချင်းလေးယောက် ပျော်ပျော်ပါးပါး ဆင်နွှဲမယ်လို့ ရည်ရွယ်ထားကာမှကွာ"

ကျွဲကြီးမျက်နှာရှုံ့မဲ့လိုက်တယ်။ ပြီးတော့ ဦးခေါင်းကို ဖြည်းညင်းစွာခါယမ်းလိုက် ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာပြော မနေပါနဲ့ တော့ကွာ၊ ကိုယ်လည်း ကယ်တင်လို့ ရတော့တာမှ မဟုတ်တာ"

ကျွဲကြီးရဲ့ စကားကြောင့် ဘီလူးမြေပြင်ကို ဖုန်းခနဲ နေအောင်ထပ် ပေါက်လိုက်တယ်။

"ဘာလို့ကယ်တင်လို့မရ..ရမှာလဲကွ၊ ဘီလူးတဲ့ကွနော် ဟားဟား။ ဘီလူးတို့ ကြံရင် သူကြီး ထိပ်တုံးလောက် မပြောနဲ့ သူကြီးကတော်ရဲ့ ခေါင်းတောင် ဘိုကေတကက်ထိုးပစ်လို့ရတယ် မှတ်ထား...ဟားဟားဟား"

ဘီလူးလှဦး သူ့စကားကိုသူ ပြန်ပြီးသဘောကျသလို ဟက်ဟက်ပက် ပက် အော်ဟစ်ရယ်မောလိုက်တယ်။ ကျွဲကြီးက သူ့ကို တအံ့တသြကြည့် ပြီး...

"ဒါဆို မင်းကဘယ်လိုလုပ်မှာလည်း"

"အလွယ်လေးပါကွာ မင်းသာငါ့ကို ထန်းရည်အဝတိုက်၊ နေ မစောင်းခင် ဒီကောင်နှစ်ယောက်လုံး ထိပ်တုံးအပြင် ပြန်ရောက်လာရစေမယ်"

ကျွဲကြီးအံ့အားသင့်သွားသလို မျက်လုံးကြီးပြူးပြီး...

"မင်း..မင်းထန်းရည်သောက်ပြီး ဘယ်လိုလုပ်မှာလဲ"

ကျွဲကြီးရဲ့ အမေးကို ဘီလူးရှည်ရှည်ဝေးဝေး ရှင်းပြမနေတော့ဘဲ

"ကြည့်လေ...မကြာခင်မင်းသိရမှာပေါ့။ မောင်ကောင်းနဲ့ငပိန် တင်မဟုတ်ဘူး သူကြီးသမီးခင်မှုန်ပါ အိမ်အပြင်ရောက်လာစေရမယ်"

ထန်းရည်ရှစ်မြူကုန်ပြီးတဲ့အထိ ဘီလူးလှဦးထိုင်ရာ မထဘဲ အံကြိတ်သောက်နေတုန်း။ ခါတိုင်းဆို ထန်းရည်သောက်ပြီးရင် ဆီးက ရှင်တော့ တစ်မြူလောက်သောက်ပြီး တစ်ခါလောက် အပေါ့သွားတတ် တဲ့ကောင်၊ ဒီတစ်ခါ ထူးထူးခြားခြား ထန်းရည် ရှစ်မြူကုတ်တဲ့ အထိ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာက တုတ်တုတ်တောင် မလှုပ်ဘူး။ သူ့ရှေ့မှာထိုင်နေတဲ့ ကျွဲကြီးကို လည်း စကားဟဟ ပြောတာရယ်လည်း မဟုတ်ဘူး။ ထန်းရည်ကိုသာ တစ်ခွက်ပြီး တစ်ခွက်၊ တဂွပ်ဂွပ်နဲ့ သောက်နေတာ။

ဒီလိုနဲ့ ထန်းရည်ဆယ့်တစ်မြူလည်းကျရော ဘီလူးလုဦးထိုင်ရမလို ထရမလို ဖြစ်လာတယ်။ ဘာကြောင့်ရယ်မသိဘူး။ မျက်နှာကြီးကလည်း နီရဲရှုံ့မဲ့ပြီး အံတကြိတ်ကြိတ်ဖြစ်လာတယ်။ မူးတာကလည်း ပြောမနေနဲ့ တော့။ ကိုရင်ကြက်ပု ထန်းရည်ကို ဒီလိုဆယ့်တစ်လုံးသောက်ဖို့ မပြောနဲ့ သုံးလေးမြူကုန်အောင်သောက်နိုင်သူကို ခပ်ရှားရှားရယ်။ အခုဆယ့် တစ်မြူကုန်ပြီးဆိုတော့ ဒေါင်ချာစိုင်းပြီဆိုတာ ပြောစရာ လိုမယ်မထင်ဘူး။ ဒီလိုပုံမျိုးနဲ့ သူကြီးအိမ်မှာ အချုပ်ခံထားရတဲ့ မောင်ကောင်းနဲ့ ငပိန်ကို သွားကယ်ဖို့မပြောနဲ့ ကိုယ်တိုင် မတ်တတ်ရပ်နိုင်ဖို့ အခွင့်အရေးတောင် ခပ်ရှားရှား။ ဘီလူးကတော့မလျှော့သေးဘူး။ ထန်းရည်ကို မျက်နှာကြီး ရှုံ့မဲ့ အံကြိတ်သောက်နေတုန်း။

ကြာလာတော့ သူ့ကို ထန်းရည်တိုက်နေတဲ့ ကျွဲကြီးကတောင် သိပ် ပြီး မသင်္ကာချင်တော့ဘူး။ ဘီလူးလုဦး အောင်နိုင်နတ်ဝင်သွားတာလား။ *(အောင်နိုင်နတ်ဆိုတာမှာ ထန်းရည်အလွန်အမင်းကြိုက်နှစ်သက်သော နတ်ဟုအယူအစွဲရှိ၏)* ဒါမှမဟုတ် သူငယ်ချင်းတွေကို ကယ်တင်မယ် အကြောင်းပြပြီး သူ့ဆီက ထန်းရည်ညာသောက်နေတာလား။ သူစဉ်း စားလို့ မဆုံးခင်မှာ ဘီလူးလုဦး 'အေ့ခနဲ' လေတက်လိုက်သည်။ ပြီးတော့ သူ့ခါးကြီး လိမ်ထားတဲ့ အလုံးမည်းမည်းသုံး လုံးကို ပါးစပ်ထဲပစ်ထည့် လိုက်ပြီး တဂျွတ်ဂျွတ်ဝါးလိုက်တယ်။ နောက် လက်ကျန် ထန်းရည်ခွက်ကို ဂွပ်ခနဲ နေအောင် သောက်ချလိုက်တယ်။ ကျွဲကြီးကတော့ အံ့အားသင့်လို့



www.burmeseclassic.com

www.burmeseclassic.com



မဆုံးဖြစ်နေတုန်း။ ခါတိုင်းဆို ထန်းရည်သောက်ရင် ပဲကြီးလှော်တောင် မဝါး တတ်တဲ့ကောင်က အခု ဘာစိတ်ကူးတွေ ပေါက်ပြီး တွေ့ကရာ ဝါးနေ တယ်ရယ်ပေါ့။

"ကဲ..သွားကြရအောင်..ဟိုကောင်တွေကို ကယ်တင်ဖို့ လက် နက်ကတော့ ပြည့်စုံပြီ"

"ဟင်..မင်းဒီအတိုင်းသွားမယ်"

ကွဲကြီးတအံ့တသြ အမေးကို ဘီလူးက မျက်နှာကို ရှုံ့မဲ့နေရာက...

"အေးလေ..ဒီအတိုင်းသွားမှာပေါ့၊ ဟော့ကောင် ငါ့ကို လာတွဲစမ်း၊ ဒီကောင်တွေဆီ မြန်မြန်ရောက်မှ ဖြစ်မယ်"

ဆိုပြီး အတင်းထဖို့ ကြိုးစားနေတယ်။ ဒါပေမယ့် သူ့တစ်ယောက် ထဲဆိုရင် ထတောင်ရပ်နိုင်တော့တာရယ် မဟုတ်ဘူး။မူးတာ ကလည်း ဇက်ကြီးလိမ်နေပြီ။ နောက်ပြီး တစ်ခုခုကို ချုပ်ထိန်းထားပုံရတယ်၊ မျက်နှာကြီးကလည်း မြင်မကောင်းအောင် ရှုံ့မဲ့လို့။ သူ့အခြေ အနေကို ရိပ်မိတဲ့ ကွဲကြီးက သူ့ကိုချိုင်း(ဂျိုင်း)ကနေဆွဲပြီးမတင် လိုက်ပြီး၊

"ဟော့ကောင် မဖြစ်လောက်ဘူးနော်... ဒီအခြေအနေအတိုင်းသွား ရင် ဟိုကောင်တွေကို ကယ်ဖို့မပြောနဲ့ တို့ပါ ထိပ်တုံးထဲ တန်းခနဲနေမှာ"

ကွဲကြီးစကားကို ဘီလူးကဒေါသထွက်ပြီး...

"တိတ်စမ်း..လောကမှာ ဘီလူးကို ဖမ်းရဲတဲ့ကောင်တစ် ယောက်မှ မရှိဘူး။ ဖမ်းရဲ ဖမ်းကြည့် ငါ့အကြောင်းကောင်းကောင်းသိ သွားမယ်။ ဘီလူးတဲ့ ကွ ဟားဟား ငါတဲ့ ဘီလူးနော်"

ဆိုပြီးယိုင်တိုင်ယိုင်တိုင်နဲ့ ရွာဘက်လှည့်သွားတယ်။ ကွဲကြီးကတော့ ကြောက်လန့် တကြားနဲ့ သူ့ချိုင်းကနေ ဆွဲနေတုန်း။

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် ရွာထဲဝင်လာတော့ ရွာသားတွေအားလုံးက ရိပ်မိနေကြတယ်။ မကြာခင် သူကြီးထိပ်တုံးစာမိတော့မယ်ဆိုတာ။ ကျွဲကြီးကတော့ ဒါကိုသိနေတယ်။ ဒါကြောင့် သူ့ခင်မျာ ဒူးတွေတုန်ပြီး မျက်စေ့မျက်နှာပျက်နေတာ။ ဘီလူးလှဦးကတော့ ခပ်တည်တည်ပဲ။ ကျွဲကြီးကို အလိုက်သင့်လေး ဖက်ထားပြီး…

"ဟေ့ကောင် ဘာမှမကြောက်နဲ့၊ ဒီရွာမှာ ငါ့ကိုဖမ်းရဲတဲ့ကောင် တစ်ယောက်မှ မရှိဘူး။ သတ္တိရှိရင်ဖမ်းကြည့်စမ်း၊ ငါ့အကြောင်း သိသွားမယ် ဘီလူးတဲ့ကွ"

ဆိုပြီး တစ်လမ်းလုံး တွေ့ကရာလူ ကြိမ်းမောင်းလာတယ်။ မျက်နှာကတော့ မြင်မကောင်း ရှုမကောင်းလောက်အောင် ရှုံ့မဲ့လို့။

သူကြီးအိမ်နားရောက်တော့ ကျွဲကြီးပိုကြောက်လာပြီး…

"ဟေ့ကောင်ဘီလူး ရှေ့မှာသူကြီးအိမ်ပဲနော်…တိုပြန်ကြရင် ကောင်းမယ်"

ကျွဲကြီးရဲ့စကားကို ဘီလူးဒေါသထွက်သလိုနဲ့ မြေကြီးကို ဖနောင့်နဲ့ ဖုန်းခနဲပေါက် လိုက်ပြီး…

"ဘာလို့ပြန်ရမှာလဲကွ၊ အဲဒီသူကြီးဆိုတဲ့ လူနဲ့ တွေ့ချင်နေတာ‥ ငါ့ကိုဖမ်းရဲဖမ်း ကြည့်စမ်း၊ ငါ့အကြောင်းကောင်းကောင်းသိသွားမယ်၊ ဟေ့ ဘီလူးတဲ့ကွ၊ မိုက်ပြီးဆိုမှဖြင့် ကြခတ်ဆူးပင် မြင်ပင်အမှတ်နဲ့ ချိုးလာတဲ့ကောင်ကွ၊ ဘယ်ကောင်မှ ဂရုစိုက်တာရယ် မဟုတ်ဘူး၊ ဖမ်းရဲတဲ့ကောင် လာဖမ်းလှည့်စမ်း။ နောင်တကို ကောင်း ကောင်းရသွားစေမယ်။ ဘီလူးတဲ့ကွနော်၊ ငါတဲ့ဘီလူး"

သူ့ရဲ့အော်သံကြောင့် အိမ်ထဲမှာ ပုတီးစိပ်နေတဲ့သူကြီး အိမ်အပြင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ထွက်ကြည့်တယ်။ သူကြီးကိုလည်း မြင်ရော ကျွဲကြီး ကြောက်ဒူးတွေ တုန်ပြီး ဆက်မနေရဲတော့ဘူး။ ဒါကြောင့် ဘီလူးလှဦးကို ချိုင်းက 'မ' ထားရာက လွှတ်ပြီး…

"ဟေ့ကောင် မင်းနေရဲရင် နေခဲ့ ငါတော့ လစ်ပြီ"

ဆိုပြီး ရွာတောင်ပိုင်းဘက် သုပ်ခြေတင်ထွက်ပြေးသွားတယ်။ ဘီလူးကတော့ သူ့ကိုယ်သူ လဲမကျအောင် အနိုင်နိုင်ထိန်းရင်း..

"ဘာလို့မနေရဲရမှာလဲကွ၊ ငါ့ကို ဒီသူကြီးကများ ဖမ်းရဲ မယ်ထင်လား၊ ဖမ်းရဲဖမ်းကြည့်စမ်း၊ ငါ့အကြောင်းကောင်းကောင်းသိ သွားမယ်။ ဘီလူးတဲ့ကွနော် ဟားဟား"

သူ့စကားလဲကြားရော သူကြီးခံ့ပြင်ထွက်လာပြီး…

"ဟေ့ကောင်လှဦး မင်းမူးနေရင် အေးအေးဆေးဆေးအိမ်ပြန် အိပ်၊ ငါ့အိမ်ရှေ့ကျက်သရေမရှိ အော်ကြီးဟစ်ကျယ်လုပ်မနေနဲ့"

သူကြီးစကားကို ဘီလူးက ဂရုမစိုက်သလို တဟားဟား ရယ် ရင်း…

"ဟားဟား..ကိုယ့်ပါးစပ်နဲ့ကိုအော်တာပဲဗျ။ သူကြီးပါးစပ် ငှားအော်တာမှ မဟုတ်တာ။ ဘာဖြစ်လဲ အော်တယ်ဗျာ။ ဟေ့ သတ္တိရှိတဲ့ ကောင် ဖမ်းကြစမ်း ဘီလူးတဲ့ကွ၊ ဟားဟားဟား သတ္တိ မရှိရင်တော့ ပုတီးသာ စိပ်နေဟားဟား"

ဘီလူးစကားကြောင့် သူကြီး ရှူးရှူးရှားရှားဖြစ်သွားပြီး…

"ဟေ့ကောင် မင်းလွန်လာပြီနော် ငါပုတီးစိပ်နေချိန်မို့နော်၊ နို့မဟုတ်ရင် မင်းမလွယ်ဘူးမှတ်"

"ဘာဖြစ်လဲလွန်တယ်ဗျာ။ ဟေ့ဘီလူးတဲ့ကွ၊ ဒီလို ပုတီးစိပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တရားချလို့ရတဲ့ ကောင်များမှတ်နေလား။ ဟားဟား သတ္တိရှိလို့ သူကြီးအိမ် ရှေ့လာအော်နေတာကွ ဟားဟား"

ဘီလူးစကားလည်း ကြားရော သူကြီး အကြီးအကျယ်ဒေါသထွက်သွားပြီး...

"ဟာ..ဒီလောက်ဖြစ်တဲ့ကောင်...ကဲကွာ"

ဆိုပြီး ဘီလူးလုဦးရဲ့ နားရင်းကို 'ဖုန်းခနဲ'အုပ်ပြီး ဂုတ်ကနေ ဒရွတ်တိုက်ဆွဲသွားတယ်။ ဒါ တောင် ဘီလူးကအရယ်မပျက်ဘူး။

"ဟားဟား..ခင်ဗျားကကျုပ်ကိုဖမ်းတယ်ပေါ့။ ဟားဟား။ မကြာခင်ကျုပ်အကြောင်းသိစေရမယ်။ ဘီလူးတဲ့ကွနော်..ငါတဲ့ဘီလူး ဟားဟားဟား"

ဆိုပြီး ဟက်ဟက်ပက်ပက်ရယ်နေသေးတယ်။ သူကြီးလည်း သူ့အိမ်အောက်မှာ ဆောက်ထားတဲ့ ဝက်ခြံ(အချုပ်ခန်း)လဲရောက်ရာ ဘီလူးဖင်ကိုဖုန်းခနဲကန်ပြီး ဂုတ်ကမပြီး ဝက်ခြံထဲပစ်ထည့်လိုက်တယ်။ ပြီးတော့ဝက်ခြံကို ဂျိုင်းခနဲပိတ်လိုက်တယ်။ ဘီလူးလုဦးရဲ့ ရယ်သံကတော့ ဝက်ခြံထဲကကြားနေရတုန်း။

"ဟားဟား..မောင်ကောင်းနဲ့ငပိန်တို့ပါလား၊ ဘာမှမပူနဲ့ မင်းတို့ မကြာခင် လွတ်ကို လွတ်စေရမယ်။ဘီလူးတဲ့ကွ.. ကိုင်းကွာငါ့ကိုဖမ်းဦး မှတ်ပါလား"

ဆိုပြီး အော်သံနဲ့အတူ မိုးခြိမ်းသံလိုလို နဲ့မှုတ်သံလိုလို အသံတွေ အချုပ်ခန်းထဲက ကြားရတယ်။ ဝုန်းဝုန်းဒိုင်းဒိုင်းလည်းမဖြစ်ဘူး၊ ဘီလူး လုဦးဘာလုပ်နေမှန်းလည်း မသိဘူး။ ရယ်သံတွေနဲ့ မသဲမကွဲပဲကိုး။ သူကြီးကတော့ဂရုမစိုက်ဘူး၊ ဒါမျိုးတွေရိုးနေပြီကိုး။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ အိမ်ရှေ့မှာပုတီးစိတ်နေတဲ့ သူကြီးနှာရင်းထဲ ညှီစို့စို့ အနံ့တစ်ခု တိုးဝင်လာတယ်။

သူကြီးအနီးနားဝေ့ကြည့်လိုက်တယ်။ အနီးနားမှာလည်း ဘာမှ မတွေ့ရဘူး။ ခွေး သေပုပ်များလား၊ ဒါမှမဟုတ် ထမင်းသိုး ဟင်းသိုးအနံ့ လား၊ အနံ့ကပိုဆိုးလာတယ်။

သူကြီးနှာခေါင်းရှုံ့ချည် တွချည်လုပ်ပြီး အနံ့ခံကြည့်လိုက်တယ်။ မဟုတ်ဘူး။ ဒါထန်းရည်ချဉ်နံ့၊ သူလည်းငယ်ရာကကြီးလာတာဆိုတော့ ဒီအနံ့ကိုကောင်းကောင်းကျက်မိတယ်။ အနံ့က ရုတ်ချည်းစူးစူးဝါးဝါး ဟောင်တက်လာပြန်တယ်။

"အဖေရေ ဘာနံ့တုန်းတော့ နံလွန်းပါ့တော်။ အောက် ဝက်ခြံ မှာလည်း ဘယ်သူဝင်ပြီး နှဲမှုတ်နေတာတုန်း တဂွီဂွီ တပီပီနဲ့"

သူကြီးသမီးခင်မှုန်တောင် အိမ်ပေါ်မှာမနေနိုင်တော့ပဲ နှာခေါင်း ကလေးပိတ်ပြီး အိမ်ရှေ့ပြေးထွက်လာတယ်။ ဒါကိုပဲ အချုပ်ခန်းထဲ ရောက်နေတဲ့ ဘီလူးလှဦးက အခွင့် ကောင်းယူပြီး...

"မောင်ကြီးပါနှမရယ်၊မောင်ကြီးပါ။ မင်းအဖေလူမိုက်ကြီးကို ဆုံးမ ချင်လွန်းလို့ လုပ် ရတာပါ။ ကဲ..မှတ်ပလား။ နောက်ဖမ်းဦးမလားကဲ ကွာ..ကဲ"စတဲ့အော်သံတွေနဲ့အတူ ထိပ်တုံးအခပ်ခံနေရတဲ့ မောင် ကောင်းနဲ့ ငပိန်တို့ရဲ့ အသံပါ ဆူဆူညံညံဖြစ်လာတယ်။

"ဟ..ဟော့ကောင်..တော်တော့လေ...ဟဟ..ငါကိုပေတော့ မယ်..သူကြီး သူကြီး ဒီမှာလုပ်ပါဦး"

"လုပ်ကြပါဦး ဒီမှာဘီလူး ဘီလူးဟာ...ဟော့ကောင် ဟိုဘက်ရွှေ့ ပါဟ ဟိုဘက်တိုးပါ...ငါ့ကို စင်ကုန်ပြီ"စသဖြင့် အော်သံတွေကြား



www.burmeseclassic.com

www.burmeseclassic.com



တော့ သူကြီးလဲစိုးရိမ်သွားတယ်။ ဘီလူးလှဦး မောင်ကောင်းနဲ့ ငပိန်ကို အချုပ်ထဲဝင်ပြီး လည်ပင်းညှစ်နေလား၊ တံတောင်နဲ့များထောင်းနေသလားပေါ့။ ဘီလူးကတော့ ဝမ်းသာအားရ တဟားဟားရယ်နေတုန်း။

"သူကြီးရေ ကယ်ပါဦးဗျ..ကိုယ်ကျိုးတော့နည်းပါပြီ။ ဟော့ကောင်တော်ပါတော့ ဆိုကွာ"

"သူကြီး သူကြီးအောင်မလေး သူကြီးရဲ့ ဒီကောင့်ကိုမှ အချုပ်ထဲထည့်ရတယ်လို့ ဗျာ။ ကယ်ကြပါဦးဗျို့..."

စတဲ့အော်သံတွေကြားတော့ သူကြီးလည်း မနေနိုင်တော့ဘူး။ ဒါနဲ့ အချုပ်ခန်းတံခါးကို ပြေးဖွင့်လိုက်တဲ့ အခါ။

"ဟင်"

ဟောင်ထွက်နေတဲ့ အနံ့အသက်တွေနဲ့ အတူ မြင်ရတဲ့မြင်ကွင်းကြောင့် သူကြီးကြက် သေသေသွားတယ်။ ပြီးတော့ ယောင်ပြီး အချုပ်ခန်းကို ပြန်ပိတ်လိုက်မိတယ်။

"သူကြီး သူကြီးဖွင့်ပါဗျ"

"သူကြီး... သူကြီးကယ်ပါဦး"

မောင်ကောင်းနဲ့ငပိန် ကြောက်လန့်တကြားအော်သံကြောင့် သူကြီးယောင်ပြီး တံခါးကိုဖွင့်ပေးလိုက်တယ်။ ပြီးတော့ အချုပ်ခန်း တစ်ခုလုံးကို သူအံ့သြတကြီး ဝေ့ကြည့်လိုက်တော့...သူမြင်လိုက်ရတာက...။

"ဝမ်း"ဝမ်းတွေ...။

ဘီလူးသွားတဲ့ ဝမ်းတွေက အချုပ်ခန်းတစ်ခုလုံးပလားနေတဲ့ အပြင် ထိပ်တုံး မှာပါပေရေနေပြီ။ ဘယ်လောက်ထိများလဲဆိုရင် မောင်ကောင်းနဲ့ငပိန်တောင် ခြေထောက် ထိပ်တုံးခပ်ထားရတဲ့ကြားထဲ သူတို့ဆီစီး



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ဝမ်းတွေကို မထိနိုင်အောင် လက်ကလေး ထောက်ပြီး ဖင်ကလေး ကြွထားရတယ်။

ဒါတောင် ဘီလူးက ရပ်သေတာရယ်မဟုတ်ဘူး။ ဘယ်ရပ်မလဲ ထန်းရည်ချည်းပဲ ဆယ့်တစ်လုံးသောက်လာတဲ့အပြင် ဝမ်းနှုတ်ဆေးပါ သုံးလုံးစားလားသေးတာကိုး။ သူကတော့ ပျော်ပျော်ကြီး အော်ပြီး ပန်းနေတုန်း။

"အဲဒါနဲ့ အဲဒီသုံးယောက်လုံးလွှတ်ပေးလိုက်ရတဲ့အပြင် လူဆယ်ယောက်လောက် ရေပိုင်းလောင်းတာတောင် နှစ်ရက်လောက်အိမ်ပေါ် မတက်နိုင်ဘူး ဘဒွေး"

သူကြီးစကားကို ဘဒွေးပိုပြီး မကျေမနပ်ဖြစ်သွားပြီး...။

"တော်စမ်းဖိုးထင်၊ တစ်ခါတစ်လေ အကြောင်းတိုက်ဆိုင်ရုံနဲ့ ဒီကောင့်ကို ဒီလိုလွှတ် ထားရမယ်ဆို နောင်လာနောင်သားတွေ အမှတ်မှားကုန်တော့မပေါ့။ မင်းမထိန်းနိုင်ရင် ငါထိန်းပြမယ်။ ဘဒွေးတဲ့ကွ...ရမ်းပြီဆို ကြခတ်ဆူးပင် ဘိုးတင်ထမ်းခဲ့တဲ့ကောင်ကွ"

ဆိုပြီး တောင်ရှည်ကိုပြင်ဝတ်ပြီး ရွာလမ်းဘက်ထွက်သွားတာ သူကြီးတားချိန်တောင်မရလိုက်ဘူး။

သိတယ် မဟုတ်လား။ ဘဒွေးက စိတ်မြန်သလောက် လူလဲမြန်တယ်။ သူကြီးကိုပဲ အနောက်ကမနည်းလိုက်ယူရတယ်။ ဘဒွေးကတော့ သူကြီးကိုတောင် လှည့်မကြည့်ဘူး။ ခြေလှမ်းကျဲကြီးနဲ့ အရှေ့ဦးဆောင် လျှောက်သွားနေတုန်း။

ရွာလမ်းတစ်လျှောက် ယိုင်တိယိုတိုင်လျှောက်လာတဲ့ ဘီလူးတို့အုပ်စုကိုလည်းမြင်ရော ဘဒွေးခါးထောက်ရပ်လိုက်တယ်။ သူကြီး



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဘဒွေးနောက်က အသာလေးရို့ ပြီးရပ်လိုက်တယ်။ ဘဒွေးနဲ့တော့ ဘယ်ရင်ဘောင်တန်းရပ်ရဲမလဲ။

"ဟော့ကောင် လှဦး"

ဘဒွေးရဲ့အော်သံက ကျယ်လောင်သလောက် ဒေါသနဲ့ပြင်းထန်နေတယ်။ ဘဒွေး ရဲ့အော်သံကြောင့် ဘီလူးလှဦးတို့အဖွဲ့ လှမ်းနေတဲ့ ခြေလှမ်းတွေ ရပ်တန့်သွားတယ်။ အဲဒီ အော်သံကြောင့်ပဲ ရွာသားအားလုံး ပွဲကြီးပွဲကောင်းတော့ ကြည့်ရပြီအမှတ်နဲ့ တစ်ယောက်စ နှစ်ယောက်စက နေ ဝိုင်းအုံလာကြတယ်။ သိတယ်မဟုတ်လား၊ ဘဒွေးက မလုပ်ရင် မလုပ်ဘူး၊ လုပ်ရင်လည်း…။

ရွာသားတွေရဲ့စိတ်ထဲမှာတော့ ဒီတစ်ခါတော့ ဘီလူးလှဦးတို့အဖွဲ့ နာပြီ။ အနည်းဆုံး ထိပ်ကွဲ ခေါင်းပြဲလောက်တော့ မြင်ရမယ်ဆိုတာ ကြိုသိနေကြတယ်။

ဘီလူးတို့အဖွဲ့ကလည်း ပေရပ်နေကြတုန်း။ သူတို့မူးလည်း မူးနေကြတဲ့အပြင် ဘဒွေး ကိုလည်း မတွေ့တာကြာတော့ ရုတ်တရက် မှတ်မိပုံမရဘူး။ တော်တော်ကြာမှ မောင်ကောင်း သူ့ဘေးက ကျွဲကြီးနဲ့ ငပိန်ကိုလက်တို့ပြီး…

"ဟော့ကောင် ဘဒွေးကြီးဟ"

ဆိုပြီးသုပ်သုပ် သုပ်သုပ်နဲ့ သုံးယောက်သား တစ်ယောက်လက်တစ်ယောက်ဆုပ် ပြီး ထွက်ပြေးသွားကြတယ်။ ဘဒွေးတို့ကိုတော့ သူတို့ဘယ်ရင်ဆိုင်ရဲမလဲ။ ဟုတ်တယ်လေ၊ သူတို့ပေပြီးဆက်ရပ်နေရင် ဘဒွေးလက်နဲ့ အနည်းဆုံး နှစ်ချက်သုံးချက်လောက်တော့ အတီး ခံရမှာ သေချာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးလုဦးကတော့ ခပ်တည်တည်နဲ့ ရပ်နေတုန်း…

"ဟော့ကောင်လုဦး မင်းဒီကိုလာခဲ့စမ်း"

ဘဒွေးရဲ့ခေါ်သံကို လုဦးဂရုမစိုက်သလိုနဲ့။

"ဘာလို့လာရမှာလည်း၊ ခင်ဗျားက ကျုပ်ကြီးတော် ယောက်ျားမို့လား မလာနိုင်ဘူး"

ဘီလူးလုဦးရဲ့ ဆတ်ဆတ်ထိမခံစကားကို ရွာသားတွေအားလုံးက

"ဟယ်..ဘဒွေးကိုပြန်ပြောရဲတယ်"

"ဒီကောင်တော့ မလွယ်လောက်ဘူး"

"ဘဒွေးလက်နဲ့ကတော့ သေချာပြီး"

စသဖြင့် ဆူညံသွားကြတယ်။ ဘဒွေးကလည်း ရွာသားတွေ ရှေ့မှာ ဒီလိုမလောက် လေးမလောက်စားကောင် ပြန်အပြောခံလိုက်ရတော့ ပိုလို့ဒေါသထွက်သွားပြီး…

"ဟော့ကောင် မင်းကြီးတော်ယောက်ျားမဟုတ်ဘူး၊ ဘဒွေးကွ ဘဒွေး"

ဘဒွေးဆိုတဲ့ အသံလည်းကြားရော ဘီလူးလုဦးမျက်လုံးပြူးကျယ်သွားတယ်၊ ပြီးတော့မှ သတိဝင်သွားသလိုနဲ့…

"အောင်မလေး ဘဒွေးရဲ့"

ဆိုပြီး ဘဒွေးဆီပြေးဝင်သွားတယ်။ ပြီးတော့ ဘဒွေးခြေရင်း ဆောင့်ကြောင့်ထိုင်ပြီး ခြေသလုံးဖက်ထားသလိုနဲ့ ဘဒွေးရဲ့လုံချည်ကို ကျစ်ကျစ်ပါအောင် ဆွဲထားတယ်။ ပြီးတော့ ငိုသံဝဲကြီးနဲ့…

"အောင်မလေးဘဒွေးရဲ့၊ ဘဒွေးနဲ့မှ တွေ့ရလေခြင်း၊ ဘဒွေးမှ မဆုံးမရင် ကျွန်တော် ဘယ်လိုမှ လိမ္မာတော့မှာ မဟုတ်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဘဒွေးရဲ့ဟီး··အီး··''လို့ငိုပြီး ဘဒွေးရဲ့လုံချည်ကို ကျစ်ကျစ်ပါအောင် ဆွဲထားတယ်။ ဘဒွေးကလည်း သူ့လုံချည်ကို လှဦးအတင်းဆွဲထားတော့ ခါးကကျွတ်မကျအောင် ခါးပုံစကို အတင်းပြန်ဆွဲ ထားလိုက်ရတယ်။ ရွာသားတွေရဲ့စိတ်ထဲမှာတော့ ဘီလူးလှဦး ဘဒွေးနဲ့တွေ့တော့ ကျွတ် သွားပြီး။ ခုတော့ ဘာတတ်နိုင်သေးလဲထင်နေကြတာပေါ့။ ဒါပေမယ့် တယ်ဖြစ်နေတာက···။

''ဟော့ကောင် လုံချည်ကိုလွှတ်ကွာ၊ ငါ··ကျွတ်ကျတော့မယ်။ ဘဒွေးရဲ့စကားကို ဘီလူးကလည်း လုံချည်လွှတ်မပေးဘဲ အားရပါး ရငိုပြီး···။

''မလွှတ်ပါရစေနဲ့ ဘဒွေး···ဟီး···ဘဒွေးမှ မဆုံးမရင် ကျွန်တော်မလွှတ်ပါရစေနဲ့ ဘဒွေးရဲ့··ဟဲ့ဟဲ့···ကျွန်တော့်ကိုဆုံးမပါ ဘဒွေးရဲ့··ဟီး''

ဆိုပြီး ငိုလည်းငို လုံချည်ကိုလည်းဆွဲထားသေးတယ်။ သူတို့ကိုဝိုင်း ကြည့်နေကြတဲ့ ရွာသားတွေစိတ်ထဲမှာတော့ ဘီလူးလှဦးဘဒွေးလက်ကို ကြောက်လို့ ခြေသလုံးဖက်ငိုနေပြီးလို့ မှတ်နေကြပြီ၊ ဘဒွေးရဲ့တောင် ရှည်ကတော့ ခါးမှတဆင့် တင်ပါးပေါ်လျှောကျနေပြီ။ ဒါကိုတော့ ဘယ်သူမှ မသိကြဘူး။ ဘဒွေးအင်္ကျီနဲ့ ဖုံးနေတဲ့အပြင် ဘီလူးလှဦး က လည်း အမူအယာကောင်းတာကို···။

''အောင်မလေးဘဒွေးရဲ့ ဘဒွေးတူ လှဦးဆိုတဲ့ လူမိုက်ကို ရိုက်ပုတ် ပြီးတော့ ဖြစ်ဖြစ်ဆုံးမပါ ဘဒွေးရဲ့ ဟီး''ဆိုပြီး ဘဒွေးရဲ့ လုံချည်ကို သူ့လက်နဲ့ တဆတ်ဆတ်ခါရင်း ဆွဲချွတ်တယ်။ ဘဒွေး ကလည်း လူတွေ သိကုန်မှာစိုးတာနဲ့ အသံကိုအတတ်နိုင်ဆုံးနှိမ့်ပြီး ကပျာကယာနဲ့။



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ကောင် လွှတ်ပါဆိုကွာ၊ မင်းလုပ်တာနဲ့ ငါကျွတ်တော့မယ်၊ မလုပ်နဲ့‥။ ဟား‥ဟော့ကောင်…”ဆိုပြီး တောင်းပန်နေရတယ်။ ဘီလူးလှဦးကလည်း အလျှော့မပေးဘူး။ လုံချည်ကို သူ့လက်နဲ့ တဆတ်ဆတ်ဆွဲခါချွတ်ချရင်း…။

“မလွှတ်ပါရစေနဲ့ဘဒွေးရဲ့‥ဟီး‥ဘဒွေးလက်နဲ့ တစ်ချက်လောက် အရိုက်မခံရမချင်း မလွှတ်ပါရစေနဲ့…အဟင့်၊ ဟီး‥တစ်ချက်လောက်တော့ ခပ်ဆတ်ဆတ်လေး ရိုက်လိုက်ရင် ကျွန်တော်လူကောင်းဖြစ်မသွားဘူးလား အဘရဲ့ ဟင့်‥ဟီး…”

ဆိုပြီးတော့ တောင်ရှည်ကို တဆတ်ဆတ်ခါဆွဲရင်း ငိုငိုပြီးပြောနေတယ်။ ကြာလာ တော့ ဘဒွေးကလည်း စိတ်ဆတ်သူပီပီ…။

“အာ‥ဒီလောက်ပြောရခက်တဲ့ကောင်…ကဲကွာ”

ဆိုပြီး ဘီလူးလှဦးရဲ့ နားရင်းကို ‘ဖုန်း’ ခနဲနေအောင် အုပ်လိုက်တယ်ဆိုရင်ပဲ ဘီလူးလှဦးက…

“အောင်မလေး ကြောက်ပါပြီဘဒွေးရဲ့”

လို့အော်ပြီး ဘဒွေးရဲ့တောင်ရှည်ကို ဆတ်ခနဲဆွဲချွတ်ပြီး ငိုရင်းနဲ့ သုတ်ခြေတင် ပြေးထွက်သွားတယ်။

ရွာသားအားလုံးလည်း အခုမှ အခြေနေမှန်ကို သိသွားပြီး အံ့အားသင့်သွားကြတယ်။ ဘဒွေးလုံချည်ကို လှဦးယူသွားပြီ။

ဘဒွေးရတ်တရက်ကြောင်သွားပြီး လုံချည်ကျွတ်ကြီးနဲ့ လှဦးနောက်ပြေးလိုက်ရ နိုးနိုး၊ ရပ်နေရနိုးနိုးဖြစ်နေပြီ၊ နောက်ဆုံးတော့ လုံချည်မရှိတော့တဲ့ ဟင်းလင်းပြင်ကို အင်္ကျီ ကလေးနဲ့ဖုံးပြီး လူပုံအလည် ထိုင်ချလိုက်ရတယ်။

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှ သူကြီးပြာပြာသလဲ ပြေးလာပြီး သူ့ခေါင်းမှာပေါင်းထားတဲ့ ပတ်ပေါင်း ကို ကမန်းကတန်းဖြုတ်ပြီး ဘဒွေးကိုလှမ်းပေးလိုက်တယ်။ ဘဒွေးက ပတ်ပေါင်းကို အလျင်အမြန်လှမ်းယူလိုက်ပြီး လှမ်းအုပ်ထားလိုက်တယ်။

သူတို့နှစ်ယောက်ကို ကြည့်ပြီး ရွာသားတွေ ဝါးခနဲပွဲကျသွားတယ်။

"အဲဒါကြောင့်ပြောတာ

"ဘီလူးလှဦး ဒီလို လာသောင်းကျန်းနေတာ အကြောင်းရှိပါတယ်လို့…"

× × × ×

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်

"ကာလပျက်ပြီ"

ကာလပျက်ပြီဆိုတဲ့ စကားကို ဘယ်သူစတင်တီထွင်လိုက်တယ်ရယ်တော့ မသိဘူး။ အဲဒီခေတ် အဲဒီအချိန်က လူတိုင်းရဲ့ဖျားမှ သီးနေအောင်ကြားရတယ်။ နောက်··ကာလ ကလည်း တကယ်ကိုပျက်ခဲ့ပြီလေ။

အင်္ဂလိပ်လူမျိုးတွေဟာ အောက်မြန်မာပြည်ကတဆင့် မြန်မာတစ်နိုင်ငံလုံးကို သိမ်း ပိုက်ပြီး···ဘဝရှင်မင်းတရားကြီးကို နန်းချလို့ အချုပ်သားအဖြစ်၊ သူတို့နိုင်ငံဘက်ကို ခေါ် ဆောင်သွားခဲ့ပြီတဲ့။ ကြားရတာစိတ်မချမ်းသားစရာ။

အမှန်ဆို မြင်သာရွာကလေးကတော့ ဒီသတင်းတွေနဲ့ လားလားမှ မသက်ဆိုင်သလို နေလို့ရပါတယ်။ ဘာလို့လဲဆိုတော့ ဘဝရှင်မင်းတရားကြီးဆိုတာ ဘယ်သူမှမျက်ဝါးထင်ထင် တွေ့မြင်ဖူးကြတာရယ် မဟုတ်ဘူး။

ဘယ်လောက်ထိလည်းဆို ရွာမှာအုပ်ချုပ်တဲ့ ရွာပိုင်သူကြီးတောင်



www.burmeseclassic.com

www.burmeseclassic.com



မှ မြို့ဝန်၊ အိမ် တော်ဝန် စသည်ဖြင့် လောက်သာ အလွန်ဆုံးတွေ့မြင်ဖူးတာ။ ပြည့်ရှင်ဘုရင်ကြီး ဆိုတာကြီးရဲ့ ကိုယ်အနံ့တောင်ခံဘူး တာ မဟုတ်ဘူးရယ်။ ဘဝရှင်မင်းတရားကို မမြင်ဖူးတာကလည်း သိပ်တော့ အပြစ်မရှိပါဘူး။ ရွှေနန်းကတောင်းတဲ့ အခွန်တုတ် မှန်မှန်ပေး၊ လက်ဆောင်ပဏ္ဏာ မှန်မှန်ဆက်သနေတော့ မြင်သာရွာကလေးကို ပြည့်ရှင်မင်း မပြောနဲ့ ဘယ်ဝန်မင်း၊ ဘယ်အ တွင်းဝန်ကမှာလာတာမဟုတ်ဘူးရယ်။ ဒါကြောင့်ဘာအန္တရာယ်မှမရှိ၊ ဘာအရှုတ်အရှင်းမှ မရှိဘဲ ကိုယ့်ဖာသာကိုယ်လယ်ထွန်ကိုင်းလုပ်ပြီး အေးအေးချမ်းချမ်းနေလို့ရတာပေါ့။

အဲ ဒါပေသည့် အခုတော့ အေးအေးချမ်းချမ်းနေလို့ မရတော့ဘူးလေ၊ ဒါကလည်း ကိုယ်မြန်မာအမျိုးသားတွေကြောင့် မဟုတ်ဘဲ ကိုယ့်မြေကို ကျူးကျော်စော်ကားဝင်ရောက်လာတဲ့ အင်္ဂလိပ်ဆိုတဲ့ တိုင်းတစ်ပါးသားတွေ ကြောင့်ပဲ။

အင်္ဂလိပ်တွေဟာ ကိုယ်မြေကို ကျူးကျော်ဝင်ရောက်ရုံသာ မကမြန်မာပြည်တနံ့တလျားမှာ ရွာသိမ် ရွာမွှားတွေကအစ ဖြတ်သန်းသွားလာပြီး သူတို့ ဖြတ်သန်းသွားတဲ့ ရွာတွေကိုဖျက်၊ ကျွဲ နွားတွေကိုသတ်ပြီး သားပျို သမီးပျိုလေးတွေကိုပါ ခြေတော်တင်တတ်ကြသတဲ့။

ဒီကြားထဲ အရွယ်ကောင်းကောင်း ယောကျာ်းသားများတွေ့ရင်ချွေးတပ်အနေနဲ့ ဆွဲသွားတတ်ကြသတဲ့။ ချွေးတပ်ထဲပါသွားလို့ကတော့ သေရင်သေ၊ မသေရင်တောင် အိုနာကျိုးကန်းဘဝရောက်ပြီးမှတ်။ အဲဒီသတင်းတွေကြောင့် အင်္ဂလိပ်တွေဖြတ်သန်းသွား လာမယ့်လို့ သတင်းရတဲ့ရွာကလူတွေဟာ ကိုယ်တစ်သက်လုံးနေသားကျလာတဲ့ရွာကို ပစ်ပြီးလွတ်ကင်းရာကိုပြောင်းရွှေ့နေရသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်းကြည့်လေ။

အင်္ဂလိပ်တွေကို မြင်သာရွာကို ဖြတ်သွားမယ်လို့ သတင်းလည်းရရော အကုန်လုံး ရွာကိုပစ်ပြီး ရိုးမထဲခိုဝင်နေကြ ရပြီ။ ရွာမှာကျန်ခဲ့တာဆိုလို့ ရွာကျောင်းက ဆရာတော်ရယ်၊ သူကြီးရယ်ပဲကျန်တာ။ အဲ သူကြီးတောင် သူ့အိမ်မှာ မနေဘဲ ရွာကျောင်းမှာ သွားခိုနေရတယ်။အင်္ဂလိပ်တွေက ရွာကို ဘယ်အချိန်မှ ဖြတ်သွားမယ်ရယ်လို့တော့ မသိပါဘူး။ ဒါပေမယ့် မြင်သာရွာသားအားလုံး ရိုးမထဲရောက်နေတာ သုံးရက်ရှိသွားပြီ။

ဒီကြားထဲ အင်္ဂလိပ်ဖြတ်သွားရင် မြင်မှာစိုးလို့ မီးလုံးဝမမွေးရဘူးတဲ့၊ ဒါကြောင့် ရွာသားအားလုံးဟာ ရွာကပါလာတဲ့ ထမင်းခြောက်ကလေးတွေကို နေလှမ်း ဆားနယ်ပြီး ရေနဲ့ပြန်ဖျော်စားနေရတယ်။ ကလေးတွေအတွက်ကတော့ နေကျက်ကျက်ပူနေတဲ့ နေရာမှာ မြေကျင်းတူး၊ သံပုံးအုပ်ပြီး ကန်စွန်းဥ၊ အာလူး၊ မျောက်ဥတို့ကို အပူပေးကျွေးရတယ်။ ဘယ်လောက်ထိ လည်းဆိုဆေးလိပ်သောက်တတ်ရင်တောင် ကိုယ်တိုင်ဝါးဆစ်ပိုင်းကိုဖြတ်၊ ဝါးဆစ်ပိုင်းထဲ ဆေးလိပ်ထိုးထည့်ပြီး ကြိတ်ဖွာရတယ်။ မီးခိုးပျောက်ပေါ့။

ဒီကြားထဲ ရွာက ဒေါ်စပ်စုမတင်အေးက သတင်းတစ်ခု သယ်လာသေးတယ်။ ဘယ်ကကြားတာရယ်တော့ မသိပါဘူး၊ သူ့သတင်းက အဆန်းပဲ။

"ကြာကွင်းကြီးတို့၊ လမုတန်းတို့မှာ ရွာထဲဝင်ရင် အင်္ဂလိပ်တွေက စံတုတ်ဦးအာ ယု လို့မေးသတဲ့"

"ဟဲ့ ဘာတုန်း၊စံတုတ်တို့၊ ဦးအာယုတို့ဆိုတာ"

နတ်ကတော် ဒေါ်မြိုင်ကမရှင်းသလိုမေးတယ်၊ ဒါကိုဒေါ်တင်အေးက...



www.burmeseclassic.com

www.burmeseclassic.com



"အိုအေ တို့များအောင်နိုင်နတ်ကိုးကွယ်သလို၊ သူတို့လည်း စံတုတ်တို့၊ အာယုတို့ဆိုတဲ့နတ် ကိုးကွယ်တယ်နေမှာပေါ့"

ဒေါ်တင်အေးစကားကို ဒေါ်မြိုင်က ချက်ချင်းသဘောပေါက်သွားသလိုနဲ့ လက်ခလယ်နှင့်လက်မကို ဖိပွတ်ပြီး…

"သေချာတယ်အေ့ သူတို့ကိုးကွယ်နေတာ ကြွက်တွေပဲ ဖြစ်မှာပါ" နတ်တွေထဲမှာ ဒီကိုယ်တော်တွေနာမည်မျိုး မရှိပေါင်၊ ဥပမာ အမေယဉ်တို့၊ ကိုးမြို့ရှင်တို့ လောက်သာ ရှိတာ"

"ဟိုလေ ကြွက်တွေလား၊ နတ်တွေလားတော့မသိဘူး၊ အဲဒီလို စံတုတ်တို့ အာယုတို့ နဲ့အော်ရင်၊ ငါတို့ကရွာပုလင်းတို့၊ ရွာဘက်ပုလင်းတို့ ပြန်အော်ပေးရတယ်တဲ့၊ ဒီလိုမှမအော် ရင် ယမ်းဖောက်သေနတ်တွေနဲ့ ပစ်သတဲ့"

ဒေါ်တင်အေးစကားကို ဒေါ်မြိုင်ကြီးက အလင်းပွင့်တစ်ခုကိုမြင်သွားသလိုနဲ့ အားရဝမ်းသာနဲ့…

"သေချာပါတယ်အေ..ကြွက်တွေပါ။ ဒါ့ကြောင့် ရွာပုလင်းတို့ ရွာဘက်ပုလင်းတို့ ပြန်အော်ပေးရတာပေါ့၊ ကြွက်တွေက အရက်ကြိုက်တယ်အေ့၊ တို့နတ်တွေနဲ့မတူဘူး"

ဒေါ်မြိုင်စကားကို ဒေါ်တင်အေးက နှာခေါင်းရှုံ့မဲ့ပြီး…

"အိုအေ၊ ကြွက်တွေလား၊ နတ်တွေလားတော့မသိပါဘူး၊ နို့ပေမယ် စံတုတ်တို့ အာယုတို့အော်သံကြားရင် ရွာပုလင်းတို့ ရွာဘက်ပုလင်းတို့ ပြန်အော်ဖို့မမေ့နဲ့၊ ဒါမှ ယမ်း ဖောက်သေနတ်စာမမိမှာ"

ဒေါ်တင်အေးစကားကို ဒေါ်မြိုင်ကလည်း မျက်နှာရှုံ့မဲ့ပြီး..

"သြော်အေ ဒီလိုကြွက်တွေလောက်တော့ မြိုင်ကြီးနဲ့မတွေ့သေး



www.burmeseclassic.com

www.burmeseclassic.com



လို့။ တွေ့လို့ကတော့ ကိုယ်တော်လေးပင့်ပြီးတော့ကို ဆုံးမခိုင်းလိုက်မယ်''

စသည်ဖြင့် ပြောနေကြသည်။ သူတို့ပြောတဲ့စကားကို အဖန်ရည်လေးနွေးနေတဲ့ ဘဒွေးကကြားပြီး...။

''ဟဲ့..စံတုတ်တို့ အာယုတို့ဆိုတာ နတ်လည်းမဟုတ်ဘူး၊ ကြွက်လည်းမဟုတ်ဘူး။ အဲဒါ အင်္ဂလိပ်စကားဟဲ့ အင်္ဂလိပ်စကား။ လာငါရေးပြမယ်'' ဆိုပြီး ရေးပြတယ်။ ဘဒွေးက မြို့အတွေ့အကြုံနည်းနည်းရှိ သူဆိုတော့ အင်္ဂလိပ် စကား အနည်းအကျဉ်းတော့ နားလည်သပေါ့။ နောက်ပြီး သူကခေတ်ပညာတတ်လေ။ ဆရာတော် ဦးကောသလဆီမှာ ပထမံ ကြိုးအောင်ထားတာ။

''မှတ်ထား စံတုတ်တို့ ဦးအာယုတို့ဆိုတာ ဒီလိုမျိုး''ဆိုပြီး မြေကြီးမှာ တုတ်နဲ့ခြစ်ပြီး အသံထွက်ပါရွတ်ပြတယ်။ သူရေးပြတာ ကတော့ ဒီလို...

''အက်(S) တီ(T) အို(ဉ) ပီ(P) စံတုတ်တဲ့ မြန်မာလိုပြန်ရင်တော့ 'ရပ်'ပေါ့ကွာ''နောက်ပြီး ဗြူ( W )အိပ်( H )အို( O ) 'ဦး'၊ အေ(A)အာ(R) အီး(E) ='အာ'၊ ဝိုင်( Y ) အို( O ) ယူ( U ) 'ယူ' တဲ့ အားလုံးပေါင်းရင် ဦးအာယု။ မြန်မာလိုဆိုတော့ 'ဘယ်သူလဲ' လို့အဓိပ္ပါယ်ရတယ်။ ဒါကြောင့် စံတုတ် ဦးအာယုဆိုတာ ရပ်ဘယ်သူလဲလို့မေးတာ''

ဆိုပြီးရှင်းပြလိုက်မှ ရွာသာအားလုံး သဘောပေါက်သွားပြီး...

''ဟယ်..ဒီလိုကိုး...''

''ဒါ့ကြောင့် စံတုတ်တို့အာယုတို့လို့အော်တာပေါ့နော်...''

''ဟင် တို့စကားနဲ့လည်း မတူပါလား...''

''ဟဲ့ ကြွက်တွေပါဆိုနေမှ...''



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ရှာပုလင်းတို့ ရှာဘက်ပုလင်းတို့ ပြန်အော်ကြတာရော"

ဒေါ်တင်အေးစကားကို ဘဒွေးသဘောကျသလို မိန့်မိန့်ကြီးပြုံးပြီး...

"အဲဒါ တို့တွေက အသံထွက်မှားပြီး ပြောနေကြတာ။ အမှန်တော့ သူ့အသံထွက်အမှန်က 'ရှာဖလင့်'ကွ...အဓိပ္ပါယ်က မင်းသူငယ်ချင်းတဲ့ ရေးရတာကဒီလို"ဆိုပြီး မြေကြီးမှာ တစ်လုံးချင်း တုတ်နဲ့ခြစ်ပြပြီး အသံထွက်ပြတယ်။ သူရေးပြ ဖတ်ပြတာက ဒီလို ဝိုင်(Y)အို(O )ယူ(U) အာ(R) 'ရှာ'၊ အဖက်(F) အာ(R)အိုင်(I)အီး (E)အန်နီ (N)ဒီ(D) 'ဖလင့်'၊ ရှာဖလင့်၊ မင်းသူငယ်ချင်းတဲ့ ရှာဘက်ဖလင့်ဆိုတာက မင်းရဲ့ အကောင်းဆုံးသူငယ်ချင်းပေါ့ကွာ..."

ရေးတာကဒီလို...

Your Best Friend= ရှာဘက်ဖလင့်။

ဘဒွေးရှင်းပြလိုက်မှပဲ ရွာသားများအားလုံး သဘောပေါက်သွားကြတယ်။"ဩော်.. ဒါနဲ့ စံတုတ် ဦးအာယုလို့ အော်ရင် ရှာပုလင်းလို့ ပြန်အော်တာကိုး။ မသိပါဘူး၊ ရှာပုလင်းလို့အော်တာကို ဘီလူးတို့ အုပ်စုက အင်္ဂလိပ်တွေ အရက်ကြိုက်လို့ဖြစ်မယ်ထင်ပြီး အင်္ဂလိပ်တွေရင် ပုလင်းထောင်ပြမယ်ဆိုပြီး ရှာက ပုလင်းတွေ ခါကြားထိုးထားကြရဲ့ ဟား ဟား..ဟားဟား..."

ဒေါ်တင်အေးစကားကြောင့် ရွာသားအားလုံးပွဲကျသွားတယ်။ အတော်ကြာမှ လူစုစု စုစုနဲ့ ယောက်ယက်ခတ်နေတဲ့ ဘီလူးတို့အုပ်စု ဘက်ဝေ့ကြည့်ပြီး...

"အင်း... မောင်လှဦးတို့တောင် အတော်ခြေငြိမ်သွားပေါ့။ ခါတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဆို ဒီလို ဘယ်ဟုတ် ပါ့မလဲကွာ။ သောင်းကျန်းလိုက်သမှ လွန်ရော''

''ဟုတ်ပါဘဒွေးရေ..။ အရေကြီးတော့ သွေးနီးတယ်ဆိုတာ ဒါမျိုးပဲလား''၊ ဘဒွေးရဲ့စကားကို ဦးစိန်လန်က ဝင်ထောက်ခံတယ်။ ပြီးတော့သူကပဲ ဆက်ပြီး..''ခါတိုင်းဆို ဒီလိုဘယ်နေမလဲ။ ဒီ အချိန် လောက်ဆို မဟုတ်တာ တစ်ခုခုတော့ လုပ်ပြီးနေလောက်ပြီ။ ဪ မှတ်မိ သေးတယ်။ တစ်ခါသား ရွာမှကထိန်ပွဲလုပ်တုန်းကလေ။ သူတို့ အုပ်စု ရောက်လာလို့ သူကြီးက မင်းတို့မလာနဲ့ ၊ ထန်းရည်သာ စိတ်ကြိုက် အဝသွားသောက်ကြ ထန်းရည်ဖိုး ငါရှင်းမယ်ဆိုပြီး ပလွှတ်လိုက်တယ်။ မပလွှတ်လို့ မဖြစ်ဘူးလေ။ သူတို့ရှိနေရင် ပွဲပျက်ဖို့က ခပ်များများ မဟုတ်လား။ အဲ တစ်နေကျော်တော့ ပြန်ရောက်လာရောကလား။ ထန်းရည်ကလည်း မူးလို့။ ဒါနဲ့ ဒိုး(ဒိုးပတ်)ဝိုင်းထဲဝင်ပြီး ကတော့တာ။ ဒီတစ်ခါတော့ သူကြီးက မပြောသာတော့ဘူး။ အော် သူတို့တွေလဲ ရွာသားတွေဆိုတော့ ပျော်ချင်ရှာမှာပဲလေဆိုပြီး သူတို့ကလည်း အပိုင်ဗျာ၊ ဒိုးသီချင်းကိုတောင် လက်တန်းစပ်ပြီး ဆိုတာ။ မှန်မိသေးတယ် ဘာတဲ့ ''တစ်နေကျော် ထန်းရည်သေးမွှေမွှေးလှသည်။ ကိုယ်ပေါက်တဲ့ ရှုရှုသေး ရှုမွှေး ကြသည်'' ဆိုလား

ဦးစိန်လန် စကားကိုဖြတ်လိုက်တယ်။ ဒါကိုဘဒွေးက မချင့်မရဲ ဖြစ်သွားပြီး...''အဲဒါနဲ့'' ဆိုပြီး စကားစကို ပြန်ဆက်ပေးလိုက်တယ်။ ဦးစိန်လန်က စကားကိုထပ်မဆက် သေးပဲ အရှေ့မှာချထားတဲ့ အဖန် ရည် ကို ငွပ်ခနဲ သောက်ချလိုက်သေးတယ်။ ပြီးမှ...

''အဲဒါနဲ့..ရွာသားတွေကပါ သဘောကျပြီး ပထမ ကနေတဲ့ တိုးနယားတို့ ဝက်ဝံရုပ်တို့ကို သူတို့ကို ပေးလိုက်ပါလေရော။ အဲဒီတော့



www.burmeseclassic.com

www.burmeseclassic.com



မှဟော့ အဲဒါတွေယူပြီး တစ်ခါထဲ ထွက်ပြေးတာ၊ ရွာသားတွေ ကလည်း လိုက်ပေါ့၊ သူကြီးဆို စိတ်ဆိုးတာ မပြောနဲ့တော့၊ ပွဲဖျက်ရကောင်း လားဆိုပြီး သူကိုယ်တိုင် အုန်းမောင်ကို ခေါ်ပြီးလိုက်တာ''

ဘဒွေးပြုံးသွားသည်။ ဦးစိန်လန်က ဘဒွေးကိုကြည့်ပြီး...

''အဲဒါနဲ့ ဇာတ်လမ်းကမဆုံးသေးဘူးဗျာ၊ အဲဒီဝတ်စုံတွေယူပြီး ဘာလုပ်တယ်ထင် သတုန်း၊ မြင်းကဒပ်ရွာသွားပြီး ရွာထဲမှာ ဂရား ဂရား ဂလူး ဂလူး သွားလုပ်နေလို့ ဟိုက တစ်ရွာလုံးထွက်လိုက်လာကြရောဟေ့။ အဲဒီတော့မှ ရွာကို ဒရောသောပါး ပြန်ပြေးလာပြီး သူကြီးနဲ့ အုန်းမောင်ကို အရုပ်တွေအပ်၊ ကျွန်တော်တို့ မှားပါတယ် တောင်းပန်ပြီး တစ်ချိုးတည်း လစ်ပါလေရော။ အောင်မာ..ထိုင်တောင်ရှစ်ခိုးသွားသေးသဗျ''

ဦးစိန်လန်ကို ဘဒွေးက သက်ပြင်းချပြီး...။

''အေးပေါ့ အမှားကိုဝန်ချတောင်းပန်တယ်ဆိုတော့ ဒီကလေး မဆိုးဘူးပေါ့''

''ဘယ့်နှယ်မဆိုးရမှာတုန်း ဘဒွေးရဲ့၊ သူတို့လည်းလစ်ပြေးရော မကြာဘူး မြင်းက ဒပ်ရွာသားတွေ ဒေါသတကြီးရောက်ချလာပါရော။ သူတို့ရောက်တဲ့ အချိန်ကြတော့ သူကြီး လက်ထဲမှာ တိုးနယားရုပ်၊ အုန်းမောင်လက်ထဲမှာက ဝက်ဝံရုပ်နဲ့ လက်ပူးလက်ကြပ်ကြီး၊ ဟိုဘက်ရွာ သားတွေက အထင်မှားကုန်တာပေါ့။ သူတို့စိတ်ထဲမှာ ခုန သူတို့ရွာထဲ ထဲ ဝင်လာပြီး ဂရား ဂရား ဂလူး ဂလူး လုပ်သွားတာ သူကြီးနဲ့အုန်းမောင်တို့ ထင်ကုန်ရော။ သူကြီးနဲ့အုန်းမောင်တို့ကလည်း ဘီလူးတို့ကို လိုက်ထားရ တော့ မောနေတာကိုး။ အဲဒီမှာ ပိုအထင်မှားကုန်ပြီး သူကြီးကိုယ်တိုင် ဒါမျိုးလုပ်တာတော့မကောင်းဘူးပေါ့၊ မူးနေရင်လည်း ကိုဘာသာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာအေးအေးဆေးဆေး အိပ်နေပါလားဆိုပြီး ရန်တွေ့ပါလေရော''

''သူကြီးကလည်း အရက်သေစာ သောက်စားတတ်တဲ့လူမျိုးမဟုတ်တော့ ထပ်ငြိကုန်ကြပါလေရောပေါ့။ အဲဒီတုန်းက ရွာကျောင်းဆရာတော် အရောက်မြန်ပေလို့ပေါ့။ နို့မဟုတ်ရင် ပွဲက ကြည့်ကောင်းပြီ''

ပြောရင်းပြောရင်းနဲ့ ဦးစိန်လန်မောသွားပြီထင်တယ်။ စကားကို ရပ်ပြီး အဖန်ရည် ဆက်သွေးနေလိုက်တယ်။ အဲဒီအချိန်မှာပဲ ဖိုးသာမျှင်က သူတို့စကားဝိုင်းထဲဝင်လာပြီး··

''ဒါတင်ဘယ်ကမလဲဗျ။ ဘီလူးလှဦးတို့လုပ်ပုံ တစ်ခါသား ကိုရင်ကြက်ပုထန်းတော မှာလေ ကိုရင်ကြက်ပုက တောင်ဘက်ဖျားကထန်းကောက်ပင် တစ်ပင်ကို ဘယ်သူ့မှမရောင်း ဘူး။ ထန်းရည်ကောင်းလို့ ဆိုပြီး သူကိုယ်တိုင်ပဲသောက်တာ''

''အဲ ဘီလူးလှဦးက သူ့ကို အဲဒီထန်းပင်က ထန်းရည်ရောင်းဖို့မကြာခဏပြောတယ်။ နို့ပေမယ် ကိုရင်ကြက်ပုက မရောင်းဘူး၊ အဲဒါနဲ့ ဘီလူးက ကျုပ်အကြောင်းသိရမယ်ဆိုပြီး ကိုရင်ကြက်ပုအလစ်မှာ ထန်းရည်ထဲ ပဒိုင်းသီးထောင်းပြီးထည့်ထားတာ ကိုရင်ကြက်ပုတို့ တစ်မိသားစုလုံး အဲဒီထန်းရည်သောက်မိပြီး ရူးသွားတာ တစ်ရက်နဲ့တစ်မွန်းတည့်လားပဲ။ သူ့မိန်းမ မကလေးမဆို ကိုရင်ကြက်ပု ခေါင်းကိုအုံးသီးမှတ်ပြီး ပုဆိန်နဲ့ လိုက်တာ ရွာကိုနံ့ရော။ ဒီကြားထဲ ဆေးဆရာဖိုးသာအိုက ပယောဂဝင်တာ ဆိုပြီး ထန်းပင်မှာကြိုးနဲ့ချည်ပြီး ဆေးကြိမ် လုံးဆိုလာ ဘာဆိုလားပဲ အဲဒါနဲ့ရိုက်တာ အရူးကောင်းသွားတာတောင် ကိုရင်ကြက်ပုခမျာ တစ်ပပတ်လောက် ထန်းပင်မတက်နိုင်ဘူး။ ဘီလူးလှဦးတို့ မွေပုံက အဲဒီလို။ အခုလည်းကြည့် လေ ဘာထပ်လုပ်ဖို့ရယ်မသိဘူး ဓါးလွတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်လွယ်လွယ်နဲ့။ ကျုပ်ကဘာလုပ်ဖို့လဲ မေးတော့ သူက ဘာညာရယ် မဟုတ်ဘူး လူရှိန်တာပေါ့တဲ့''

ဟုတ်လည်းဟုတ်ပါတယ်။ ဖိုးသာမျှင်ပြောလည်း ပြောချင်စရာ၊ ဘီလူးလုဦး အုပ်စုကလည်း ဓါးလွတ်တွေ တလွယ်လွယ်နဲ့ လမ်းသလား နေပုံများ ဘာရယ်ညာရယ်မဟုတ်ဘူး လူရှိန်တာတော့ အမှန်ပဲ။

''တစ်ခါသားဗျာ ကျုပ်ခံလိုက်ရပုံ…''

ဘဒွေးစကားစပြန်တယ်။ ဒါကိုဦးစိန်လန်က ကြာဖြတ်ပြီး ရယ်ကျဲကျဲနဲ့… ''ဘာလဲ ဘီလူးလုဦး လုံချည်ယူပြီး ထွက်ပြေးသွားတာလား''

ဘဒွေးမျက်နှာရဲတက်သွားတယ်။ ပြီးတော့ ရှက်သလိုလို မှက်နှာပူသလိုဟန်နဲ့…

BURMESE CLASSIC .com

''မဟုတ်ပါဘူးဗျာ အဲဒီတုန်းကတစ်ခါ၊ ဒီတစ်ခါက…''

''ဩော်··ခတ်လုံးကိစ္စထင်ပါ့''

ဘဒွေးရှိုးတိုးရှန့်ဖြစ်သွားတယ်။ ပြီးတော့ ရယ်ကျဲကျဲနဲ့ …။

''မဟုတ်သေးပါဘူးဗျာ၊ အဲဒါလည်းတစ်ခါ။ အဲအခုပြောမယ့် တစ်ခါက ဘယ်သူမှ မပါဘူး။ သူနဲ့ကျုပ်နဲ့နှစ်ယောက်ထဲရယ်။ ကျုပ်က သူ့ကို ကောင်းစေချင်လို့ ခေါ်ပြီးဆုံးမတာ''

ဘဒွေး စကားကိုဖြတ်ပြီး အဖန်ရည်ငုံ့သောက်တယ်။

ပြီးမှ…

''ဒီလိုဗျ…ကျုပ်ကသူ့ကိုခေါ်ပြီး မောင်လုဦးရဲ့ ယောကျ်ားဆိုတာ ငတ်မိသံတိုင် တက်နိုင်အဖျားရောက်လုပ်စမ်းပါ။ မင်းလိုဉာဏ်ရည်မျိုးနဲ့ဆို ဖြစ်နိုင်သားဆိုတော့ သူက အဲဒီ့ စကားအဓိပ္ပါယ်ကဘာလဲတဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကျုပ်က ငုတ်မိသဲတိုင်ဆိုတာ ငုတ်မိပြီဆိုမှဖြင့် သဲတိုင်အောင်ငုတ်၊ တက်နိုင် ရင်လည်း အဖျားထိရောက်အောင် တက်လို့ ဆိုလိုတာကွဲ" လို့ဆိုတော့…သူက…"ဘခွေးပြောတဲ့ စကားအဓိပ္ပါယ်မှားနေပြီတဲ့၊ စကားပုံ အမှန်က 'ငုံးမှီး သဲတိုင် တက်နိုင်ဖြားယောင်းတဲ့ဗျ' အဓိပ္ပါယ်က ငုံးမှာ အမြီးရှိလားတဲ့၊ ကျုပ်ကလည်း မရှိဘူးပေါ့။ သဲမှာရောတိုင်လို့ရလားတဲ့။ မရဘူးပေါ့။ အဲဒီလိုပဲ တက်နိုင်မှ ဖြားယောင်းရတယ်ဗျ။ ကိုယ်ကမတတ် နိုင်ပဲ ဖြားယောင်းရင် အလိမ်ပေါ်ပြီး အဖမ်းခံနိုင်တာသာလုပ်ဒါကြောင့် ငုံးမှီးသံတိုင် တက်နိုင်ဖြားယောင်း ဆိုတာ ဖြစ်နိုင်တာသာလုပ်၊ မဖြစ်နိုင်တာမလုပ် နဲ့ဆိုပြီး ပြောသွားတော့ ကျုပ်လည်းကြောင်သွားသေးတယ်။ သူပြောတော့လည်း ဟုတ်သလို ဖြစ်သွားတာကိုး။ နောက်အသေအချာ စဉ်းစားကြည့်မှ…

"ဟာ ဒီကောင်ကျုပ်ကိုလာဖောက်သွားမှန်းသိရတယ် ဟားဟားဟား…"

BURMESE CLASSIC .com

ဘခွေးက သူ့စကားကိုသူသဘောကျပြီး တဟားဟားနဲ့ ရယ်တယ်။ ဦးစိန်လန်က ဘခွေးကိုကြည့်ပြီး…

"ဘာပဲပြောပြော လူရှိန်တာပေါ့…"

ဆိုပြီးမှတ်ချက်ချတယ်။ ပြီးတော့သူကပဲ ဆက်ပြီး…

"ဒါပေမယ့် ဒီကောင်လေးက တစ်ခါတစ်လေတော့လည်း မဆိုးပါဘူး။ ချစ်တီးကုလားရောက်လာတုန်းကကြည့်ပါလား။ တစ်ရွာလုံးသူပဲ ကယ်လိုက်တာ…"

ဦးစိန်လန်ရဲ့ စကားကို ဖိုးသာမျှင်က…။

"ဒါတင်ဘယ်ကလဲ ရွာမှာ ရေမလောက်လို့ ရေကန်တူးတုန်းက

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါလား။ တစ်ဇကေပတ်လည်ကြီးတူးရမယ်ဆိုတော့ ဘယ်သူမှ မတူးနိုင်ကြဘူး။ တစ်ရွာလုံးထွက်ပြီး တူး ရင်တောင် သတင်းနှစ်ပတ် သုံးပတ်လောက်တူးရမှာ၊ အဲ··အဲဒီအချိန်မှာ ဘီလူးက ဘာလုပ်တယ် မှတ်သတုန်း၊ မြင်းကဒပ်ရွာသွားပြီး မင်းတို့ ရွာသားတွေ တို့ရွာသားတွေ လောက် အင်အားမရှိပါဘူး။ တကယ်သန်မာတာ တို့ရွာသားတွေမှ” ဆိုပြီး သွားပြောရော။ ဒါနဲ့ ဟိုဘက်ရွာသားတွေက ဘယ်ခံမလဲ မင်းတို့ ရွာသားတွေသန်တယ်ဆိုရင် ဘယ်လိုယှဉ်မလဲပေါ့။ကဲ···ဒါဆို မင်းတို့ ရွာသားတွေစုပြီး ငါတို့ရွာမှာ မြေလာပေါက်၊ ငါတို့ရွာသားတွေက မင်းတို့ရွာမှာ မြေလာပေါက်မယ်။ မြေပိုပေါက်နိုင်တဲ့ ရွာက အနိုင်ကွဆိုပြီး လောင်းတာ”

“မြင်းကဒပ်ရွာသားတွေကလည်း ဘယ်နေမလဲ၊ သူတို့အနိုင်ရအောင် တစ်ရွာလုံး ထွက်ပြီး မြေလာပေါက်တာ နိုင်ချင်ဇောနဲ့ ထင်ပါ့ ဟားဟား ဟား···။ တစ်ဇကေပတ်လည် ပေသုံးဆယ်ကို တစ်မနက်ထဲပေါက်သွား တာဗျာ။ တစ်ခါထဲ နတ်တို့ဖန်တဲ့ရေကန်အလားအောက်မေ့ရတယ်။ ဘီလူးတို့အုပ်စုကတော့ ဟိုဘက်ရွာသွားပြီး ဘုန်းကြီးကျောင်းထဲ လိုက် တမ်းပြေးတမ်းကစားနေလို့ ဟိုရွာက ဆရာတော်က ကြိမ်နဲ့လိုက် ရိုက်ပြီးမောင်းထုတ်လိုက် တယ်။ ဟုတ်တယ်လေ သူတို့ကလည်း မြေပေါက် ချင်တာမှ မဟုတ်ဘဲ။ မောင်းထုတ်လိုက် တော့ သာတောင်ကောင်း သေး၊ ဒီလိုနဲ့ အဖြေကတော့ မြင်းကဒပ်ရွာသားတွေ အနိုင်ရသွား တယ်။ ဒါပေသည့် မြင်သာရွာကတော့ တစ်ဇကေ ပတ်လည် ရေကန်ကြီးတစ်ကန် ပိုင်သွားတယ်ပေါ့···”

ဖိုးသာမျှင်စကားကို ဘဒွေးက ခေါင်းတစ်ငြိမ့်ငြိမ့်နဲ့ နားထောင်ပြီး···



www.burmeseclassic.com

www.burmeseclassic.com



“အင်း…ဒီသူငယ် ဉာဏ်ရည်မျိုးနဲ့ လူကောင်းလေးဖြစ်ခဲ့ရင် သိပ်ကောင်းမှာပဲ…”

“အခုတော့…”သူ့စကားမဆုံးခင်မှာပဲ…။

“လမ်းကြောင်းရှင်းပြီးတဲ့ဟော့ ရွာပြန်လို့ရပြီ…”

ဆိုတဲ့ အော်သံကြားရတယ်။ ပြီးတော့ မိန်းမတွေနဲ့ ကလေးတွေရဲ့ ‘ဟေ’ ခနဲဝမ်း သာအားရအော်သံကြားရတယ်။ မရှေးမနှောင်းမှာပဲ၊ ဘီလူးတို့အုပ်စု ခါးလွတ်ကြီးတွေ ကိုင်ပြီး ကားကား ကားကားနဲ့ ဆင်းသွားကြတယ်။ မျက်နှာကြီးတွေကလည်း ရှုံ့မဲ့လို့။

သူတို့ကိုကြည့်ပြီး ဘာရယ်ညာရယ်တော့မဟုတ်ဘူး၊ လူရိုန်တာတော့ အမှန်ပဲ။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ယော်

ယော်…တဲ့။

ဘယ်သူစတီထွင်ပြီး နာမည်ပေးခဲ့တာရယ်မသိဘူး။ ဒါပေမယ့် တစ်ရွာလုံးကတော့ တစ်လေသံထဲထွက်တယ်။ နောက်ပြီး အဲဒီနာမည် ခေါ်ရတာ စီးစီးပိုင်ပိုင်ရှိပြီး အသံထွက် ရတာကလည်း 'သာ'တယ်။ မယုံရင်ခေါ်ကြည့်ပါလား။ ယော်…တဲ့။

သူ့နာမည် အပြည့်အစုံက ယော်စပီကာဆိုလား၊ ယော်စပင်ဂျာ ဆိုလားမသိဘူး။ ဒါပေမယ့် အဲဒီနာမည်ကခေါ်ရခက်လို့ထင်တယ်။ ခုနကလို တစ်လုံးထဲခေါ်ကြတယ်။ အတိုကောက်ပေ့ါ။

ယော်…တဲ့။

သူ့အဝန်းက ရာဝင်အိုးဖင်ပိတ်လောက်ရှိပြီး၊ အနက်က တောမှီ ရသေ့တွေဆောင်းတတ်တဲ့ ဒေါက်ချာထက်တောင်နက်တယ်။ သူ့ပုံစံက ရွာဦးကျောင်းက ကြေးခေါင်းလောင်း နဲ့ခပ်ဆင်ဆင်ရယ်။ ဒါပေမယ့် သူ့အထဲမှာက ရေတ်ကျည်ပွေ့လို ရှည်ရှည်မျောမျော အချောင်းကြီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းပါတယ်။ လော်ဆရာ( လော်နဲ့ ပါလာသူ) ပြောတာတော့ အသံက အဲဒီကထွက်တာတဲ့။ ဒါကြောင့် ရွာသားတွေက အဲဒီငရုတ်ကျည်ပွေ့ ကြီးကို ခေါ်ကြတယ်။ အသံထွက်ဘုတဲ့။

နောက်ပြီး အဲဒီလော်ကြီးနဲ့ တွဲဖက်ပြီး တောင်ပို့မှိုထက်ကြီးပြီး ကြာဖူးလောက်မရှိ တရှိ ကြိုးအရှည်ကြီးနဲ့ ပစ္စည်းတစ်ခုပါလာသေးတယ်။ မိုက်ခွက်တဲ့…။ စကားပြောရင် အဲဒီမိုက်ခွက်က ပြောရပြီး အသံကျ တော့ လော်ကြီးကထွက်တာဆိုပါရော့လား။ ကိုင်းစဉ်းစားသာကြည့်။ မိုက်ခွက်နဲ့လော်နဲ့က အဝေးကြီးထားတာရယ်။ နောက် မိုက်ခွက်က အသံ တိုးတိုးလေးပြောရုံထက်လော်က ဆင်အော်တာထက် ကျယ်အောင် မြည် သတဲ့ဗျ။ ဘယ်သူ မထူးဆန်းပဲနေမှာတုန်း။

အဲ့ဒီလော်ကြီး မြင်သာရွာရောက်လာတာ အကြောင်းရှိတယ်။ ရွာပွဲအတွက် သူကြီးမြို့တက်ငှားလာတာ။

ရွာပွဲဆိုလို့ တစ်မျိုးမထင်ကြနဲ့ဦး။ ဒီပွဲက သူကြီးတစ်ကိုယ်တော်ပွဲ၊ တစ်ကိုယ်တော်ပွဲ ဆိုလို့ သူကြီးက 'က'ပြမှာလား၊ သူကြီးပဲ 'ဟဲ' ပြမှာလားလို့ ထင်ကြဦးမယ်။ မဟုတ်ဘူး၊ သူကြီးက ဒီလော်ကြီးနဲ့ ရွာသား တွေကို မိန့်ခွန်းမြွက်ကြားမှာ။ သူကြီး ဒီလော်ကြီးနဲ့ မိန့်ခွန်း ခြွေချင် တာကလည်း အကြောင်းရှိတယ်။ အဲဒါက တစ်ခြားရွာက သူကြီးတွေအား လုံး ဒီလော်ကြီးနဲ့ မိန့်ခွန်းခြွေပြီးကြပြီတဲ့။ သူကြီးဖိုးထင်ကလည်း ဘာမို့လို့ လည်း ရွှေစလွယ်ရတဲ့ သူကြီး ပဲ။ တစ်ခြားသူကြီးတွေလိုပဲ ဒီလော်ကြီးနဲ့ ရွာသားတွေကို မိန့်ခွန်းမြွက်ကြားချင်တာပေါ့။ ဒါ့ကြောင့် ဒီလော်ကြီးကို မြို့တက် အပင်ပန်းခံပြီး ငှားလာတာ။

နေ့ခင်းကတည်းက မြင်သာရွာသားတွေ လော်ကြီးနားမှာ ရစ်သီ



www.burmeseclassic.com

www.burmeseclassic.com



ရစ်သီဖြစ်နေကြပြီ။ အကြောင်းကတော့ ခုနကပြောတဲ့ လော်ကြီးကို လော်ဆရာက ဟိုဖြုတ်ဒီတပ်လုပ်နေ လို့ပဲ။ လော်ကြီးကိုလဲ ထန်းတစ်ဖျားလောက်မြင့်တဲ့ ဝါးပိုးဝါးကို တိုင်ထူပြီး ထိပ်တိုင်ဖျားမှာ တက်ချည်ထားတယ်။ လော်ကြီးရဲ့အသံက သိပ်ကျယ်လို့ တစ်ရွာလုံးကြားရအောင် တိုင်ထိပ် ဖျားတက်ချည်ထားရသတဲ့။ ရွာသားတွေရဲ့ စိတ်ထဲ အံ့ဖွယ်လိလိ ကိုဖြစ်ကရော။

ဘီလူးတို့အုပ်စုဆို ပြောမနေနဲ့တော့။ လော်ကြီးနားကကို မခွာဘူး။ အားလုံးဆောင့် ကြောင့်ကလေးထိုင်ပြီး လော်ဆရာလုပ်သမျှ တအံ့တသြ ထိုင်ကြည့်နေကြတယ်။

ကျွီ••ကျွမ်••ကျွမ်••ဝေါင်း•••

"အောင်မလေးဗျ"

လော်ကြီးကထွက်တဲ့ဆင်အော်သံလိုလို၊ ကြံ့ဟီးသလိုလို၊ ကျားဟိန်းသလိုလို၊ အသံ ကြီးကြောင့် ဘီလူးလှဦးထခုန်တယ်။ မျက်လုံးကလေး ပေကလပ်ပေကလပ်နဲ့ လော်ကြီးကို ကြည့်တယ်။ လော်ဆရာကတော့ခပ်တည်တည်ပဲ။ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ မိုက်ခွက်က ကြိုးတွေနဲ့ သေတ္တာပုံးလို စက်အပေါက်တွေကို ဟိုအပေါက်လိုက်ထိုး ဒီအပေါက် လိုက်ထိုးလုပ်တယ်။

ကျွီ••ကျွီ•••ကျွီ•••ဝေါင်း•••။

ဒီတစ်ခါထွက်လာတဲ့ လော်ကြီးရဲ့ အသံကိုတော့ ဘယ်သူမှ သိပ်မလန့်တော့ဘူး။ ဒါပေမယ့် ပေကလပ် ပေကလပ်နဲ့တော့ လော်ကြီးကို လိုက်ကြည့်နေကြတုန်း။

ကျွီ•••ဝေါင်း•••။



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အသံတွေထွက်လာပြီးတော့ လော်ဆရာက မိုက်ခွက်ကို ခေါက်တယ်။

"တောက်··တောက်··တောက်···"

သူခေါက်တာ ဖြည်းဖြည်းလေးရယ်။ ဒါပေမယ့် လော်ကြီးဆီက ဒေါက်··ဒေါက် ဒေါက် ··ဆိုပြီး အသံကျယ်ကြီးထွက်လာတယ်။ ဘီလူးတို့ အုပ်စု မျက်လုံးလေး ကလယ် ကလယ်နဲ့ လိုက်ကြည့်ကြတယ်။

"ဟယ်လို ခတ်ဆီတင် ဝမ်း၊ တူး၊ သရီး၊ ဖိုး···ဟယ်လို"

စက်ဆရာက မိုက်ခွက်နားကပ်ပြီး တိုးတိုးလေးပြောတယ်။ ဒါပေမယ့် လော်ကြီးက "ဟယ်လို ခတ်ဆီတင် ဝမ်း၊ တူး၊ သရီး၊ ဖိုး··ဟယ်လို" ဆိုပြီး အသံကျယ်ကြီးပြန်ထွက်လာတယ်။ အဲဒီအသံလည်း ကြားရော ဘီလူးမျက်လုံးလက်ခနဲတောက်သွားတယ်။ ရွာသားတွေလဲ မျက်လုံး အပြူးသားနဲ့ အငေးသား ကြည့်နေကြတုန်း။

လော်ဆရာက ရွာသားတွေ တအံ့တသြ လာကြည့်နေကြတာ တောင် ဂရုမစိုက်သလို ဟန်များများ အသားပိုပိုနဲ့ စက်ကိုပြန်ပိတ်လိုက်တယ်။ လော်ဆရာစက်တွေ လိုက်ပိတ်တာ လဲမြင်ရော ဝိုင်းအုံနေတဲ့ ရွာသားတွေအားလုံး မချင့်မရဲဖြစ်သွားကြပြီး···

"ဗျို့စက်ဆရာ ဟဲ့လင်··ဒေါ်စိန်တင် အော်ပြပါဦးဗျို့။ လုပ်ပါဦးဗျို့ နောက်တစ်ခေါက် လောက်အော်ပြပါဦးဗျို့"စသဖြင့် ဆူညံသွားကြတယ်။

ရွာသားတွေ စကားကို စက်ဆရာက ကြိုးတွေ ဖြုတ်ရင်း

"နောက်တစ်ခါအော်ဖို့ သည်းခံပါ"

သူ့စကားကို ရွာသားတွေအားလုံးက 'ဟင် ဘာဖြစ်လို့လဲ' ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



လှုပ်လှုပ်ရှားရှား ဖြစ်သွားကြတယ်။ စက်ဆရာကြီးက တည်တည်ငြိမ်ငြိမ်ပဲ လော်ကြီးကိုလက်ညှိုးညွှန်ရင်း...

"ဒီလော်ကြီးဟာ ဘုန်းကံကြီးတဲ့သူတွေအော်မှ မြည်တဲ့အမျိုးအစားပါ။ ကျွန်တော်တို့လို ဘုန်းကံ နည်းတဲ့သူတွေအော် ကြာကြာအော်လို့မရဘူး။ အခုတောင် ကျွန် တော်စက်ခဏစမ်းဖို့ရာ ပိုင်ရာဆိုင်ရာတွေကို ကန်တော့ တောင်းပန်ရပါတယ်"

ရွာသားတွေ သေတ္တာပုံးပေါ်တင်ထားတဲ့ အုန်းပွဲ ငှက်ပျောပွဲကို ဝေ့ကြည့်ကြတယ်။ စက်ဆရာကတော့ ခပ်တည်တည်ပဲ။ သူ့စကားကို ပြန်ဆက်လိုက်ပါတယ်။

"ဒါ့ကြောင့် ကျွန်တော့ဆရာကြီး လော်သုံးလုံးပိုင်ရှင် လော်မဟာဖိုးခွေးက သဒ္ဒသျှတ္တရ ကဗျာအဖြစ် သောင်းထိုက်ကျော်တဲ့လော်..ဆိုတဲ့ ကဗျာလေးကို ဒီလိုစပ်ဆိုခဲ့ပါတယ်။

"ဘုန်းကံကြီးသော်၊ မင်းမဟော်
အော်လေမှမြည်၊ အသံကြည်၍
ကြားသူနားဝ၊ ချိုမြမြနှင့်
ပီတိဆန်သနော်..ထိုထို 'လော်' တဲ့...."

စက်ဆရာစကားကို ရွာသားအားလုံး ကိုယ့်ရင်ဘတ်ကိုယ်ဖိရင်း...

"ဟယ်..ဟုတ်ပ...ဘုန်းကြီးသူမှ အော်လို့ရသကိုး..."

"ဩော်..ပီတိဆန်သနော်..လော်...လော်"

စသဖြင့် တစ်ယောက်တစ်ပေါက် အသံထွက်လာကြတယ်။ ရွာသားတွေအဖြစ်ကို စက်ဆရာက သဘောကျသလိုကြည့်ပြီး...။

"ဒါတင်ဘယ်ကမတုန်းဗျ။ ဘုန်းကံနည်းသူအတွက် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဆရာ လော်မဟာ ဖိုးခွေးက သဒ္ဒသျှတ္တရ ကဗျာမှာ ဒီလိုဆိုထားပြန်သဗျ…

"ဘုန်းကံနည်းသူ၊ အော်မိမူကား
ဆိုင်ရာတိုင်းနတ်၊ သိုင်းဖတ်ရန်မူကာ
ကံထူလူမွဲ၊ နိမ့်ကျမွဲတည့်
မဆုံးသံဝေဂ၊ ခံစားရမည် ထိုထို 'လော်' တဲ့…"

"ဟယ်··ကာရန်လည်းမမိဘူး…"

"အို…လော်အကြောင်း အပြည့်အစုံပါတော့ နဘေဘယ်ထပ်မိပါ့မလဲ ဒီလင်္ကာမျိုး တစ်ချိန်ချိန်ပေါ်လာနိုင်တယ်ကွ··"

"ဟုတ်သား··မင်းကလည်း အရေးကြီးတာ၊လော်အကြောင်းကွ··လော်အကြောင်း"

စသည်ဖြင့် ဆူညံသွားပြန်ရော…။

"ကဲ··ကဲ အားလုံး ကိုယ့်အိမ်ကိုယ်ပြန်ကြပါခင်ဗျာ။ ညနေစောင်းတော့ ဘုန်းကံ ကြီးတဲ့ သူကြီးမင်းရဲ့ စိန်သွားအလား မိန့်ခွန်းစကားကို မြွက်ကြားတဲ့အခါမှ သူကြီးမင်းရဲ့ သီရိသောတပွချိုရှရှအသံကို သောင်းထိုက်ကျော်တဲ့ လော်ကတစ်ဆင့် လာရောက်နားဆင် ကြပါခင်ဗျား…"

ဘာတွေမှန်းတော့မသိဘူး။ ဒါပေမယ့် ရွာသားတွေအားလုံးကတော့ မချင့်မရဲနဲ့ ထပြန်သွားကြတယ်။ အမှန်တော့လည်းစက်ဆရာဘာပြောသွားမှန်း သူတို့သိချင်ကြတာမှမဟုတ်ဘဲ။ သူတို့စိတ်ဝင်စားတာက လော်··။ အဲဒီလော်ကြီးနဲ့မိန့်ခွန်းပြောမယ့် သူကြီး··။သူကြီးနဲ့လော်။ လော်နဲ့သူကြီး…။ ဒါပဲ…။

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သြော် . . နေဦး။ ထပြန်မသွားသေးတဲ့ လူတစ်ယောက်ရှိသေးတယ်။ ဘီလူးလှဦး။

လူအားလုံးကုန်တော့မှ စက်ဆရာနား မရဲ့တရဲ့ကပ်သွားပြီး တိုးတိုးလေးကပ်ပြောတယ်။ ဘာပြောမှန်းတော့ မသိဘူး။ စက်ဆရာမျက်လုံးလက်ခနဲတောက်ပြီး ခေါင်းတဆတ်ဆတ် ငြိမ့်တာတွေ့ရတယ်။ နောက်ပြီး သူတို့နှစ်ယောက်သုတ်သုတ်နဲ့ ထွက်သွားကြတယ်။ ဘယ်ကိုလဲဆိုတာကိုသိလောက်ရောပေါ့။

ညနေ နေမညိုခင်ကတည်းက လော်ကြီးရှေ့မှာ ရွာသားတွေစုစုရုံးရုံးဖြစ်နေကြ ပြီ။ ခါတိုင်းဆို လူစုဖို့ မောင်းကြီးတဒူဒူ ထုတာတောင်မလာချင်လာချင်နဲ့ လာတဲ့ ရွာသားတွေ အခုတော့ အသံပေးစရာမလိုဘူး။ သူတို့ဘာသာသူတို့ ဖျာခင်း ကြ နေရာယူကြနဲ့ ယောက်ယက်ခတ်ရော။ ဒီကြားထဲကလေးတွေကလည်း တစ်မျောင့်၊ ခင်းထားတဲ့ဖျာပေါ် ကျွမ်းတက်ထိုး၊ သူဖျာငါ့ဖျာ လုခင်းကြ၊ အော်ကြနဲ့ ပွက်လောကိုရိုက်နေ တော့တာပဲ။

ဒါကို လူကြီးတွေကလည်း နေမယ်ထင်လား၊ ကလေးတွေ ဖျာလုခင်းတာ ရန်လိုက်ဖြစ်ကြ၊ ခင်းထားတဲ့ဖျာပေါ်ထိုင်ပြီး ဆေးလိပ်တစ်ဖွာဖွာနဲ့ အတင်းတွေပြော လိုက်ကြ နဲ့ ဆူညံဟီးထနေတော့တာ။

အဆိုးဆုံးကတော့ မတင်အေးသားအကြီးကောင် ငတေတို့အဖွဲ့ပဲ။ သူကြီးမိန့်ခွန်း ပြောဖို့လုပ်ထားတဲ့ လေးတိုင်စင်လေးပေါ်တက်ပြီး ကျွမ်းထိုးကြလို့ သူကြီးကတော် ဒေါ်စော ကြီး ကလော်တာများ ကြားတောင်မကောင်းဘူး။ သူကြီး ကတော်မို့ ပေါ့။ တခြားသူသာဆို မတင်အေးကလုံးပြီးသားပဲ။ သူကလည်း သူ့ရာဇဝင် နဲ့သူ။ တစ်ခါသား ငွေတိုးချတဲ့ဒေါ်လှကြည်နဲ့ ဒေါ်တင်အေး ရွာလယ်ပိုင်းမှာ သူသေ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သေလုံးတာများ သူကြီးကိုယ်တိုင် နှစ်လုံးပြူး ဖောက်ပြီး ဆင်းတာ ယူရတယ်။ ထားတော့…။

ဒီလောက်ရှာသားတွေ ယောက်ယက်ခတ်နေတဲ့ကြားထဲ ပျောက်နေတဲ့လူနှစ်ယောက်ရှိတယ်။ အဲဒါက ဘီလူးလှဦးနဲ့ စက်ဆရာပေါ့…။

ခုလည်းကြည့်လေ။ သူကြီးတောင်မိန့်ခွန်းပြောဖို့ ပိုးတောင်ရှည်ကြီးဝတ် ကတ္တီပါအုပ်ပေါင်းကြီးဆောင်းပြီး အသင့်စောင့်နေပြီ။ သူတို့ပေါ်မလာကြသေးဘူး။ သူကြီးကတော် ဒေါ်စောကြီးဆို ခေါင်းတစ်မော့မော့ လည်တဆန့်ဆန့်နဲ့ စက်ဆရာကိုမျှော်နေပြီ။ သူမျှော်နေတာက အကြောင်းရှိတယ်။ သူကြီးမိန့်ခွန်းထဲမှာ သူ့ကိုပါ ရပ်ရေးရွာရေး အားကျိုးမာန်တက်ကူညီတယ်ဆိုပြီး ချီးမွမ်းမယ်ဆိုတာကိုး။ ဘယ်သူမဆို ဒီအချိန်မှာ ဒီလော်ကြီးနဲ့ အသံအကျယ်ကြီး ချီးမွမ်းတာခံချင်ကြတာပေါ့။ ဒါ့ကြောင့် ပွဲခင်းထဲက ကလေးတွေအော်တဲ့ 'ဟဲလင်‥ ဒေါ်စိန်တင် ဝမ်းဘဲသားဖိုး' ဆိုတဲ့စက်ဆရာပြောတာကို သံယောင်လိုက် အော်တဲ့ အသံကြားတိုင်း ခေါင်းထောင်ထောင်ထနေတာ။ ဒီလိုနဲ့မိုးစုန်းစုန်းချုပ်လာတယ်။ ဘီလူးလှဦးနဲ့စက်ဆ ရာ ပေါ်မလားသေးဘူး။

လေးတိုင်စင်နဲ့ ပွဲခင်းမှာဆီမီးတွေ ထွန်းရလောက်အောင်မှောင်လာတယ်။ ဘီလူး နဲ့စက်ဆရာပေါ်မလာသေးဘူး။

"ဟဲ့ …အဲဒီနှစ်ယောက်ဘယ်နားသွားနေကြတုန်း" ဆိုတဲ့ သူကြီးကတော်ရဲ့ အမေးစကားကြားရတယ်။ သူတို့နှစ်ယောက်ရဲ့ အရိပ်အခြေ ကိုမမြင်ရသေးဘူး။

လော်ကြီးရှေ့က ပရိသတ်လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြပြီး ပျောက်ချက်သားကောင်း နေ…အဲ‥လာပြီ…

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးနဲ့စင်ဆရာတစ်ယောက်ပုခုံး တစ်ယောက်ဖက်လို့ သိုင်းကွက်နင်းလျှောက် လာကြတယ်။ စက်ဆရာကတော့ အတော်မူးလာတယ် ထင်တယ်။ ခေါင်းတောင်မဖော်နိုင် တော့ဘူး။ ဘီလူးကတော့ ခြေလှမ်းသာ မှားတယ်။ မျက်နှာကသိပ်မပျက်ဘူး။ ထုံးစံအတိုင်း ပြီတီတီနဲ့။

သူတို့နှစ်ယောက်ကိုလည်းမြင်ရော ကလေးတွေက…''ဟဲလင်.. ဒေါ်စိန်တင်..ဝမ်းဘဲသားဖိုး''ဆိုပြီးသံပြိုင်အော်ကြတယ်။ အဲဒီအသံကို ဘီလူးက သူ့ကိုကြိုဆိုအော်ဟစ်တယ် မှတ်လို့လားတော့မသိဘူး မျက်နှာကိုပြုံးပြီး ဇာတ်မင်းသားပုရိသတ်ကို တော့တာပြသလို လုပ်ပြ တယ်။

သူကြီးကတော်က သူတို့ကို မျက်စောင်းခဲပြီး သက်ပြင်းချတယ်။ စက်ဆရာက စက်နားရောက်တယ်ဆိုရင်းပဲ ကြိုးတွေ ဟိုဖြုတ် ဒီတပ်နဲ့ လုပ်နေတယ်။ သိပ်မကြာဘူး၊ လော်ကြီးကနေ 'ဂွီ..ကျွီ..' ဆိုတဲ့အသံကြီးတွေထွက်လာတယ်။ နောက်စက်ဆရာက လေးတိုင်စင်ပေါ် တက် မိုက်ခွက်အနားသွားပြီး မိုက်ခွက်ကို တဒေါက်ဒေါက်ခေါက်တယ်။ လော်ကြီးဆီက တစ် ဒေါက်ဒေါက်မြည်တယ်။ ခုနကလှုပ်လှုပ်ရွရွဖြစ်နေတဲ့ ရွာသားအားလုံး အဲဒီအသံကြောင့် ငြိမ်ကျသွားတယ်။

''ဟယ်လို..ခာတ်ဆီတင်..ဝမ်း၊ တူး၊ သရီး၊ ဖိုး ဟယ်လို''

စက်ဆရာမိုက်ခွက်မှာတိုးတိုး လေးပြောတဲ့အသံကို လော်ကြီးကနေ အကျယ်ကြီး ပြန်ကြားရတော့ ရွာသားအားလုံး အံ့အားသင့်သွားကြတယ်။

''ဟယ်လို..ခာတ်ဆီတင်…ဝမ်း၊ တူး၊ သရီး၊ ဖိုး ဟယ်လို''

စက်ဆရာစက်ကို စိတ်ကြိုက်စမ်းပြီးမှ…။

''သူကြီးခင်ဗျား…ရွာသားအားလုံးကို ချစ်စွာသောနှုတ်ဖျားမှ ပီယ



www.burmeseclassic.com

www.burmeseclassic.com



ဝါစာ ချစ်ဖွယ် သောစကား ပြောကြားလို့ရပါပြီ”ဆိုပြီးပွဲထဲက လူရွှင်တော် မင်းသမီးခေါ်သလို သံနေသံထားနဲ့ခေါ်လိုက်တယ်။ ဒါကို အကြော်သည် ဒေါ်တုတ်ကထပြီး…။

“ဟယ်‥သူကြီး နှုတ်ခမ်းမွေးမှအားမနာ ချစ်စွာသောနှုတ်ခမ်းဖျားလေးတဲ့ အခုသူကြီး နှုတ်ခမ်းမွေးဖြုတ်ပွတ်လိုက်လို့ ဦးစွန်းဖုတ်ပါအရေလန်သွားမယ်”

ဒေါ်တုတ်စကားကြောင့် ရွာသားအားလုံးဝါးခနဲ ပွဲကျသွားတယ်။ ဒီလိုပဲလေ။ သူကြီးထိရင် တစ်ရွာလုံး ခံနိုင်ကြတာမှ မဟုတ်တာ။

စက်ဆရာကတော့ ဒေါ်တုတ်ရဲ့စကားကို သိပ်ကျေနပ်ပုံမရဘူး၊ ဒါပေမယ့် ပြန်ခံပြောလို့မရဘူးလေ၊ မြင်သာရွာသားတွေ ဘယ်လောက်ညီတယ်ဆိုတာ သူကြားဖူးထားတာ ကိုး။ ဒါ့ကြောင့် စင်ပေါ်က အသံကလေးပြန်ဆင်းလာပြီး သူ့စက်က အလုံးလေးတွေကို ဟိုလှည့်ဒီလှည့်လုပ်တယ်။ နောက်ပြီး သူကြီးပြောမှာဆိုတော့ ရှယ်ဖြစ်အောင် အက်(တ်)ဂိုး(Echo) ကိုအမြင့်ဆုံးတင်ပေးလိုက်တယ်။ ဟုတ်တယ်လေ ကျန်တဲ့လူတွေပြောရင် အက်တ်ဂိုးထည့်ပေးတာမဟုတ်ဘူး။ သူကြီးတွေမှ ရှယ်အနေနဲ့ ထည့်ပေးတာ။ ပြီးတော့ ဘီလူးကို လက်တို့ပြီး သုတ်သုတ်ထွက်သွားတယ်။

ရွာသားတွေက သူတို့နှစ်ယောက်ကို ဂရုစိုက်မနေတော့ပါဘူး။ သူကြီးနဲ့လော်ကြီးကို မမြင်လိုက်ရမှာစိုးလို့၊ အားလုံးအသံတိတ်ပြီး မျက်လုံးမမိုတ်တန်းကြည့်နေကြတယ်။ ဒါပေမယ့် အတော်ကြာထိ သူကြီးထွက်မလာသေးတော့ ရွာသားတွေမနေနိုင်တော့ဘူး။

“သူကြီးထွက်ပါတော့ဗျို့”

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



“သူကြီးရယ်..ပီရဝါစာ ချိုသာသောစကားလေး ကြားချင်လှပြီ” စသည်ဖြင့် တစ်ယောက်တစ်ပေါက် အော်နေကြတယ်။အဲဒါကိုကလေး တွေကပါ သံယောင်လိုက်ပြီး“ဟဲ့လင် ဒေါ်စိန်တင်...ဟဲ့လင် ဒေါ်စိန်တင်” ဆိုတဲ့ သံပြိုင်လိုက်အော်ကြတယ်။

အဲဒီအော်သံတွေကြားတော့ သူကြီးလည်း မနေနိုင်တော့ဘူးထင် တယ်။ တောင်ရှည်ကို ပြင်ဝတ်ပြီး လေးတိုင်စင်ပေါ်တက်လာတယ်။ သူကြီးကိုလည်း မြင်ရောဆူညံနေတဲ့ အသံအားလုံးပြန်ပြီး တိတ်ဆိတ် သွားပြန်ရော...။

သူကြီးကလည်း ကြက်သွေးရောင် ကတ္တီပါအုပ်ပေါင်းပိုးဖဲသား တိုက်ပုံအနက်၊ အဝါရောင်ပိုးဖဲတောင်ရှည်ကြီးနဲ့ ခန့်သန့်လို့။ ဒါတောင် စကားပြောရင် လှလှပပဖြစ်အောင် ဆိုပြီး သူကြီးကတော်က နှံ့သာကတိုး လူးပေးလိုက်တာ နည်းနည်းလက်လွန်သွားတယ်ထင် တယ်။ မျက်နှာတစ် ခုလုံး ဖွေးနေတဲ့အပြင် နှုတ်ခမ်းမွေတွေပါ သနပ်ခါးဖတ်ကပ်ပြီး လိုက်ဖြူ နေတယ်။ ဒါပေမယ့် သူကြီးပဲလေ။ ကာအိန္ဒြေကတော့ ပြည့်စုံသပေါ့။

သူကြီးစင်ရှေ့က မိုက်ခွက်နားရပ်လိုက်ပြီဆိုရင်ပဲ ရွာသားတွေ တုတ်တုတ်တောင်မလှုပ်တော့ဘူး။ သူကြီးဟန်မြင့်မြင့် မာန်ဝင့်ဝင့် ရွာသား တွေကို တစ်ချက်လှည့်ကြည့်လိုက်တယ်။

ပြီးတော့ မိုက်ခွက်ကိုဖယ် ‘အဟမ်း’ ဆိုပြီး လည်ချောင်းရှင်းတယ်။ ပြီးတော့ ရွာသားတွေကို တစ်ချက်ဝေ့လိုက်ပြန်တယ်။ ပြီးတော့ အသက်ကို ပြင်းပြင်းရှူတယ်။ ပြီးတော့ မိုက်ခွက်နားကပ်ပြီး‘ဟယ်လို’ ဆိုပြီးပြော တယ်။

သူပြောလိုက်တာက တစ်ခါတည်း၊ ဒါပေမယ့် စက်ကိုအက်(တ်)ဂိုးတင်



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့အတွက် 'ဟယ်လို ဟယ်လို' ဆိုပြီး နှစ်ခါမြည်တယ်။ ဒါကိုသူကြီးကလန့်သွားပြီး…

"ဟာ နှစ်ခါနှစ်ခါပြောတယ်"

သူ့စကားတိုင်းလော်ကြီးက အက်တ်ကိုးသံနဲ့ 'ဟာ နှစ်ခါပြောတယ်၊ ဟာနှစ်ခါ နှစ်ခါပြောတယ်' ဆိုပြီးလိုက်မြည်တယ်။ အဲဒီအသံကြောင့် သူမျက်လုံးကြီးပြူးသွားပြီး…"ဘယ်ကောင်လဲကွ ငါပြောတဲ့အတိုင်းလိုက်ပြောနေတာ"

လော်ကြီးကလည်း သူပြောတဲ့အတိုင်း…"ဘယ်ကောင်လဲကွ ငါပြောတဲ့အတိုင်း လိုက်ပြောနေတာ၊ ဘယ်ကောင်လဲကွ ငါပြောတဲ့ အတိုင်းလိုက်ပြောနေတာ"ဆိုပြီး နှစ်ခါမြည်တယ်။ အဲဒီအသံကြောင့် သူကြီး ပိုပြီး ဒေါသထွက်သွားတယ်။ တစ်ယောက်ယောက်က သံယောင်လိုက်နောက်နေတယ်ထင်တယ်။ ဒါ့ကြောင့် အသံကိုမြှင့် ပြီး…"ဟေ့ကောင် ငါပြောတဲ့တိုင်းလိုက်မပြောနဲ့နော်…"

လော်ကြီးကလည်း…

"ဟေ့ကောင် ငါပြောတဲ့တိုင်းလိုက်မပြောနဲ့နော်၊ ဟေ့ကောင် ငါပြောတဲ့တိုင်းလိုက် မပြောနဲ့နော်"ဆိုပြီးနှစ်ခါမြည်တယ်။

ဒါ့ကြောင့် သူကြီးပိုစိတ်ဆိုးလာတယ်။ ရွာသားတွေလည်း သူကြီးနဲ့ လော်ကြီးကိုကြည့်ပြီး ကြောင်ငေးနေကြတယ်။ ဒါ့ကြောင့်သူကြီးပိုရှက်သွားပြီး

"ဟေ့ကောင် မနောက်နဲ့နော် ငါသူကြီးကွ…"

လော်ကြီးကလည်း သူပြောတဲ့အတိုင်း…

"ဟေ့ကောင် မနောက်နဲ့နော် ငါသူကြီးကွ၊ ဟေ့ကောင် မနောက်နဲ့နော် ငါသူကြီးကွ"

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



သူကြီးပိုဒေါ်သထွက်သွားတယ်ထင်တယ်။ ဒါ့ကြောင့် အာခေါင်ခြစ်ပြီး…

“မင်းသူကြီးမဟုတ်ဘူး··ငါသူကြီးကွ”

“မင်းသူကြီးမဟုတ်ဘူး··ငါသူကြီးကွ၊ မင်းသူကြီးမဟုတ်ဘူး။ ငါသူကြီးကွ”

သူကြီးမျက်နှာရဲတက်လာတယ်။ စိတ်ဆိုးလို့ထင်တယ်။ ဒါကြောင့် အသံကိုမြှင့်ပြီး

“ဟော့ကောင်…”

“ဟော့ကောင်၊ ဟော့ကောင်”

“ငါဒေါသထွက်လာပြီနော်…”

“ငါဒေါသထွက်လာပြီနော်၊ ငါဒေါသထွက်လာပြီနော်”

“အောင်မာ··မင်းကဒေါသထွက်တော့ ဘာလုပ်ချင်လို့လဲ…”

“အောင်မာ··မင်းကဒေါသထွက်တော့ဘာလုပ်ချင်လို့လဲ၊”

“အောင်မာ··မင်းက ဒေါသထွက်တော့ ဘာလုပ်ချင်လို့လဲ”

“တောက်··တွေ့ကြသေးတာပေါ့၊ ဟဲ့··မစာငါ့ကိုနှစ်လုံးပြူး ပေးစမ်း…”

“တောက်··တွေ့ကြသေးတာပေါ့၊ ဟဲ့··မစာငါ့ကိုနှစ်လုံးပြူး ပေးစမ်း”

“အောင်မာ··ငါ့မိန်းမကိုများ ပိုင်စိုးပိုင်နင်း…”

“အောင်မာ··ငါ့မိန်းမကိုများ ပိုင်စိုးပိုင်နင်း”

“ဟော့ကောင်··မင်းမိန်းမ မဟုတ်ဘူးကွ၊ ငါ့မိန်းမ”

“ဟော့ကောင်··မင်းမိန်းမ မဟုတ်ဘူးကွ၊ ငါ့မိန်းမ၊ ”



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ သူကြီးသည်းမခံနိုင်တော့ဘူး။ မယားထိခါးကြည့် ဆိုတဲ့အတိုင်း သူ့ မိန်းမ ဒေါ်စာဘက်ကိုပါလှည့်ရမ်းတယ်။

“ဟဲ့··မစာ ဒီမှာ နင့်လင်ငယ် ငါ့ကိုခံပြောနေပြီ၊ ကောင်းသေးရဲ့ လား··မစာ·· ဟင်”

သူပြောတဲ့ အတိုင်းလော်ကလည်း အက်(တ်)ဂိုး သံနဲ့ သူကြီး ဒေါသ ကိုဆွတယ်။

ဟဲ့··မစာ ဒီမှာ နင့်လင်ငယ်ငါ့ကိုခံပြောနေပြီ၊ ကောင်းသေးရဲ့ လား··မစာ·· ဟင်··။

သူကြီးဒေါသူသံနဲ့···

“ဟေ့ကောင် ငါကလင်ကြီးကွ”

သူအော်တဲ့အတိုင်း···

“ဟေ့ကောင် ငါကလင်ကြီးကွ”

သူကြီးစကားတောင်မပြောနိုင်လောက်အောင် အသားတဆတ် ဆတ်တုန်သွားတယ်။ လက်သီးကိုဆုပ်၊ အံကိုကြိတ်ပြီး မဲ့ရှုံ့နေတာများ တက်သွားမလားအောက်မေ့ရတယ်။ ပြီးတော့ တုန်ရင်ဆို့နင့်တဲ့အသံနဲ့

“မစာ··မစာ နင်ငါ့ကိုရက်စက်တယ်”

လော်ကြီးကလည်း···

“မစာ··မစာ နင်ငါ့ကိုရက်စက်တယ်”

အဲဒီအသံလည်းကြားရော သူကြီးခေါင်းပြန်ထောင်လာပြီး···

“ဟေ့ကောင်”

“ဟေ့ကောင်···ဟေ့ကောင်”

“မင်း···မင်း···မင်း···”

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



သူကြီးစကားတောင် မဆုံးလိုက်ဘူး တက်သွားသလိုဖြစ်သွားတယ်။ ရွာသားတွေ ကတော့ သူကြီးနဲ့လော်ကြီးကို ငေးကြည့်နေမိတယ်။ သူတို့ လည်းဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူး။ အခြေအနေရိပ်မိတဲ့ သူကြီး ကတော်ကသာ ထဘီစွန်တော်ဆွဲ စင်ပေါ်ပြေးတက်လာပြီး…

"ဖယ်စမ်းပါ ကိုဖိုးထင် တစ်သက်လုံးယောကျ်ားတစ်ယောက်ထဲယူ လာတာ ဘယ်ကလင် ငယ်ကပေါ်လာရမှာတုန်း၊ ဒီကိစ္စကျုပ်ရှင်းမယ်"

ဆိုပြီး သူကြီးကိုတွန်းထုတ်ပြီး မိုက်ခွက်ရှေ့ရပ်ခါ ဒေါသတကြီးနဲ့…

"ဟဲ့..မသာ"

"ဟဲ့..မသာ၊"

"ဟဲ့..မသာ…"

လော်ကြီးက နှစ်ခါပြန်ထွက်တဲ့ မိန်းမသံကြောင့် သူကြီးကတော် လန့်သွားတယ်။ ဒါနဲ့မျက်လုံးကြီးပြူးပြီး…

"ဟင်…မိန်းမလည်းပါတယ်"

"ဟင်…မိန်းမလည်းပါတယ်၊ ဟင်…မိန်းမလည်းပါတယ်…"

အဲဒီအသံကြောင့် သူကြီးကတော်လည်း သူ့ကို တစ်ယောက် ခံပြောနေတယ်မှတ် ပြီး ဒေါသတကြီးနဲ့…

"ဘယ်ကောင်မလဲ ငါ့ကိုပြန်ခံတုတ်နေတာ၊ မစာတဲ့ဟော့ တစ်စာ တည်းရှိတယ်။ သတ္တိ ရှိရင်ထွက်ခဲ့စမ်း"

"ဘယ်ကောင်မလဲ ငါ့ကိုပြန်ခံတုန်နေတာ၊ မစာတဲ့ဟော့ တစ်စာ တည်းရှိတယ်။ သတ္တိ ရှိရင်ထွက်ခဲ့စမ်း၊ …"

"ငါစင်ပေါ်မှာရှိတယ်ဟော့ နင်သာတက်ခဲ့ ငါ့အကြောင်းသိသွား မယ်"

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ငါစင်ပေါ်မှာရှိတယ်ပေ့ နင်သာတက်ခဲ့ ငါ့အကြောင်းသိသွားမယ်"

ငါစင်ပေါ်မှာရှိတယ် အသံလည်းကြားရော ဒေါ်စောကြီး စင်ပေါ်ဝေ့ကြည့်လိုက် တယ်။ စင်ပေါ်မှာ သူနဲ့ ဒေါသထွက်လွန်းလို့ မျက်လုံးကိုမှိတ် အံကိုကြိတ်နေတဲ့ သူကြီး နှစ်ယောက်ထဲရယ်။ သူကြီးကိုမြင်တော့ သူထောင်းခနဲဒေါသထွက်သွားတယ်။ သူ့စိတ်ထဲမှာ သူကြီးက သူပြောတာကိုလိုက်ပြောပြီး မျက်လုံးကိုမှိတ် အံကိုကြိတ်ပြောင်ပြနေတယ် ထင်သွားတယ်။

သူကြီးကလည်း သူကြီးပဲ။ ဒေါသထွက်တာတောင် ရွာသားတွေရှေ့မှာမို့ထင်တယ်။ လက်ကိုခါးမှာထောက်လိုက်ရင် နိမ့်မှာစိုးလို့ ချိုင်းအောက်ဘက်ထောက်ပြီး လက်ပြင်ကိုကုန်း ဇက်ကိုတိုပြီး ဂိုက်ပေးကြမ်းနေတာ။

ဒီကြားထဲ မျက်လုံးကိုစုံမှိတ်ပြီး ငယ်သွားပေါ်အောင် သွားဖြဲအံကြိတ်ထားတာဆိုတော့ တကယ့်ကိုပြောင်နေသလိုကြီး။

သူကြီးကတော်လည်း သူ့ကိုတစိမ့်စိမ့်ကြည့်ပြီး ဒေါသပိုထွက်လာတယ်။ ဒါကြောင့် ထဘီစွန်တောင်ဆွဲပြီး...။

"တော့ ကိုဖိုးထင်"

"ဘာတုန်း မစာ"

မိုက်ခွက်နဲ့ နည်းနည်းဝေးနေတော့ သူတို့အသံတွေ မိုက်ထဲမဝင်ဘူး။ ဒါကြောင့် နှစ်ခါနှစ်ခါ မပြည်ဘူး။

"ရှင်လုပ်ပုံ ကောင်းသေးရဲ့လား"

"ငါက ဘာလုပ်လို့တုန်းဟာ"

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဩော်..အခုမှ ဘုရားဒကာလိုလို ဘာလိုလိုလုပ်မနေနဲ့ရှင်။ ကျုပ်ပြောတဲ့အတိုင်း နောက်ကလိုက်ပြောနေတာ မဟုတ်လား"

သူကြီးကတော်ရဲ့ စွပ်စွဲစကားကြောင့် သူကြီးမျက်လုံးပြူးသွားတယ်။

"ဟ..ငါကဘာပြောစရာရှိမှာတုန်း၊ ငါပြောတုန်းကလည်း ဒီလိုပဲ တစ်ယောက်ယောက်ကလိုက်ပြောနေတာ နင်အမြင်ပဲ"

သူကြီးစကားကြောင့် သူကြီးကတော်တွေသွားတယ်။ ဟုတ်သား၊ သူကြီးပြောတုန်း ကလည်း ဒီလိုနှစ်ခါမြည်သား။

"ဒါဆို ဘယ်သူလိုက်အော်နေတာတုန်း"

သူကြီးတွေသွားတယ်။ ချိုင်းအောက်လက်ထောက်ပြီး စဉ်းစားနေပုံ ရတယ်။ ဂိုက် ပေးကတော့ကြမ်းနေတုန်း။ အတော်ကြာမှ နံ့သာကတိုး ကြောင့်ဖြူဖွေးနေတဲ့ မျက်ခုံးနှစ်ဖက် မြင့်တက်သွားပြီး....။

"ဘီလူး"

"ဘီလူးဖြစ်မယ်၊ ဘီလူးဘယ်မှာလဲ"သူကြီးစကားကြောင့် ရွာသားတွေလှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။ ပွဲခင်းထဲ ဘီလူးပျောက် နေတယ်။

"ဘီလူး လော်ဆရာနဲ့ ထန်းတောထဲမှာတွေ့ခဲ့တယ်ဗျို့"ရွာသား တစ်ယောက်ရဲ့ ထအော်သံကြောင့် သူကြီးပိုစိတ်ဆိုးသွားတယ်။ လော် ဆရာနဲ့ဆိုတော့ ပိုသေချာပြီ။ ဒီကောင် လော်ဆရာနဲ့ပေါင်းပြီး တမင် လိုက်နှောက်ယှက်တာဖြစ်မယ်။ ဒါမျိုးလုပ်တတ်တာ သူတစ်ယောက် ရှိတာကိုး။

"တွေ့ကြသေးတာပေါ့ ဘီလူးရာ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီ စင်ပေါ်က ဝုန်းဆိုခုန်ချသွားတယ်။ နောက်ပြီး ဘီလူး ထန်းရည်သောက်တတ် တဲ့ ကိုရင်ကြက်ပု ထန်းတောဘက် ခြေလှမ်းကျဲကြီး နဲ့ လှမ်းဝင်သွားတယ်။ ဆိုက်ပျက်မှာဆိုး လို့ထင်တယ် ချိုင်းအောက်လက် အထောက်မပျက်ဘူး။

သူကြီးလည်းထွက်သွားရော သူကြီးနောက်ကို သသူကြီးကတော်ရော ရွာသားတွေ ပါ တဝုန်းဝုန်းထလိုက်သွားကြတယ်။ ဟုတ်တယ်လေ ဟိုမှာ သူကြီးနဲ့ ဘီလူး၊ ဘီလူးနဲ့သူကြီး ပွဲကြီးပွဲကောင်းကိုး။

ထန်းတောထဲမှာ ဘီလူးနဲ့ လော်ဆရာ တဟီးဟီး တဟားဟားနဲ့ ရှိနေကြတယ်။ ဘီလူးလက်ထဲမှာလည်း မိုက်ခွက်ကြီးတစ်ခွက်နဲ့။ ဘာတွေသဘောကျနေတာရယ်တော့ မသိဘူး။ လော်ဆရာဆို ရယ်ထား တော့ မျက်ရည်တွေပါ ထွက်တယ်။ အဲဒီအချိန်မှာပဲ. . .

"ဟော့ကောင် မပြေးနဲ့"

ဆိုတဲ့အသံနဲ့အတူ ရုတ်ချည်းဝင်းရောက်လာတဲ့ သူကြီးနဲ့ရွာသား တွေကြောင့် နှစ် ယောက်စလုံးလန့်သွားတယ်။

"အောင်မာ. . မိုက်ခွက်တန်းလန်းနဲ့ ဟော့ကောင်. . မင်းအခု ဘာငြင်းချင်သေးလဲ"

ဆိုပြီး ဘီလူးကို ဂုတ်ကဆွဲမလိုက်တယ်။ ဘီလူးကလည်း မိုက်ခွက် လေးကိုင်ပြီး ကြောင်အန်းအန်းနဲ့။

"ကျုပ်. . ကျုပ်. . ဘာလုပ်လို့လဲဗျ"

ဘီလူးစကားကို သူကြီးစိတ်ဆိုးသွားပြီး. . .။

"ခွေးကောင် ဘာအခုမှ မသိချင်ယောင်ဆောင်နေတာလဲ၊ မင်းဒီ မိုက်ခွက်နဲ့ ငါပြောတဲ့အတိုင်းလိုက်ပြောနေတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဘီလူး မျက်လုံးလေးပေးကလပ် ပေကလပ်ဖြစ်သွားတယ်…။

"ဟင်‥ကျွန်တော်မပြောရပါဘူး"

"အောင်မာ မိုက်ခွက်ကြီးနဲ့ လက်ပူးလက်ကျပ်မိတာတောင် လိမ်ချင်သေးတယ်။ မင်းမပြောရင် လော်ကဘာလို့ နှစ်ခါမြည်နေရတာလဲကွ‥ငါလုပ်လိုက်ရ သေတော့မယ် နော်။ ဟေ့ကောင် အမှန်တိုင်းပြောစမ်း"

"ဟာ…သူကြီး…နေဦး၊ လော်ကနှစ်ခါမြည်တာ သူ့ကြောင့်မဟုတ်ဘူး။ အက်(တ်) ဂိုးကြောင့်…"

ဆိုပြီး လော်ဆရာကရှင်းပြတော့ သူကြီးပိုလို့တောင် စိတ်ဆိုးသွားတယ်။ သူကိုယ် တိုင်ဆင်းဖမ်းတာတောင် မဟုတ်သေးဘူးဆိုတော့ ပိုဒေါသထွက်သွားတာပေါ့။ ဒါကြောင့် အားလုံးကြားအောင် အသံကိုမြှင့်ပြီး

"အဲဒီ အက်(တ်)ဂိုးဆိုတဲ့ကောင်က ဘယ်သူ့သားတုန်းကွဟေ"

သူကြီးစကားကို လော်ဆရာက မျက်လုံးပြူးသွားပြီး…

"ဟာ‥သူကြီး‥အက်(တ်)ဂိုးဆိုတာ ဘယ်သူ့သားမှ မဟုတ်ဘူး။ လာ‥ကျွန်တော် ပြမယ်…"

ဆိုပြီး အားလုံးလော်ကြီးရှိရာ ပြန်ချီတက်သွားကြတယ်။ ရွာသားတွေကလည်း နောက်က တရုန်းရုန်းပေါ့။

စက်ကြီးဆီလည်းရောက်ရော လော်ဆရာက အလုံးလေးတစ်လုံးကို လက်ညှိုးထိုး ပြပြီး…။

"အက်(တ်)ဂိုးဆိုတာ ဟောဒီအလုံးလေးဗျ။ ဟောဒါလေးကို ပြန်လှည့်လိုက်။ ဒါဆို အက်(တ်)ဂိုး မပါတော့ဘူး၊ အက်(တ်)ဂိုး မပါရင် နှစ်ခါမြည်တော့ဘူး။ မယုံရင်တက်ပြော ကြည့်…"



www.burmeseclassic.com

www.burmeseclassic.com



"အေး..ဟုတ်ရင်ဟုတ်ပေါ့ကွာ..."

စက်ဆရာရဲ့စကားကို သူကြီးက မယုံသေးသလိုနဲ့ စင်ပေါ် တက်ပြီး ဟယ်လိုလုပ် လိုက်တယ်။

အက်(တ်)ဂိုး ကိုလျှော့ထားတော့ တစ်ခါပဲမြည်တယ်။ အားလုံးအံ့အား သင့်သွား ကြတယ်။

"ကဲ..ဟောဒီ ဘောလုံးလေးတင်လိုက်။ ပြောကြည့်ပါဦး"

သူကြီးမိုက်နားကပ်ပြီး ပြောတယ်။

"ဟယ်လို"

သူပြောတာတစ်ခါထဲ၊ ဒါပေသည့် လော်က..."ဟယ်လို ဟယ်လို"ဆို ပြီး နှစ်ခါမြည်တယ်။ ဒါ့ကြောင့် သူကြီးလန့်သွားပြီး...

"ဟာ နှစ်ခါပြောတယ် ဟာ နှစ်ခါပြောတယ်"

သူကြီးလန့်သွားတယ်။ သူကြီးကိုကြည့်ပြီး လော်ဆရာကအားရသ လိုပြုံးပြီး...

"အက်(တ်)ဂိုး ဆိုတာအဲဒါပဲ သူကြီးရဲ့"

ဆိုတော့မှ ရွာသားတွေ သဘောပေါက်ပြီး အားလုံးဝိုးရယ်ကြ တယ်။ သူကြီးလဲ ရှက်လို့ထင်တယ် စင်ပေါ်ကဝုန်းခနဲခုန်ချပြီး အိမ် ပေါ်ကောက်ကောက်နဲ့ တက်ချသွားတာ ပြန်ကိုဆင်းမလာတော့ဘူး။

လော်ကြီးနဲ့လည်း ရွာသားတွေကို မိန့်ခွန်းမခြွေတော့ဘူး၊ နောက်ထပ်ကြားရတဲ့ သတင်းကတော့ သူကြီးကတော်ကိုတောင် ဆယ် ရက်လောက် စကားမပြောတော့ဘူးတဲ့။

ရွာသားတွေကတော့ မှတ်ချက်ပေးကြတယ်။ နှစ်ခါနှစ်ခါ မြည် မှာစိုးလို့တဲ့...။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဆာချုပ်

အဲဒီနှစ်မြင်သာရွာ မိုးခေါင်သပေါ့။

အဲ···နေဦး၊ မိုးဦးကျမှာ တစ်ခါတော့ရွာတယ်။ ရွာတာမှ သည်းကြီးမည်းကြီး။ လယ် ကသင်းတွေကျိုး ကမ်းပါးတွေပြိုကျတဲ့ အထိကို လေးငါးရက်ဆက်တိုက်ရွာတာ။ တစ်ချို့က ပြောတယ် စပါးဖျက် မိုးတဲ့။

ပြောလည်းပြောစရာ ရွာက လယ်တွေဆိုကုန်ရော။ မိုးကြီးတော့ မြစ်ရေလျှံတက်ပြီး လယ်တွေကိုရေလွှမ်းနေလိုက်တာများ ပင်လယ်ကြီး လားတောင် အောက်မေ့ရတယ်။

ရေတွေများ လယ်ကသင်းမှာဟီးထလို့။ ရာသီဥတုများ ဖောက်ပြန် ချင်တော့လည်း အကြောင်းမရွေးဘူး။ အဲဒီအချိန်ကစပြီး ခေါင်လိုက်တဲ့မိုး ပတ်ကြားအက်ပါ ထွာဆိုင်လောက် ကျယ်တဲ့ထိပဲ။

ဒါကြောင့် လယ်ကိုထမင်းရှင်လို အားကိုးနေရတဲ့ မြင်သာရွာ သားတွေ အဲဒီနှစ် ဘယ်လောက်ဒုက္ခရောက်မယ်ဆိုတာ စဉ်းစားသာကြည့်။ တစ်ချို့ကပြောတယ်၊ မိုးနတ်မင်း ကို မပူဇော်မပသလို့ ဒဏ်ခတ်တာတဲ့။

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် တခြားရွာကဆိုင်းဝိုင်းတွေငှား၊ မိုးခေါ်ဆိုင်းတွေတီး၊ မိုးနတ်သားကို ပသကြနဲ့ တစ်ရွာလုံးကို ယောက်ယက်ခတ်ရော။

ဘီလူးတို့ကာလသားတွေဆို မိုးရွာအောင် လွှန်တွေဆွဲကြတာများ လက်တွေပေါက်၊ ကြိုးတွေပြတ် အဖတ်တင်တယ်။ မိုးကတော့ ခေါင်မြဲပဲ။ ဒါကြောင့် ခါတိုင်း တစ်ခြားရွာတွေ လို စပါးသွင်းရလောက်အောင် ဆန်စပါးပေါများတဲ့ မြင်သာရွာ။ ဒီနှစ်စပါးရောင်းဖို့မပြောနဲ့ စပါးကြွေးတင်ပြန်ယူရင်း ကြွေးလည်ပင်းနစ်လာတော့တာပေါ့။

အဲဒီအချိန်မှာပဲ မျက်ဖြူဆိုက်လေ၊ ဆရာကြိုက်လေလား၊ ကံကော်လို့ ခြံုပေါ် ရောက်တာလား ခွဲခြားမရနိုင်တဲ့ အဖြစ်တစ်ခု ဖြစ်လာရတော့တယ်။

နောက်ပြီး အဲဒီအဖြစ်ကို စတင်သယ်ဆောင်လာတာက ဆေးဆရာဖိုးသာအို။

ဆေးဆရာဖိုးသာအိုကလည်း သိတဲ့အတိုင်းပဲ ရွာစဉ်လှည့်ဆေးကုနေတဲ့ တကယ့်လူလိမ်ဆေး ဆရာ။ သူကုလိုက်တဲ့ လူနာဆို လှည့်ကြည့်စရာမလိုဘူး။ လှည့်ကြည့်နေရင်တောင် ဇက် ညောင်းနေဦးမယ်။ မျက်လုံးကို ငရုတ်ခွန်ပတ်ပြီး စောင့်နေ။ ငိုရဖို့ကအသေအချာပဲ။ တစ်ချို့ လူနာတွေဆို သူ့ကိုမြင်တာနဲ့စန့်ခနဲနေတာ။ ဒီလောက်ကိုစွမ်းတဲ့ ဆရာ။ ဒါ့ကြောင့် မြင်သာရွာသားတွေဆို သူ့နောက်ကွယ်ကြရင် ပျောက်စေဆရာဆိုပြီး ကင်ပွန်းတပ်ပေးထားကြတယ်။ သူကုလိုက်ရင် ပျောက်သွားတာချည်းပဲ။ အသက်။

ဒါပေမယ့် သူ့အားသာချက်က အပြောကောင်းတာပဲ။ လူနာကိုစိတ်ချမ်းသာ အောင် ပြောတတ်တယ်။ ဘယ်လောက်ထိလည်းဆို တစ်ခါသား



www.burmeseclassic.com

www.burmeseclassic.com



ရှာဦးကျောင်းဆရာတော် လေအောင့်လို့ သူ့ခေါ်ပြတာ ဘာပြောတယ် မှတ်တုန်း…။

"ဆရာတော်ဘုရား လေအောင့်တယ်ဆိုတာ လေပွလို့ပါဘုရား။ ဒါကြောင့် လေမ ပွအောင် အသက်မရှူရင် ကောင်းသွားမှာပါဘုရား"

ဆရာတော်မှာ ဆွေ့ဆွေ့ခုန်ရောေ။ အဲဒီလို။ ရှာတောင်ပိုင်းက ဒေါ်မျှင်ခေါင်းကိုက် တုန်းကလည်း ဒီလိုပဲ။ အောင်မာ‥လူနိုင်ဆိုတော့ ပိုဆိုးသေး။ သူကတောင် အပေါ်ဆီး ကနေပြီး…။

"ဟဲ့‥မမျှင် ကောင်းကိုက်တယ်ဆိုတာ သွေးတက်ရာကစတာ ဟဲ့‥။ တစ်ကိုယ် လုံးကသွေးတွေ ခေါင်းပေါ်စုတက်တော့ ခေါင်းကိုက်ပါ လေရော။ ဒါကြောင့် တက်သွားတဲ့ သွေးခေါင်းပေါ်မရောက်အောင် လုပ်ရမယ်။ ရော့‥ဒီမှာလျှော်ကြိုး လည်ပင်းမှာ ခပ်တင်းတင်းချည်ထား ဘယ်သွေးမှ ခေါင်းပေါ်တက်တော့မှာ မဟုတ်ဘူး" တဲ့။ ခေါင်းပေါ်သွေးမတတ်ရင် နင်လည်း ခေါင်းကိုက်တော့မှာ မဟုတ်ဘူး" တဲ့။

ဒေါ်မျှင်ခမျာ လျှာပါထွက်သွားတယ်။ မျက်နှကြီးလည်းရဲချိပ်လို့။ ရှာကလူတွေ အတွေ့မြန်လို့၊ နို့မဟုတ်ရင် ပျောက်တယ်။ ခေါင်းကိုက် တာမဟုတ်ဘူး။ အသက်။ ဖိုးသာအို စကားယုံပြီး လည်ပင်းကြိုးချည်ထား လို့လေ။ ထားပါတော့။ ထားပါတော့။

အခုတော့ သူကရှာကိုကယ်တင်ဖို့ဆိုပြီး လူလို့ပြောလို့ရတဲ့ လူနဲ့ ခပ်ဆင်ဆင်တူ တဲ့ လူတစ်ယောက်ခေါ်လာတယ်။ အသားသပိတ်နူရောင်၊ ဦးမည်းပြောင်ပြောင်၊ ဗိုက်ရွဲရွဲ၊ အဝတ်မပါတဲ့လူ၊(အဲ‥နံငယ်ပိုင်း အဖြူတစ်ထည်တော့ ဝတ်ထားသပေါ့)အဲဒီလူတစ်ယောက်ပါလာတယ်။ အဲဒီလူက သိကြားမင်းတောင် မလုပ်နိုင်တဲ့ငွေတိုးချေးစားတဲ့ အလုပ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



တာတဲ့။ သူ့နာမည်က‘ဟဂျားဆာမိ’ တဲ့။ ဒါပေမယ့် အဲဒီနာမည်က ခေါ်ရတာ ချစ်မွေးမပါလို့ ချစ် မွေးပါတဲ့နာမည်ခေါ်ကြတယ်။ နှစ်လုံးထဲ။ လှတယ်။ အသံလည်းသာတယ်။ ခေါ်လို့လည်း ကောင်းတယ်။ ချစ်တီး..တဲ့...။

လာတာက ဝေါထမ်းစင်နဲ့။ တစ်ကိုယ်လုံးသွားနဲ့ နံငယ်ပိုင်းပဲပေါ်တယ်။ အသား ကတော့ သပိတ်နရောင်ဆိုတဲ့အတိုင်း နက်တာမှမှောင်လို့။ ညဖက်များမြင်ရင်၊ အိုး... မြင်မယ်လို့ကိုမထင်ရဘူး။ မတော်တဆ မြင်ရင်တောင် အရိပ်ကျနေတယ်ထင်ပြီး တက်နင်း သွားကြမှာ။ ထားပါတော့ ဥပတိကမသားနားပေမယ့် ငွေကျတော့ ကျိကျိတက်ချမ်းသာသတဲ့ဗျ။ မထင်ရက်စရာ...။

ရွာက နည်းနည်းချမ်းသာတဲ့ လယ်ပိုင်ရှင်ဦးစိန်လန်တို့ ပိုးကတ္တီပါအင်္ကျီနဲ့ ဖဲသား တောင်ရှည်ကို မချွတ်တမ်းဝတ်နေကျ။

အခု ချစ်တီးဆိုတဲ့လူက ဦးစိန်လန်တို့ထက် ဆယ်ဆ၊ အဆနှစ်ဆယ်လောက် ချမ်းသာတာတောင် နံငယ်ပိုင်းလေးပဲ ရှိတယ်ဆိုတော့ ရွာသားတွေကမယုံချင်ကြဘူး။ အင်္ကျီ တောင်မဝတ်နိုင်တဲ့ လူကငွေအများကြီးချမ်းသာနိုင်ပါ့မလားပေါ့။ နို့ပေမယ် သူ့ရဲ့ငွေချေး ရက်ရောပုံကို မြင်မှ တကယ်ချမ်းသာတာပါလားဆိုပြီး ယုံကြည်တယ်။

မယုံလို့မဖြစ်ဘူးလေ။ ချစ်တီးရဲ့ ငွေချေးရက်ရောပုံက ကြောက်ခမန်းလိလိပဲ။ ဥပမာ- လယ်တစ်ဧကမှာ စပါးဆယ်တင်းထွက်တယ်ဆိုပါတော့။ (ဥပမာပြောတာနော်) ချစ်တီးဆီက ရှစ်တင်းဖိုးငွေပိုယူလို့ရတယ်။ အတိုးကလည်း အများကြီးရယ်လည်း မဟုတ်ဘူး၊ သုံးကျပ်တိုးတဲ့။ နို့ပေမယ့် နှစ်ထပ်တိုးဆိုတာ တစ်ခုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ထပ်တိုးဆိုတာ ဘာရယ်ဆိုတာတော့ မသိပါဘူး။ သိအောင်လည်း ဘယ်သူမှ မစုံစမ်းကြဘူး။ အရေးကြီးတာက လတ်တလောငွေရဖို့ အဆင်ပြေဖို့လောက်ပဲ စဉ်းစားကြ တာကိုး…။

အမှန်တော့ ရွာသားတစ်ယောက် တစ်နေကုန် ကုန်းရုန်းကြိုးစားပြီး အလုပ်လုပ် တာတောင် တစ်မူးနှစ်ပဲလောက်ရနိုင်တဲ့အချိန်မှာ သုံးကျပ် နှစ်ထပ်တိုးဆိုတော့ စဉ်းစားသာကြည့်။

ရွှေဒင်္ဂါးတစ်ပြားမှ ကိုကျပ်၊ လေးတင်းဝင်ဆန်တစ်အိပ်မှသုံးကျပ်၊ ချည်ချောလုံ ချည်တစ်ကွင်းဆယ့်တစ်ပဲ၊ ဆီတစ်ပုံးနှစ်ကျပ်၊ ဝက်သားတစ်ပိသာ ခြောက်ပဲလောက်ရှိတဲ့ အချိန်မှာ သုံးကျပ်နှစ်ထပ်တိုးဆိုတာ နည်းတာလိုက်လို့။ သူ့ဆီကငွေတစ်ဆယ်ယူလိုက်တိုင်း စပါးလေးတင်းစာ ရှုံးနေပြီ…။ဒါတောင် နှစ်ထပ်တိုးဆိုတာကြီးပါသေးတယ်…။

နို့ပေမယ့် ခုနကပြောတဲ့အတိုင်း အားလုံးကလတ်တလော အဆင်ပြေဖို့လောက် စဉ်းစားနေကြတာဆိုတော့ ငွေရလွယ်တဲ့ ချစ်တီးကုလားနဲ့ ပလဲနံပသင့်နေတာ ထူးတော့မ ထူးဆန်းတော့ပါဘူး။ ဒါကြောင့်ငွေကြေးအဆင်ပြေတဲ့ သူကြီးသူတစ်ယောက်လွဲပြီး ကျန်တဲ့လူတွေအားလုံးက ချစ်တီးဆီမှာ ငွေချေးယူကြတာပေါ့။

ချစ်တီးငွေစချေးတဲ့နေ့မှာပဲ ဖိုးသာအိုအိမ်ရှေ့(ချစ်တီးက ဖိုးသာအို အိမ်မှာ ခဏ တည်းတယ်လေ) ရွာသားအားလုံး ထမရည်(ထမင်းရည်) ချောင်းစီး အလှူပွဲကြီးပေးသလို ကြိတ်ကြိတ်တိုးစည်ကားနေတော့တာပဲ။ သူကဘယ်လောက်ချေးမယ်၊ ငါကဘယ်လောက်ယူမယ် စသည်ဖြင့် ဆူညံလို့ပေါ့။ အတော်ကြာမှ ဖိုးသာအိုနဲ့ချစ်တီး အိမ်အောက်ဆင်းလာတယ်။ ချစ်တီးကတော့ ထုံးစံအတိုင်းပဲ နံငယ်ပိုင်းနဲ့။ ပုခုံးပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တဘက်တစ်ထည်တင်ထားတယ်။ ဖိုးသာအိုကတော့ ဖဲသားတိုက်ပုံ ကတ္တီပါပတ်ပေါင်းကြီးနဲ့ ခန့်ငြားလို့။ မသိရင်ပဲ သူကြွယ်လိုလို ဘာလိုလို။ ရွာသားအားလုံးကို အပေါ်စီးကဝေ့ကြည့်လိုက်ပြီး။

"ကဲ··ငွေချေးချင်ကြတဲ့ ရွာသားအားလုံး နားထောင်ကြပါခင်များ···"

ရွာသားတွေ ငြိမ်ကျသွားတယ်။

"ကျုပ်ရဲ့သူဌေး 'ဟာဂျာဆာမိ' လို့ခေါ်တဲ့ ချစ်တီးကုလားဟာ ရပ်ရည်တင်ချစ်စ မွေးပါတာမဟုတ်ပါပဲ··အပေးအကမ်းလည်း ရက်ရော သူပါ။ ဒါကြောင့်···"

သူ့စကားတောင်မဆုံးလိုက်ပါဘူး။

"သိပါပြီဗျို့··တော်ပါတော့···"

"ချောတယ်လို့လိုက်ပြောပေးရင် ငွေပိုချေးမှာလားဗျို့···"

"ဇာတ်မင်းသားလုပ်ချင်ရင် မြို့ပြန်ပါဗျို့···"

စသည်ဖြင့် ဆူညံကုန်တယ်။ ဟုတ်တယ်လေ။ အားလုံးငွေလာ ချေးတာ သူ့ကိုအလှ လာကြည့်တာမှမဟုတ်ပဲ။ ချစ်တီးကုလားထိုင်ကြည့် မယ့်အစား မီးသွေးတုံးထိုင်ကြည့်တာမှ မှိုတက်ရင် အဖြူရောင်သန်း တာမြင်ရဦးမယ်။

"အဲ···အဲသည်လို···"

"လိုရင်းကို ပြောပါဗျို့"

ဖိုးသာအိုစကားတောင် မစရသေးဘူး။ ရွာသားတစ်ယောက် ထအော်တယ်။ ဒါကြောင့် ဖိုးသာအိုမျက်နှာ နီရဲသွားတယ်။ အမှန်တော့ သူက ချစ်တီးကုလားအကြောင်းကို ဖားပြောလေးပြေချင်နေတာ။ ဒါမှ သူလည်းစားပေါက်ချောင်မှာကိုး···။ ဒါနဲ့ရှက်ရှက်နဲ့ ပဲ···

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့...ဒါကြောင့် ငွေချေးချင်သူအားလုံး ဒီစာရွက်ပေါ်မှာ လက်မှတ်ထိုး ပေးကြပါ။ ဒါမှမဟုတ်ရင် ကြက်ခြေခတ်ပေးပါ..."

ဖိုးသာအိုရဲ့ စကားကြောင့် ရွာသားတွေအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ ဘာသဘောလဲ လက်မှတ်ဆိုတာ ဘာလဲ စသည်ဖြင့် ဆူညံသွားကြပြန်တယ်။ အဲဒီအချိန်မှာပဲ...။

"အဲဒါက ဘာသဘောလဲ"

မေးတဲ့သူက ဘီလူး။ ဘီလူးကိုမြင်တော့ ဖိုးသာအို မျက်နှာရှုံ့မဲ့ လိုက်တယ်။ ဒီကောင်ဘာလာရှုပ်ပြန်ပြီးလဲပေါ့။ နောက်ဒီအမေးကို 'ဘာဖြစ်ဖြစ်ကွာ' လို့ပြန်ဖြေလို့မရ ဘူးလေ။ ရွာသားအားလုံးကလည်း စိတ်ဝင်စားသွားကြတာကိုး...။ ဒါကြောင့်...။

"ဒါကငွေချေးယူ ထားတာ အသိအမှတ်ပြုကြောင်းပါခင်ဗျာ။ တခြားထွေထွေ ထူးထူးတော့ မဟုတ်ပါဘူး"

ဖိုးသာအိုရဲ့ စကားကို ဘီလူးကချက်ချင်းဆိုသလိုပဲ။

"ဒါဆို ခင်ဗျားအရင်လက်မှတ်ထိုးပြ"ဘီလူးစကားကို ဖိုးသာ အိုက ပြီးပြီးရောရော သဘောနဲ့...

"ဒီလိုကွာ..."

ဖိုးသာအိုဆိုပြီး စာရွက်ဖြူတစ်ရွက်ပေါ် လက်မှတ်ထိုးပေးလိုက် တယ်။ ဒီစာရွက် ယူပြီး ဘီလူးက မကျေနပ်နိုင်သေးဘဲ...။

"ဟိုလမိုက်ညကြီးရော လက်မှတ်ထိုးပြ"

ချစ်တီးကုလားကို လက်ညှိုးထိုးပြီးပြောတယ်။ ဘီလူးလှဦးနဲ့တွေ့ မှ ချစ်တီးကုလား ပါ လမိုက်ညဖြစ်သွားရတယ်။ မထူးပါဘူး လမိုက် ညလည်း မည်းတာပါပဲ။ ဘီလူးလှဦး စကားကို ချစ်တီးကုလားက ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပုံမရဘူး။ ဒါကြောင့် ဖိုးသာအိုကပဲ ရွာ သားတွေမသိတဲ့ (အဲဒီ တုန်းကမကြားဘူးတဲ့) ဘာသာစကားတစ်ခုနဲ့ ချစ်တီးကုလားကို ရှင်းပြတယ်။

ဖိုးသာအိုစကားကို ချစ်တီးကခေါင်းတစ်ငြိမ့်ငြိမ့်လုပ်ပြီး စာရွက် အဖြူတစ်ရွက်ပေါ် လက်မှတ်ထိုးပြတယ်။

ဘီလူးလုဦးက အဲဒီလောက်နဲ့ မကျေနပ်နိုင်သေးပဲ...။ "မရှင်း သေးလို့ နောက်တစ်စောင်ထိုးပြဦး" ဖိုးသာအိုက စကားပြန်တယ်။ ချစ်တီးကြီးက ပြီးပြီးရော သဘောနဲ့ လက်မှတ်ထိုးပြတယ်။ လုဦးက အဲဒီစာရွက်နှစ်ခုလုံးကိုကောက်ယူလိုက်ပြီး... "ကဲ..သွားဦးမယ်။ ကျုပ် လည်း ပေါင်စရာရှိတာ လာပေါင်ဦးမယ်ဗျို့" ဆိုပြီး ထွက်သွားပါ လေရော...။

ရွာသားတွေစိတ်ထဲမှာတော့ ဒီကောင်ရှုပ်စရာမရှိ ကြံဖန်လာရှုပ် တယ်လိုထင်နေ ကြတယ်။ ဟုတ်တယ်လေ။ ဘီလူးမှာပေါင်စရာဆိုလို့ သူ့အမေဒေါ်တော ရင်လျှားထားတဲ့ ထဘီတစ်ထည်းလောက်ပဲရှိတယ်။

ဒီလိုနဲ့ ဘီလူးလုဦးထွက်သွားပြီး လက်မှတ်ထိုးကြ၊ ကြက်ခြေ တွေခတ်ကြ၊ ပြီးရင် ချစ်တီးကုလားဆီက ငွေတွေထုတ်ကြနဲ့ တစ်ရွာလုံး ပျော်လို့ရွှင်လို့ပေါ့။ စဉ်းစားကြည့်လေ ခါတိုင်းဆို တစ်နေကုန်ကုန်းရုန်းပြီး လုပ်မှ နှစ်ပဲလောက်ရတာ။ အခုတော့လက်မှတ်ကလေးတစ်ချက်ထိုးတာနဲ့ တစ်ဆယ်လည်းဟုတ်၊ နှစ်ဆယ်ဆိုလည်းဟုတ်ပဲ။ ကိုယ် လယ်ဘယ်နှစ် ဧကပိုင်တယ်ဆို တာသာ သူကြီးထောက်ခံချက်ယူလိုက်။ ချစ်တီးကလည်း ငွေကိုပက်ခနဲ ပေးပြီးသား။ ပျော်စရာကြီး။

ဘယ်လောက်ထိလဲဆို ကိုရင်ကြက်ပုတောင် ဘာမဆိုင် ညာ



www.burmeseclassic.com

www.burmeseclassic.com



မဆိုင် သူ့ထန်းတောကို ငွေသုံးဆယ်နဲ့ ဝင်ပေါင်သွားသေးတယ်။ ငွေလိုလို့လည်း မဟုတ်ဘူး။

"သူများမိုးခါးရည်သောက်ပြီး ကိုယ်မသောက်ရင် အရူးဖြစ်သွားမှာပေါ့"တဲ့။ ဒါ့ကြောင့် သူ့ထန်းတောကို ဝင်ပေါင်သွားတာဆိုပါရော့လား။

အမှန်တော့ မြင်သာရွာ တစ်ရွာလုံး မိုးခါးရည်သောက်မိကြောင်းကို အဲဒီတုန်းကတော့ ဘယ်သူမှ မသိကြဘူးပေါ့။ သူတို့တွေရဲ့ စိတ်ထဲမှာ အခုယူထားသမျှ အလုပ်ပြန်လုပ်ရင် ငွေပြန်ရရင်ပြန်ဆပ်ကြေမယ် မှတ်တာကိုး။ သူတို့တွေရဲ့ ကံကြမ္မာကို လမိုက်ညကြီးကတော့ ဧရပ်သီးတောင့်ကိုက်ပြီး ပြုံးပြုံးကြီးကြည့်နေတယ်။

ဒီလိုနဲ့ နှစ်တစ်ပတ်လည်လာတယ်ဆိုပါတော့။ သူ့ရာသီနဲ့ သူကိုက်ညီအောင် စိုက် ထားတဲ့ ရွာသားတွေလဲ အလုပ်ကိုကြိုးစားလုပ်ရင်း ငွေတွေပြန်ပြီးအဆင်ပြေလာတယ်။ ဒါ့ကြောင့် ချစ်တီးဆီကချေးထားတဲ့ ငွေတွေပြန်ဆပ်ကြမယ်ပေါ့။ မြန်မာတွေကလဲ သိတဲ့ အတိုင်း ကြွေးကို သေတဲ့ထိထားမသွားချင်ဘူး။ မြေခံရမှာကြောက်လို့။ ဒါကြောင့် ယာတွေ ကိုင်းတွေက အဆင်ပြေရင်ယူထားသမျှ ပြန်ဆပ်မယ်ပေါ့။ သူတို့ အတွေးထဲမှာတော့ လွယ် လွယ်လေး။ ဒါပေမယ် သူတို့ထင်သလောက် မလွယ်ဘူးဆိုတာ သိကြတဲ့အချိန်ကြတော့ အချိန်က အတော်ကလေးကို နှောင်းနေလေပြီ။

တကယ်ငွေပြန်ဆပ်တဲ့ အခါကြမှ အဲဒီပြဿနာက သူတို့ အားလုံးကို မျက်လုံးပြူး စေခဲ့တယ်။ အဲဒီအချိန်ကြတော့ တစ်ရွာလုံးကြွေးလည်ပင်းနစ်နေကြပြီလေ။ ကြွေးလည်ပင်း နစ်နေတာကလည်း သိပ်



www.burmeseclassic.com

www.burmeseclassic.com



တော့မထူးဆန်းဘူး။ ချစ်တီးက သူတို့ကိုကြွေးလည်ပင်းမနစ်နစ်အောင် အတိုးတွေဖိသိပ်ခဲ့တာကိုး။ ချစ်တီးကုလားတွက်တဲ့ အတိုးက ဒီလို။ ချစ်တီးကုလား ဆီက ငွေတစ်ဆယ်ပဲချေးထားတယ်ထားဦး၊ အတိုးသုံးကျပ် အပြင် နှစ်ထပ်တိုးနဲ့ ဒီလိုတွက်တယ်...။

ချေးငွေ-(၁၀)ကျပ်၊ အတိုးသုံးကျပ်။ ပေါင်းသုံးဆယ်ကျပ်။

ထို့ကြောင့် ပထမလ- (၁၃)ကျပ်။

ဒုတိယလ-(၁၃)ကျပ်၊ အတိုး(၃)ကျပ်၊ ပေါင်း(၁၆)ကျပ်။ အတိုးပေါ် အတိုးဆင့်၍

အတိုး(၆)ကျပ်ကို အတိုး(၁)ကျပ်(၈၀)ပြား၊ ပေါင်း(၁၇)ကျပ်ပြား(၈၀)၊ပေါင်း-(၁၇)ကျပ် ပြား(၈၀)။

တတိယလ(၁၇)ကျပ်(၈၀)ပြား၊ အတိုး(၄)ကျပ် ပြား(၇၀)။

ထို့ကြောင့် တတိယလ (၂၂)ကျပ် (၅)ပြား။

စတုတ္ထလ(၂၂)ကျပ်(၅)ပြားကို အတိုး(၆)ကျပ်ပြား(၆၀)။

ထို့ကြောင့် စတုတ္ထလ (၂၈)ကျပ် (၆၅)ပြား။

ပဥ္စမလ-(၂၈)ကျပ်(၆၅)ပြား ကို အတိုး (၈) ကျပ်

(၃၆)ကျပ် (၆၅)ပြားပဲ..။

ဆဋ္ဌမလမှ (၃၆)ကျပ်(၆၅)ပြား...ပဲစွန်းမပါကို အတိုး(၁၀)ကျပ်(၈၅)ပြား၊ ပေါင်း (၄၅) ကျပ်(၅၀)ပြား။

ဒါ့ကြောင့် ချစ်တီးကုလားဆီက ငွေ(၁၀)ကျပ်ပဲချေးဦး(၆)လမှာ အတိုးပေါ် အတိုးဆင့်နဲ့ အတိုးချည်းပဲ (၄၇)ကျပ်(၅၀)ပြားပတ်ဝန်းကျင်တက်နေပြီ။ ဘယ်လိုပြန်ဆပ်နိုင်တော့ မလဲ။ တစ်နှစ်ဆိုရင် တွက်သာကြည့်။

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ရှိသမျှလယ်တွေ၊ အိမ်တွေ၊ နွားတွေ အားလုံးချစ်တီး ကုလားဆီ ထိုး အပ်လိုက်ရတာပေါ့။ ဒါကြောင့် အကြွေးမကျေလို့ ချစ်တီး ကုလားဆီ ကျွန်ပြန်ခံပြီး ကိုယ်ပိုင် တဲ့လယ်ကိုယ်ပြန်လုပ်၊ ရသမျှငွေ တွေကို ချစ်တီးဆီပုံအပ်ပေးပြီး သံသရာကြွေးတွေ ဆပ်မယ့်ပုံ။

ဒါကိုမကျေနပ်ကြတဲ့ ရွာသားတွေက ဒါချစ်တီးကုလား သက်သက် အမြတ်ကြီးစားတာ။ လူလည်ကျတာ မပေးနိုင်ဘူး။ ဘာလုပ်ချင်လဲ စသည်ဖြင့် ခတ်တင်းတင်းနေကြတယ်။

ဒါပေမယ့် ချစ်တီးကုလားကလည်း လူလည်ပဲ။ ဒီလောက်မှ မပိုင် ရင် ဒီအလုပ် ဘယ်လုပ်ပါ့မလဲ။ ရွာကလူတွေ အဲဒီလိုလယ်တွေမအပ်၊ ကြွေးတွေမဆပ်တော့ ချက်ချင်း မြို့တက်ပြီး မြို့ဝန်မင်းကို တိုင်ကြား တော့တာပဲ။

သိပ်မကြာပါဘူး ချစ်တီးကုလား ဖိုးသာအိုအပြင် အခြွေအရံ အမြောက်အမြားနဲ့ မြို့ဝန်မင်း မြင်သာရွာကို ဆင်းချလာတော့ပေါ့။ မြို့ပိုင်မင်းတို့ အတွင်းဝန်မင်းတို့ဆိုတာ မြင်သာရွာကို တစ်သက်နဲ့ တစ်ကိုယ်တစ်ခါမှ ဆင်းလာဖြေရှင်းပေးရတယ်ဆိုတာ မရှိဘူး။ ဒီလောက် ပြဿနာမရှိဘဲ တည်ငြိမ်အေးချမ်းတဲ့ မြင်သာရွာ။ အခုတော့ ချစ်တီး ကုလားတစ်ယောက်အတွက် နဲ့ မြို့ဝန်မင်းဆင်းပြီး ဖြေရှင်းပေးရလောက်အောင် ပြဿနာရှုပ်ခဲ့ပြီပေါ့။

“ဒူး…ဒူး…ဒူး…”

ကျယ်လောင်တဲ့ မောင်းသံဟာ ဒီတစ်ခါတော့ သာယာနာပျော်ဖွယ် မဖြစ်ဘဲ ခြောက်ခြားဖွယ် အူသံတစ်ခုဖြစ်နေတယ်။

အဲဒီမောင်းသံကြောင့် မြင်သာရွာသားတွေအကုန်လုံး ညှိုးနွမ်း



www.burmeseclassic.com

www.burmeseclassic.com



အားငယ်တဲ့ မျက်နှာတွေနဲ့အတူ သူကြီးအိမ်ရှေ့ကို ဖြည်းလေးစွာစုရုံး ရောက်လာကြတယ်။ သူတို့တွေရဲ့ မျက်ဝန်းအစုံမှာလည်း မျက်ရည် တွေဝေသီလို့။

မြို့ဝန်မင်းရဲ့ ခံ့ညားတဲ့ဥပတိရုပ်ကိုတောင် မော့မကြည့်နိုင်ကြပဲဘဲ ကိုယ်အတွေးနဲ့ ကိုယ် ငြိမ်သက်တိတ်ဆိတ်နေကြတယ်။

မြို့ဝန်မင်းရှေ့မှာ ကားယားကြီးထိုင်နေတဲ့ချစ်တီးကုလားရဲ့ အပြုံးက စက်ဆုပ်စရာ ပြည့်နှက်လို့။

"ဟဲ့..မောင်မင်းများ"

"ဘုရား..."

မြို့ဝန်မင်းရဲ့ခေါ်သံကို အားလုံးသံပြိုင်ထူးကြတယ်....။

"မောင်းမင်းတို့...ဟောဒီချစ်တီးကုလား ဟာဂျာဆာမိက လယ်ပေါင်၊ အိမ်ပေါင်ငွေချေးခဲ့ကြတယ်ဆိုတာ ဟုတ်စ"

တစ်ရွာလုံးအပ်ကျသံ ကြားရအောင် တိတ်ဆိတ်သွားကြတယ်။ မြို့ဝန်မင်းက သူ့အရှေ့စားပွဲကို ဖြန်းခနဲ ပုတ်ပြီး...။

"ဟဲ့..ကျုပ်မေးနေတာကို မဖြေရလောက်အောင် မင်းတို့ 'အ' သွားကြပြီလား ကွဲ့...ဟေ"

အဲဒီတော့မှ တုန်ရင်ဆို့နင့်စွာ မညီမညာနဲ့...။

"မှန်...မှန်ပါ..."

ရွာသားတွေရဲ့ အဖြေစကားကို မြို့ဝန်မင်း စိတ်မသက်သာသလို သက်ပြင်းချပြီး။

"ဟင်...မိုက်လိုက်တဲ့ ရွာသား၊ မောင်တို့ဒီလူတွေဆီက ငွေချေးရင် ဒီလိုဖြစ်မယ် ဆိုတာ မသိကြဘူးလား..."



www.burmeseclassic.com

www.burmeseclassic.com



“မသိလို့ပါ ဘုရား…”

ရှာသားတွေစကားကို မြို့ဝန်မင်းပိုစိတ်ပျက်သလို သက်ပြင်းချပြီး…။

“တုံးလိုက် အလိုက်ကြတာ၊ ဘဟုသုတလည်းမကြွယ်ဝ၊ အသိအမြင်လည်း နည်းပါးကြပါလားဟရို့”

မြို့ဝန်ဆီက သက်ပြင်းချသံ ထပ်ကြားရတယ်…။

“ကဲ‥ကဲ‥ဘာပဲဖြစ်ဖြစ်၊ လူမှာကတိ မင်းမှာသစ္စာဆိုတဲ့ အတိုင်း၊ သိက္ခာတော့ အကျမခံနဲ့ဟဲ့။ တော်ကြာ ငါတို့မြန်မာ ကတိမတည်တဲ့ လူစားရယ်လို့ တိုင်းတစ်ပါးသား အထင်သေးရှော့မယ်။ ဒါကြောင့်ဟဲ့ ‥ ရှာသားတို့”

“ဘုရား”

“ချစ်တီးကုလား ဟဂျာဆာမိဆီက ယူထားတဲ့ ငွေးမြီတွေ အတိုးတွေရော အရင်း ပါ ကတိပြုစာချုပ်အတိုင်း မပျက်မကွက်ပြန်ဆပ်ကြရမယ်…”

အုံ့အုံ့ပုံ့ပုံ့အသံတွေ ဟိုနားတစ်စ သည်နားတစ်စ တိုးတိတ်စွာ ကြားရတယ်။ သြော်…အခုတော့လည်း တစ်ရွာလုံး အိုးမဲ့ အိမ်မဲ့၊ လယ်မဲ့ ယာမဲ့ နေစရာမဲ့ဘဝရောက် ကြရပြီပေါ့။

တစ်ရွာလုံး မျက်ရည်ချောင်းစီးရအောင်လည်း ငိုပွဲဆင်နွဲရပြီလေ။ အခုမှတော့ ဘာတတ်နိုင်ဦးမှာလဲ…။

တစ်ရွာလုံးရဲ့ကံကြမ္မာကို ချစ်တီးကုလားက အတိုးလေးသုံးကျပ်ထဲရယ်နဲ့ သတ်ဖြတ်သွားခဲ့ပေါ့။

“ဟဲ့‥စိန်လန်…”

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား"

မြို့ဝန်ရဲ့ခေါ်သံကို ဦးစိန်လန် တုန်ရင်စွားထူးတယ်။ မြို့ဝန်က သူ့ရှေ့က စာချုပ်စာရွက် ဆွဲယူကြည့်ပြီး…။

"မောင်..ပိုင်ဆိုင်သမျှ လယ်ဧကနှစ်ဆယ်ကို ချစ်တီးကုလား ဟဂျာဆာမိဆီ ငွေတစ် ရာ့ငါးဆယ်နဲ့ အပေါင်ထားမယ်ဆိုပြီး စာချုပ်မှာ လက်မှတ်ထိုးခဲ့တယ်..ဟုတ်စ.."

"မှန်..မှန်ပါ…"

မြို့ဝန်မင်း သက်ပြင်းချတယ်။ ပြီးတော့ ကြိတ်မနိုင်ခဲမရအသံနဲ့။

"အင်း..အင်း..မိုက်ပေါ့..ကဲ ..အပေါင်ထားတယ်ဆိုရင် ယူထားတဲ့ငွေတွေ အတိုးရော အရင်းပါဆပ်စေ။ မဆပ်နိုင်ပါက ပိုင်ဆိုင်သမျှ လယ်ယာအိမ်တွေနဲ့ ကျေသည် အထိ လျှော်ပေးစေဗျား…"

ဦးစိန်လန် ဘာမှမတတ်နိုင်တော့ဘဲ ဝေ့တက်လာတဲ့မျက်ရည် ကို လက်ခုံနဲ့ ပင့် သုတ်တယ်။

ဩော်…တစ်နှစ်ဆိုတဲ့ အချိန်ကလေးအတွင်းမှာ လယ်ပိုင်ရှင် ဘဝကသည် လယ်ယာမဲ့ ရုံမက အိမ်ရာမဲ့ဘဝထိ ရောက်ရပြီကော။

"ဒေါ်မျှင်"

ရှိုက်သံသဲ့သဲ့နဲ့အတူ ဒေါ်မျှင်ရဲ့…"ဘုရား"ဆိုတဲ့အသံကို ဆို့နင့် ဖွယ်ကြားရတယ်…။

"ချစ်တီးကုလား ဟဂျာဆာမိထံမှ လယ်ရှစ်ဧကို ငွေကိုးဆယ်နဲ့ အပေါင်ထား ကတိ ပြုလက်မှတ်ထိုးခဲ့တယ် ဟုတ်စ"

"ဟုတ်..ဟုတ်ပါတယ် ဘုရား"

"ကိုင်း..ဒါဆိုလည်း..ငွေကိုးဆယ်နဲ့ ကျသလောက်အတိုး လျှော်



www.burmeseclassic.com

www.burmeseclassic.com



စေဗျား‥မလျှော်နိုင်ပါ က လယ်ယာနဲ့အိမ်မြေအလျှော်ပေး၍ မကျေသေးပါက ကျွန်ခံဆပ်စေ…"

"ဟီး‥ကိုယ်ကျိုးနည်းပါပြီ"ဆိုတဲ့ ရှိုက်သံနဲ့အတူ မြေပြင်ပေါ်လဲကျသွားတယ်။ အားလုံးကိုယ့်အပူနှင့် ကိုယ်သာမို့ တံလျှပ်ရောင်ထနေတဲ့ မြေပြင်ပေါ်လဲကျသွားတဲ့ ဒေါ်မျှင်ကိုထူမကြဖို့ မကြိုးစားကြမိဘဲ မျက်ရည်များနဲ့သာ တုန်ရင်စွာငေးကြည့်နေကြရာတယ်။

"ဦးဖေထင်"

"ဘုဲ‥ဘုရား…"

"မောင့်ရဲ့အိမ်ဝိုင်းကို ငွေသုံးဆယ်ကျပ်နဲ့ ပေါင်နှံထားတဲ့အတွက် အတိုးရောအရင်း ပါဆပ်စေဗျား"

"လက်ဖွဲ့ကျော်အုန်းမောင်…ချစ်တီးကုလားထံမှ…"

ဒီလိုနဲ့ တစ်ရွာလုံးရှိသမျှ လယ်ယာအိမ်မြေတွေကို ချစ်တီးကုလားက အပိုင်သိမ်းယူနိုင်ခဲ့ပြီးပြီပေါ့။

"ကဲ‥ဟဂျာဆာမိ မောင်ရင်နဲ့ ကတိပြုစာချုပ်လက်မှတ်ထိုးထားတဲ့သူ ကျန်သေးလား…"

"ဗရား‥(ဘုရား)ဆပ်‥အားလုံးပြည်စုံပါပြီ ဗရား(ဘုရား)"

မြို့ဝန်မင်းရဲ့အမေးကို ချစ်တီးကုလား အောင်နိုင်တဲ့အပြုံးနဲ့ ဝမ်းသာအားရဖြေ တယ်။ တစ်ရွာလုံးလည်း ကုန်သလောက်ဖြစ်ပြီလေ။ အဲဒီအချိန်မှာပဲ။

"ကျန်ပါသေးတယ်ဘုရား၊ တပည့်တော်မှာ စာချုပ်သုံးခုကျန်ပါသေးတယ်ဘုရား"ဆိုတဲ့ ထူးထူးဆန်းဆန်းအော်သံကြောင့် ဝေ့ကြည့်လိုက်ကြတယ်။ ဘီလူးလှဦးရယ်။ လက်ထဲမှာလဲ လိတ်ထားတဲ့စာရွက်



www.burmeseclassic.com

www.burmeseclassic.com



သုံးရွက် ခပ်ဖွဖွဆုပ်ကိုင်ထားတယ်။ သူ့ရဲ့ထူးဆန်းတဲ့အပြုအမူကြောင့် တစ်ရွာလုံးအံ့အားသင့်သွားကြတယ်။ ဟုတ်တယ်လေ။ တစ်ရွာလုံးစာချုပ်တစ် ခုကြောင့် ဒုက္ခရောက်နေကြတဲ့အထဲ သူကပါ စာချုပ်သုံးခုတောင်ကိုင်ပြီးရောက်လာတယ်ဆို တော့ အံ့အားသင့်စရာဖြစ်နေတာပေါ့။ ဒါကြောင့် ရွာသားအားလုံးက သူ့ကို ဒေါမနသနဲ့။

"ဟယ်··ဒီမှာ စာချုပ်နဲ့ဒုက္ခရောက်နေကြပါတယ်ဆိုမှ···"

"အေးလေ··ချစ်တီးက အားလုံးကုန်ပြီဆိုတာကိုတောင် အသာလေးမနေလိုက်ဘူး···"ဟုတ်ပ တို့များနဲ့များ နေရာချင်းလဲလိုက်ချင်ရဲ့"

စသည်ဖြင့် ပွပွစိစိဖြစ်ကုန်ကြတယ်။ ဘီလူးလှဦးကလည်း လူပဲ၊ ကိုယ့်ဖာသာကိုယ် အသာလေးမသိချင်ယောင် ဆောင်နေလိုက်ရင်ဟာကို အငြိမ်မနေပဲ စာချုပ်ကျန်ပါသေး တယ်ဆိုပြီး ထပြောတော့ ချစ်တီးကုလားပြုံးသွားတယ်။

မြို့ဝန်မင်းကလည်း ဘီလူးလှဦးကိုကြည့်ပြီး ကရုဏာဒေါသနဲ့···။

"ဟယ်··ဒီငတုံးနှယ် ကိုယ်ဘာသာကိုယ် အေးအေးမနေဘူး၊ မင်းစာချုပ်က ဒီကုလားဟာဂျာဆာမိနဲ့ ချုပ်ထားတာမှ ဟုတ်ရဲ့လား"

မြို့ဝန်ရဲ့စကားကို ဘီလူးလှဦးက မဆိုင်းမတွပဲ···။"ဟုတ်ပါတယ်ဘုရား။ ဒီလမိုက်ညကြီး 'ဘာဂျာဟိုဟာမိ' ဆိုလား၊ အဲ··အဲ သူ··သူနဲ့ပဲ ချုပ်ထားတာပါဘုရား···မယုံရင်ကြည့်ပါ။ သူ့လက်မှတ်ပါ ပါတယ်ဘုရား"ဘီလူးကသူ့ သူ့စာရွက်ပေါ်က လက်မှတ်ကိုပြတယ်။ ဟုတ်တယ်။ ဟာဂျာဆာမိလက် မှတ်။ ဒါကြောင့် မြို့ဝန်မင်းကလည်း ဘာဆက်ပြောရမှန်း မသိတော့ပဲ ခေါင်းကိုခပ်ဖွဖွကုပ်ပြီး···။

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ခက်တော့ခက်နေပြီ၊ တုံးလိုက် အလိုက်တဲ့အမျိုးဟင်…"

ဘီလူးလုဦးက ဟုတ်ပါတယ်ဆိုတော့ မြို့ဝန်မင်းလည်း ပြောရခက်သွားတယ်။ ဒါကြောင့် သက်သာလို့ သက်သာငြား ဟာဂျာဆာမိဘက် လှည့်ပြီး…။

"ဟဲ့..ဟာဂျာဆာမိ"

"ဗရား(ဘုရား)"

"ဒီစာချုပ်ထဲကလက်မှတ်က မောင်မင်းလက်မှတ်လား"

ချစ်တီး ကုလား ကလည်း လူလည်ပဲ၊ အလကားရတဲ့ နွားမို့ သွားကိုဖြဲကြည့် မနေတော့ဘဲ..တစ်ခါတည်း

"အစစ်ပါဘုရား၊ ဒီလက်မှတ်နော်.. ကုလားထိုးထား တာ" ဆိုပြီး အားတက်သရောဝင်ပြောတယ်။ ချစ်တီးကုလားကပါ ထောက်ခံနေတော့ မြို့ဝန်မင်းလည်း ဘာမှ မပြောတော့ပဲ သက်ပြင်းချပြီး…။

"အေးလေ..မောင်မင်းလက်မှတ်ဆိုတော့လည်း ဘယ်တတ်နိုင်ပါတော့မလဲ။ ကဲ ဟဲ့..ရှေ့သား မောင့်စာချုပ်ပေးစမ်း"ဆိုပြီး ဘီလူးလုဦးဆီက စာချုပ်တောင်းတယ်။ ဘီလူးလုဦးကလည်း ရိုရိုသေသေပဲ စာချုပ်ကို လိပ်လျက်သားလေး မြို့ဝန်လက်ထဲအပ်လိုက်တယ်။ မြို့ဝန်မင်းက စာချုပ်ကို ကိုင်ပြီးတာတောင် မျက်နှာမသာမယာနဲ့…။

"ဟဲ့ ..ဟာဂျာဆာမိ မောင်ရင်ချုပ်ထားစာချုပ်ဆိုတာ သေချာတယ်နော်..ငါ့ ကိုငြာဖို့မကြိုးစားနဲ့"

မြို့ဝန်ရဲ့စကားကို ချစ်တီးပြာပြာသလဲဖြစ်သွားပြီး..။

"တစ်ခါတည်း..သေချာပါတယ်ဘုရားဆပ်။ ကျွန်တော်တကယ် လက်မှတ်ထိုးထားတာ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ကသောကမျောဝင်ပြောတယ်။ သူကလည်း ပါးစပ်ထဲရောက်ပြီးသား လယ်လား၊ မြေလား၊ အိမ်လား မသိတဲ့ ဟာ ဘယ်အပြုတ်ကျခံမလည်း ဟုတ်တယ်လို့ပြောလိုက်ရင် အလကားရပြီပဲ။

မြို့ဝန်မင်းလည်း ချစ်တီးကုလားကို မသင်္ကာပေမယ့် ဘာမှမတတ်နိုင်ဘူးလေ။ နှစ်ယောက်လုံးက ဟုတ်တယ်ဆိုနေတာကိုး။ ဒါကြောင့် စာချုပ်ကို စိတ်မသက်မသာနဲ့ ဖွင့်ဖတ်ကြည့်လိုက်တော့…

"ဟင်"

မြို့ဝန်မင်း မျက်လုံးအစုံ ပြူးကျယ်သွားတယ်။ နောက်ဟာဂျာဆာမိကို တအံ့တဩကြည့်ပြီး…။

"ဟဲ့..ဟာဂျာဆာမိ ဒီစာချုပ်မောင်ရင်ချုပ်ထားတာ သေချာတယ်နော်…"

မြို့ဝန်မင်းကို ဟာဂျာဆာမိက စာချုပ်ထဲဘာမှန်းမသိပေမယ့် ပုတ်သင်ညိုရှုံးအောင်ခေါင်းကို တစ်ဆတ်ဆတ်ညိမ့်ပြီး…။

"ဟုတ်ပါတယ် ဘုရားဆပ်။ မဟုတ်ရင်နော် ကျုပ်ကို ကျောတစ်ရာရင်တစ်ရာ ကြိမ်နဲ့ရိုက်ပါ ဘုရားဆပ်"

မြို့ဝန်မင်း ပြုံးပြီး ခေါင်းညိမ့်တယ်။ ပြီးတော့ အားရဝမ်းသာလေသံနဲ့…။

"ကဲ..ဟုတ်တယ်ဆိုလည်း နာခံဗျာ"

ဆိုပြီး စာချုပ်ကိုဖတ်ပြလိုက်တယ်။ စာချုပ်တွင်ပါသော အကြောင်းအရာတွေက "*ကျွန်ုပ်ချစ်တီးကုလား ဟာဂျာဆာမိသည် အသက်အရွယ်ကြီးရင့်လာပြီး ဖြစ် တဲ့အတွက် ကျွန်ုပ်အမွေအားလုံးကို ဆက်ခံရန် အမွေစားအမွေခံအဖြစ် ဤမြင်သာရွာမှ အဖဘိုးမြဘူး၊ အမိဒေါ်တောတို့၏ တစ်ဦး*



www.burmeseclassic.com

www.burmeseclassic.com



*တည်းသောသား လှဦး(ခ)ဘီလူးလှဦးကို အမွေ စားအမွေခံသားအဖြစ် မွေးစားလိုက်သည်''*

''ဟင်''

စာချုပ်က သူထင်ထားသလို မဟုတ်တော့ ချစ်တီးကုလား အံ့အားသင့်သွားတယ်။ ပြီးတော့ ဘီလူးလှဦးကို ငေးကြည့်ရှာတယ်။ ဘီလူးလှဦးကလည်း ချစ်တီးကုလားကို ကြည့်ပြီး အသံမထွက်ပဲ ပါးစပ်လှုပ်ရုံလေးလှုပ်ပြီး 'ဖေဖေ' လို့ခေါ်လိုက်တယ်။ အဲဒါကိုလည်းမြင်ရော ချစ်တီးကုလား တွန့်သွားပြီး သူ့ခုံကို သူပြန်ကိုင်ထားလိုက်တယ်။ ပြီးတော့ပါးစပ်လှုပ်ရုံလေး 'အဘား' လို့ရေရွတ်တယ်။ ဒါပေမယ့် ချစ်တီးကုလား ရေရွတ်သံကို ရွာသားအားလုံးက 'သား' လို့ပြန်ခေါ်ကြတယ်ထင်ပြီး ဘီလူးလှဦးနဲ့ ချစ်တီးကုလားကို ကြောင်ငေးကြည့်နေကြတယ်။ ဘယ်အချိန်ကတည်းက တစ်ယောက်ကိုတစ်ယောက် ကြည်ညိုနေကြလဲပေါ့။ မြို့ဝန်မင်းက သူတို့နှစ်ယောက်ကြည့်ပြီး ဝမ်းသာအားရ စာချုပ်ကို ဆက်ဖတ်တယ်...။''*ထို့ကြောင့် ကျွန်ုပ်ပိုင်ဆိုင်သမျှ အတွင်းပစ္စည်း၊ အပြင်ပစ္စည်း၊ လယ်မြေ၊ အိမ်ဝိုင်းအားလုံးကို အမွေစားလှဦး(ခ)ဘီလူးလှဦးကို လွှဲပြောင်းပေးခဲ့ပါသည်။*

*ဤစာချုပ်ပါ အကြောင်းအရာများမှာ မည်သူတစ်ဦးတစ်ယောက်၏ ပယောဂမှ မပါဘဲ မိမိသဘောဖြင့်သာချုပ်ဆိုခဲ့သည့်အတွက် ဤစာချုပ်ကို ကျွန်ုပ်ကွယ်လွန်သည်ထိ ကျွန်ုပ်အပါဝင် မည်သူတစ်ဦးတစ်ယောက်မှ ထပ်မံပြင်ဆင်ခွင့်မပြု''*

*ပုံ*

*ဟာဂျာဆာမီ။*

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



စာချုပ်လည်း ဖတ်ပြီးရော ဟာဂျာဆာမိ 'ဟိုက်' တစ်လုံးတည်းသာ အော်နိုင်ပြီး မျက်ဖြူလန်သွားတယ်။ အတော်လေးကြာမှ ငိုကြီးချက်မနဲ့

''အမ်မလေး··တေပြီး··ကုလားတေပြီ···။ ဒီစာချုပ်နော်·· ကုလားချုပ်တာမ ဟုတ်ဘူး။ တစ်ခါတည်း··သူလိမ်တယ်နော်···ဟီး···''

ဆိုပြီး အသံပြဲကြီးနဲ့ ငိုချလိုက်တယ်။ သူ့ကိုကြည့်ပြီး မြို့ဝန်မင်းက ဒေါသထွက်ဟန်နဲ့···။

''တယ်လေ ဒီကုလား ကျောတစ်ရာရင်တစ်ရာ ကြိမ်ဒဏ် တပ်ခံချင်ပြီနဲ့တူတယ်။ ခုနကပြောတော့ မောင်ရင်ချုပ်ထားတာသေချာတယ် ဆို၊ ငါ့လိုမြို့ဝန်ကို မင်းက ဘလောင်းဘလဲပြောရဲသလားဟဲ့···''

ဆိုပြီး ငေါက်ချလိုက်တော့ ချစ်တီးကုလား သူ့နှာဖူးသူထုပြီး···။

''အဘား···တေပြီ···ကုလားနော်မွဲပြီ···အဘား··''

ဆိုပြီး ငိုပါလေရော။ အဲဒီအချိန်မှာ ဘီလူးလုဦးကထပြီး

မွေးစားအဖေ လမိုက်ညကြီး မသေပါနဲ့ဦး···မြို့ဝန်မင်းခင်ဗျား ဒီမှာစာချုပ်တစ် စောင်ရှိပါသေးတယ်''

ဆိုပြီး မြို့ဝန်မင်းကို စာချုပ်တစ်စောင် ထပ်တိုးထည့်ပေးတယ်။ အဲဒီ စာချုပ်ကြီးလည်းမြင်ရော ချစ်တီးကုလား သူ့ငိုသံကို 'အု··အု' နဲ့ မြိုချလိုက်တယ်။ ကလေးကို အမေကတုတ်ပြပြီး အငိုတိတ်ခိုင်းရင် အငိုတိတ်တဲ့ပုံမျိုး။ ပြီးတော့ မြို့ဝန်မင်းကို ပြူးကြောင်ကြောင် ကြည့်နေ တယ်။ မြို့ဝန်ကလည်းသူ့ကိုကြည့်ပြီး···

''ဟဲ့ ဟာဂျာဆာမိ ဒါရော အမောင့်လက်မှတ်လား''

ဆိုတော့ ဟာဂျာဆာမိ အငိုတိတ်ပြီး စဉ်းစားလိုက်တယ်။ နောက်မှ ဆုံးဖြတ်ချက် ကို အပိုင်အနိုင်ချလိုက်သလိုနဲ့ ခေါင်းကို ခပ်သွက်သွက်ငြိမ့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။ ဟုတ်တယ်လေ၊ သူ့မှာ ဘာပစ္စည်းမှမရှိတော့ နောက်ဘာ စာချုပ်ဖြစ်ဖြစ် သူ့အတွက် ကံကောင်းစရာပဲရှိတော့ မှာပေါ့။ ဒါကြောင့် ခေါင်းငြိမ့်လိုက်တယ်။

"ကဲ..မောင်ရင်စာချုပ်ဆိုလည်း နာခံဗျာ"

*"ကျွန်ုပ်ချစ်တီးကုလား ဟာဂျာဆာမီသည် အသက်အရွယ်ကြီးရင့် သော်လည်း သန် မာသူဖြစ်သည့်အလျှောက် ကျွန်ုပ်၏မြင်သာရွာမှ မပြန် ခင် ဤရွာမှ လက်ဖွေ့ကျော်အုန်း မောင်နှင့် ဆယ့်နှစ်ချီ၊ ဆယ့်နှစ်လား၊ ရေကုန်ရေခမ်း သူနိုင်ကိုယ်နိုင် ထိုးသတ်သွားပါမည်။ အကယ်၍အနိုင်မရ ခဲ့သည် ရှိသော် ကျောတစ်ရာ ရင်တစ်ရာ ကြိမ်ဒဏ်ကျခံမည် ဖြစ်ပါသည်။ အနိုင်ရပါက ရရှိသည့်ဆုကို မွေးစားသားလှဦး ကန်တော့သွားပါ မည်။ ဤစာချုပ် ပါအကြောင်းအရာများမှ မည်သူတစ်ဦးတစ်ယောက် ၏ ပရောဂမှ မပါဘဲ ချုပ်ဆိုခဲ့သည့် အတွက် ဤစာချုပ်တည်စေ...။*

*ပုံ/ဟာဂျာဆာမီ။*

မြို့ဝန်မင်း စာချုပ်ဖတ်ပြီးရော လက်ဖွေ့ကျော်အုန်းမောင်က လက်ခ မောင်းထခပ်ပြီး...

"ချမယ်ကွာ..ချစ်တီးကုလားကို နှာခေါင်းပါနောက်စေ့ကပြန်ထွက် အောင်ချပစ်မယ်"

ဆိုပြီးထအော်တယ်။ အုန်းမောင်ကိုလည်းမြင်ရော ချစ်တီးကုလား 'ဝါး' ခနဲငိုချ လိုက်ပြီး...။

"အဘားအမီနာ...ငါတေပြီး..ဆယ့်နှစ်ချီနော် ထိုးရမယ်၊ နိုင် လည်းနော်သူယူ မယ်၊ မနိုင်လည်းနော် ကျောတစ်ရာ ရင်တစ်ရာ ထိမယ်..အဘား..တေပါပြီ.."

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီးတော့ အော်ပဲအော်နိုင်တယ်။ ပြီးတော့ ဆန့်ငင်ဆန့်ငင်နဲ့ တက်သွားလိုက်တာ ပြန်ခေါ်လို့တောင် မရဘူး။

ဒီလိုနဲ့ ဘီလူးလှဦးက နေ့ချင်းညချင်း လယ်ပိုင်ရှင်သူဌေးတစ်ယောက် ဖြစ်သွားရ တယ်။ ဒါပေမယ့် အဲဒီလယ်တွေ၊ ယာတွေကို သူက မယူပါဘူး။ အားလုံးကို သူ့ပိုင်ရှင် သူ ပြန်ပေးလိုက်တယ်။ တစ်ရွာလုံးကတော့ ဘီလူးကို ကျေးဇူးရှင်ဆိုပြီး ကျေးဇူးမတင်စဖူး အတင်ထူးလို့ပေါ့။

သူ့မွေးစားအဖေ ချစ်တီးကုလားကတော့ ဒုတိယစာချုပ်ပါအတိုင်း လက်ဖွေ့ကျော် အုန်းမောင်နဲ့ ဆယ့်နှစ်ချီ၊ ဆယ့်နှစ်လား ရေကုန်ရေခမ်း ထိုးတာ ထမ်းစင်နဲ့ပါ ထမ်းထုပ်သွား ရတယ်။ သူလည်းနိုင်မလားဆိုပြီး လို့ ထိုးရှာပါတယ်။ ဒါပေမယ့် ပါစပ်ထဲက သွားတွေကုန်၊ မျက်လုံးနှစ်ဖက် ပိတ်သွားတာပဲ အဖတ်တင်တယ်။ အုန်းမောင်တို့ သမတာများ မြေပေါ်မှာ လိမ့်လို့။

အဲဒီကတည်းကစပြီး မြင်သာရွာကို ဘယ်ချစ်တီးကုလားမှ မလာတော့ဘူး။ ဩော် နောက်ပြီး ဆေးဆရာ ဖိုးသာအိုဆိုတဲ့ လူလည်ဆေးဆရာလည်း အဲဒီထဲက ရွာဘက်ကို ခြေဦးတောင် မလှည့်တော့ဘူး။ ဘီလူးလှဦးမှာ သူလက်မှတ်ထိုးထားတဲ့ စာရွက်ရှိတယ်လေ။

ပြောရဦးမယ် အဲဒီစာရွက်တွေက ချစ်တီးမြင်သာရွာ စရောက် ကတည်းက ဘီလူးလှဦး လက်မှတ်နမူနာထိုးပြဆိုပြီးလက်မှတ်ထိုးပြခိုင်း ပြီးယူသွားတဲ့ စာရွက်တွေ၊ အဲဒါကြောင့်ချစ်တီးကုလားနဲ့ ဖိုးသာအိုတို့ရဲ့ လက်မှတ်တွေက အစစ်ဖြစ်နေတာ။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဓာတ်လုံး

ဒီလိုနှင်းမှုန်ဖွဲဖွဲကျနေတဲ့ ဆောင်းနံနက်ခင်းတစ်ခုမှာ ဘီလူးလှဦးကို ရွာလယ်လမ်းမကြီး တစ်လျှောက် လမ်းသလားနေတာတွေ့ရင် လူတိုင်းအံ့အားသင့်ကြမယ်။ ဒါပေမယ့် အခုတော့ဘယ်သူမှ မအံ့သြကြဘူး။ ဘာလို့လဲဆိုတော့ သူ့ကို ဘယ်သူမှ မတွေ့ကြလို့။

ဘယ်တွေ့နိုင်ကြမတုန်း။ လင်းကြက်တောင် မတွန်သေးတဲ့ သက်ကြီးခေါင်းချိန် လွန်လွန်ကလေးမှာ တစ်ယောက်တည်း ဘာအကြံနဲ့ရယ်တော့ မသိဘူး။ အရှေ့ဘက် လျှောက်လိုက်၊ အနောက်ဘက်လျှောက်လိုက်နဲ့ရယ်။ နောက်ပြီး အဲဒီအိမ်ကိုလည်း ဇေ့ဇေ့ ကြည့်သွားသေးတယ်။

အဲဒီအိမ်က ရွာလယ်လမ်းက ငွေတိုးချစားနေတဲ့ ဒေါ်လှကြည်အိမ်ကို။ ဘီလူးက ဒေါ်လှကြည်ကို သိပ်ကြည့်လို့ရတာ မဟုတ်ဘူးရယ်။

ကြည့်မရတဲ့ အကြောင်းကတော့ ထုံးစံအတိုင်းပေါ့။ သူထန်းရည်

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



သောက်ဖို့ သွား ချေးတယ်။ ဒေါ်လှကြည်က ပိုက်ဆံမချေးတဲ့အပြင်

"နင့်လို ကလေကချေကောင်ကို ပိုက်ဆံချေးမယ့်အစား၊ ဖုန်းယာစားတွေ ကိုအလကား လှူပစ်လိုက်မယ်"

ဆိုပြီး နင်ပဲငဆ ပြောလွှတ် လိုက်သေး။ ဒေါ်လှကြည်ပြောမယ်ဆိုလည်း ပြောစရာရယ်။ ဘီလူးလှဦးဆိုတဲ့ ကောင် ကလည်း ငွေချေးပြီး ဘယ်တုန်းက ပြန်ဆပ်ဖူးလို့တုန်း။ ဒီလို ပြန်မဆပ်တဲ့အပြင် သူ့ဆီက ပြန်တောင်းရင်တောင် ဘာပြောတယ်မှတ်တုန်း…။

"ကျုပ်က ခင်ဗျားဆီက ငွေလိုချင်လို့ချေးတာမဟုတ်ဘူး။ ခင်ဗျားတို့စိတ်ထဲမှာ ကျုပ်ကိုတစ်သက်လုံး အမှတ်ရနေစေချင်လို့ချေးတာ။ ကျုပ်သာအလွယ်တကူပြန်ပေးလိုက် ရင် ခင်ဗျားတို့ကျုပ်ကို မေ့သွားကြမှာပေါ့။ ဒါကြောင့် ခင်ဗျားတို့ ကျုပ်ကိုနောင်သံသရာထိ အမှတ်ရနေအောင် သေတောင်အကြွေးပြန်မဆပ်ဘူး"

ဆိုပြီး ခပ်တင်းတင်းက ပြောတတ်သေး။

ဒါကြောင့်ဘီလူးလှဦးဆို တစ်ရွာလုံး ကလေးအစ ခွေးအဆုံး ဘယ်သူမှ ပိုက်ဆံချေးတာမဟုတ်ဘူးရယ်။ အဲဒီ အထဲကမှ ဒီဒေါ်လှကြည်က အဆိုးဆုံး။ သူ့ကိုတစ်ခါမှ ပိုက်ဆံမချေးတဲ့အပြင် လမ်းမှာတွေ့ရင်တောင် အကြောင်းမရှိ အကြောင်းရှာ 'ထွီခနဲ' 'ထွမ်ခနဲ' လုပ်သွားတတ်လို့။ ဒါကြောင့်ဘီလူးလှဦးက ဒေါ်လှကြည်ဆို လုံးဝမကြည်ဘူး။

ဘီလူးလှဦး ဒေါ်လှကြည်တို့ အိမ်ဘက်ဝေ့ကြည့်လိုက်တယ်။ အိမ်က ရိပ်ခနဲရိပ်ခနဲ လှုပ် ရှားနေတဲ့ အရိပ်တစ်ခုတွေ့လိုက်တယ်။

"ဒေါ်လှကြည်ပဲ ဖြစ်မယ်"

မနက်အစောကြီး အဖွားကြီး ဘာထလုပ်နေတာလဲမသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



အိုးသံခွက်သံတွေလည်း ကြားရတယ်။ ဘီလူးသူ့ ခြေထောက်နဲ့ဖုန်တွေကို ထောင်းခနဲထအောင် ကန်ထုပ်လိုက် တယ်။ ပြီးတော့ ခြံစည်း ရိုးနား အသာကပ်နေလိုက်တယ်။

ဖုန်တွေဖွားခနဲတွေ့တာနဲ့ ဒေါ်လှကြည်အိမ်ရှေ့ကို ကသောက မျောထွက်ကြည့် တယ်။ ဒါပေမယ့် ရွာလမ်းတစ်လျှောက် ဘာအရိပ် အခြေမှ မတွေ့တာနဲ့ …"မကြွလောက်သေးပါဘူး…"လို့ တစ်ယောက်ထဲ ရေရွတ်ပြီး အိမ်ထဲပြန်ဝင်သွားတယ်။

အဲဒီအဖြစ်ကို လဲမြင်ရော ခြံစည်းရိုးနားကပ်နေတဲ့ ဘီလူး လှဦး ပြုံးလိုက်တယ်။ "ဟုတ်ပြီး တစ်ခုခုတော့ တစ်ခုခုပဲ"

လို့ရေရွတ်ပြီး ဒေါ်လှကြည်အိမ်ကို စောင်းငန်းစောင်းငန်းကြည့်ပြီး ရွာအရှေ့ဘက် ဆက်လျှောက်သွားတယ်။

နှင်းမှုန်ဖွဲဖွဲကြား ရိပ်ခနဲ ရိပ်ခနဲ လှုပ်ရှားနေတဲ့ အရိပ်တစ်ခုကို တွေ့တော့ ဘီလူးလှဦးလမ်းလျှောက်နေရာက ရပ်ပြီးအသာကြည့်နေလိုက် တယ်။ အဝေးကဆိုတော့ သိပ်လည်း မသဲကွဲသေးဘူး။ နှင်းတွေကလည်း ပိတ်နေတာကိုး။ သေချာတာကတော့ သူ့ဘက်ကိုလမ်းလျှောက် လာတာ ပဲ။ လမ်းလျှောက်ပုံက နွဲ့ကွေးကွေးရယ်။

အရိပ်က တဖြည်းဖြည်းသူနဲ့နီးလာတယ်။ သေသေချာချာ အနီး ကပ်မြင်ရမှ…

"ဟာင်"

သူမြင်လိုက်ရတာပ စက္ကူကြွေနဲ့ ပြည့်စုံတဲ့ ဦးဇင်းတစ်ပါး။ ဦးဇင်းက ဒီမြင်သာရွာက မဟုတ်တဲ့ အာဂန္တုဦးဇင်း၊ လျှောက်လှမ်းလာပုံ က တစ်လှမ်းချင်း ညင်ညင်သာသာ။



www.burmeseclassic.com

www.burmeseclassic.com



သူအံ့အားသင့်နေတုန်းမှာပဲ ဦးဇင်းက သူ့အနားရောက်လာပြီး…

“ဒီက ဒကာ…ဒီရွာကကျောင်းအမ ဒေါ်လှကြည်တို့ အိမ်ဘယ်နားမတုန်းကွဲ့”

ဦးဇင်းရဲ့အမေးကို သူကြောင်တောင်တောင်နဲ့…“ဟိုဘက်မှာ”ဆိုပြီး ဒေါ်လှကြည်တို့ အိမ်ဘက် လက်ညှိုးထိုးပြလိုက်တယ်။

ဦးဇင်းက ခေါင်းတစ် ဆတ်ဆတ်ညိမ့်ပြီး…

“သာဓုကွယ်‥သာဓု‥သာဓု…ဦးဇင်းလည်း ကြွသာလာရတာ ဘယ်နားမှန်းကို မသိဘူး။ အမောင်တို့လို သူတော်ကောင်းနဲ့တွေ့ရတော့လည်း ရောက်ရပြီပေါ့”

ဆိုပြီး ဆက်ပြီး ကြွသွားတယ်။ ဘီလူးလှဦး ဦးဇင်းကိုရီဝေကြောင်ငေးကြည့်နေမိတယ်။ အတော်ကြာမှ သူ့မျက်နှာဝင်းလက်သွားပြီး…

“ဟုတ်ပြီ‥ဒါအကွက်ပဲ”

လို့ရေရွတ်ပြီး ဦးဇင်းနောက် ပြေးလိုက်သွားတယ်။ ဦးဇင်းနားလည်း ရောက်တယ်ဆိုရင်ပဲ လက်အုပ်ကလေး ကျုံ့ ကျုံ့ရုံ့ ရုံ့ချီပြီး…

“အရှင်ဘုရား‥တပည့်တော်လိုက်ပို့ပါမယ်ဘုရား။ အရှင်ဘုရား တစ်ယောက် တည်းထဲ‥အဲလေ‥တစ်ပါးတည်းဆို လမ်းမှားနေပါ့မယ်ဘုရာ့။ နောက်ပြီးကျောင်းအစ်မ ဒေါ်လှကြည်ဆိုတာ တပည့်တော်တို့ဆွေမျိုးနီးစပ်တွေပါဘုရာ့…”

“သာဓုကွယ်‥သာဓု‥သာဓု၊ မောင်မင်းကြီးသား ကျန်းမာလို့ချမ်းသာပါစေ ကွယ်။ လိုက်ပို့ပေးမယ်ဆိုတော့ သာလို့တောင် ကောင်းသေးသပေါ့။ ဒါနဲ့ ဒကာနဲ့ ကျောင်း အစ်မက ဆွေမျိုးနီးစပ်ဆိုတော့ ဘယ်လိုများတော်စပ်သတုန်း…”



www.burmeseclassic.com

www.burmeseclassic.com



"တင်ပါဘုရား၊ ကျောင်းအစ်မ ဒေါ်လှကြည်နဲ့ တပည့်တော်တို့ ဆွေမျိုးနီးစပ်တော် ပုံက..ဟိုလေ..အဲ..ကျောင်းအစ်မဒေါ်လှကြည်ဆိုတာ နယ်နယ်ရရ မဟုတ်ပါဘူးဘုရား။ သူက အတွင်းဝန်ရဲ့ မြင်းထိန်းရဲ့ နမရဲ့ ယောက်ျားဦးတာနောရဲ့ နှစ်ဝမ်းကွဲမောင်ရဲ့ ယောက်ဖရဲ့ မယားပါ သမီးအကြီးပါဘုရား.."

ဘီလူးရဲ့စကားကို ဦးဇင်းရတ်တရက် ကြောင်သွားပုံရတယ်။ မျက်မှောင်ကြုတ်ပြီး...

"သြော်..တကယ့် ဆွေကြီးမျိုးကြီးတွေကိုး၊ နို့..ဒကာနဲ့ ဒေါ်လှကြည်က..."

"တင်ပါ့ဘုရာ့..တပည့်တော်နဲ့ ဒေါ်လှကြည်နဲ့ဆိုရင် တပည့်တော်ရဲ့ ဘကြီးရဲ့ သမီးအငယ်ဆုံးရဲ့ ယောက်ျားရဲ့ ညီမရဲ့ အိမ်စေရဲ့မိထွေးနဲ့ ဒေါ်လှကြည်ဟာ ရပ်ဆွေရပ်မျိုး အရင်းကြီးပါ..."

"ဟင် အမျိုးက တော်တော်နီးတာပဲ"

ဘီလူးရဲ့စကားကို ဦးဇင်းကရတ်တရက် သဘောမပေါက်ပေမယ့် အလိုက်သင့် ရေရွတ်တယ်။ ပြီးမှ ပြန်စဉ်းစားသလိုနဲ့ ခြေလှမ်းကိုရပ် မျက်မှောင်ကိုကြုတ်ပြီး...

"ဒါနဲ့... နေပါဦး တကာနဲ့ ကျောင်းအစ်မဟာ"

ဘီလူးကလည်းနပ်တယ်၊ ဒီအတိုင်း ဦးဇင်းဆက်မေးနေရင် သူဆက်လိုမ့်လိုရတော့ မှာ မဟုတ်မှန်းသိတာနဲ့ စကားစကို မြန်မြန်ဖြတ်ပြီး...

"ဒီအိမ်ပါဘုရာ့...ကျောင်းအစ်မ ဒေါ်လှကြည်ရဲ့ အိမ်ဆိုတာ ဒီအိမ်ပါပဲ.."



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး စကားလွှဲလိုက်တယ်။ ဆက်ပြောရင် ရှုပ်ကုန်မှာကိုး။ ဦးဇင်းကလည်း ဘီလူးညွှန်ပြရာ အိမ်ကိုကြည့်ပြီး ဘာမှဆက်မမေးတော့ဘဲ "သြော်..အင်း..အင်း" ဆိုပြီး အိမ်ထဲလှမ်းဝင်သွားတယ်။

ဦးဇင်းကိုလည်းမြင်ရော ဒေါ်လှကြည်ဟာ အိမ်ထဲကပြေးထွက်လာပြီး...

"အောင်မလေး အရှင်ဘုရားရယ်... ကြွမှကြွလာပါတော့ မလားလို့"

ဆိုပြီးအားရဝမ်းသာနှုတ်ဆက်တယ်။ ပြီးမှ ဦးဇင်းအနောက်မှ လက်အုပ်လေးချီပြီး မခို့တရို့ကလေးရပ်နေတဲ့ ဘီလူးလှဦးကိုတွေ့တော့ အံ့အားသင့်သွားတယ်ပြီး။

"ဟင်..နင်..နင်"

ဘီလူးကလည်း မှင်ကောင်းတယ်။ လက်အုပ်ကလေးချီပြီး ရို့ရို့ကလေးရပ်နေရင်း ကနေ ဦးဇင်းကိုမျက်စပစ်ပြလိုက်တယ်။ ပြီးတော့အံကြိတ်ပြတယ်။ သဘောကတော့ ဦးဇင်း စိတ်ဆိုးသွားမယ် မပြောနဲ့" ပေါ့။ ဦးဇင်းကလည်း ဒေါ်လှကြည်နဲ့ ဘီလူးကိုကြည့်ပြီး...။

"ဟုတ်တယ်ကွဲ့..ဒီတကာ ကလေးလိုက်ပို့လို့သာ အမြန်ရောက်လာရတာ။ နို့မဟုတ်ရင် ဘယ်အချိန်ကြမှ ရောက်မယ်မပြောတတ်ပါဘူး"

ဦးဇင်းက ဘီလူးဘက်က ဝင်ထောက်ခံပေးသလို ဖြစ်နေတာကြောင့် ဒေါ်လှကြည်လည်း ဘာမှ မပြောသာတော့ဘူး။ ဒါနဲ့ဦးဇင်းကို "အိမ်ပေါ်ကြွပါဘုရာ့" ဆိုပြီး..ပင့်လိုက်ရတယ်။

ဘီလူးကလည်း နပ်တယ်။ ဦးဇင်းနောက်က လက်အုပ်ကလေးချီပြီး အိမ်ပေါ်တက်လိုက်တယ်။ အိမ်ပေါ်လည်းရောက်ရော.. ဦးဇင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြေရင်း ခွေးက တက်လေးမှာဒူးလေးတုပ်ပြီး ပုဏ္ဏားဝပ်လေး ဝပ်နေလိုက်တာ တုတ်တုတ်တောင် မလှုပ်ဘူး···။

ဒေါ်လှကြည်ကလည်း ဒါ··ဘီလူးတမင်လုပ်နေမှန်းသိတယ်။ ဒါပေမယ့် တစ်ခါတစ်လေမှ ကြွလာတဲ့ ဦးဇင်း ငြိုငြင်မှာလည်းစိုးတာကြောင့် မပြောသာဘူးပေါ့။ နောက်ပြီး သူဦးဇင်းကိုပင့်ဖိတ်လိုက်တာကလည်း အကြောင်းရှိတယ်။ သိတယ်မဟုတ်လား။ ဒေါ်လှကြည်တို့ကလည်း ကိုယ့်အတွက်မှ မကျန်ရင် ကွမ်းသွေးတောင် ဟဟ ထွေးတတ်တဲ့ လူမျိုးမဟုတ် ဘူး။ ဒါကြောင့် ဘာမှဆက်မပြောဘဲ ငြိမ်နေလိုက်တယ်။

"အိမ်း··ကျောင်းဒကာမရဲ့ အကြောင်းကို လမ်းမှာ ဒီသူငယ်ပြောပြလို့ ဦးဇင်းအားလုံးသိပြီးပါပြီကွယ်"

ဦးဇင်းရဲ့စကားကြောင့် ဒေါ်လှကြည်လန့်သွားတယ်။ ဘီလူးလှဦးကိုကြည့်လိုက်တော့လည်း ဝပ်နေရာက တုတ်တုတ်တောင်မလှုပ်ဘူး။ သူ့မကောင်းကြောင်းတွေကို ဘီလူးလှဦး တစ်ခုခုလုပ်ကြံပြောထားပြီးဆိုတာ သူအတပ်သိတယ်။ ဒါကြောင့်မျက်လုံးပြူး မျက်ဆန်ပြူးနဲ့။

"သူ··ဘာတွေများ ပြောခဲ့သလဲ ဘုန်းဘုန်းဘုရား"

"သြော်··ဒကာမတို့က ဆွေကြီးမျိုးကြီး နန်းတွင်းမျိုးရိုးတွေဆိုတာရယ်နဲ့ ဒီက တကာလေးနဲ့ ဆွေမျိုးနီးစပ်တော်တဲ့ အကြောင်းတွေကို ပါ"

ဒီတော့မှ ဒေါ်လှကြည် ဘီလူးကို မျက်စောင်းထိုးကြည့်ပြီး သက်ပြင်းချနိုင်တယ်။ သူ့စိတ်ထဲမှ ဘီလူးလှဦးက သူငွေတိုးချစားပြီး အတိုးအများကြီးနဲ့ယူတဲ့အကြောင်း၊ နောက်သူကပ်စေးနည်းတဲ့အကြောင်း စသဖြင့်ပြောမယ်ထင်တာကိုး။ အခု အဲဒါတွေတစ် ခုမှမဟုတ်တဲ့ အပြင် ဘီလူးလှဦးက သူ့ကိုတောင် ဆွေကြီးမျိုးကြီးဆိုပြီး မြှောက်ပြော



www.burmeseclassic.com

www.burmeseclassic.com



ထား တယ်ဆိုတော့ ဘီလူးလှဦးက ထင်သလောက် မဆိုးပါဘူးဆိုပြီး ကျေနပ်သွားတယ်။ အဲဒီအချိန်မှာပဲ ဦးဇင်းက…

"ဟဲ့··တကာ··ဒါနဲ့ ခုန တကာလေးပြောခဲ့တဲ့ ကျောင်းအမတို့ နန်းတွင်းဘယ်လို ဆင်းသက်လာတာနဲ့ ဒကာတို့နဲ့ ဘယ်လိုဆွေမျိုး တော်စပ်ခဲ့ကြောင်း ဦးဇင်းသိပ်မရှင်းလို့ နောက်တစ်ခေါက်လောက် ထပ်ရှင်း ပြပါဦး…"

ဘီလူးက ခပ်တည်တည်ပဲ နန်းတွင်းပုဏ္ဏားတော်တွေ ရှင်ဘုရင် ကိုတွေ တင်လျှောက် သလို··ဝပ်နေရာက လက်ကိုခပ်ကျဲကျဲတင်မြှောက်လိုက် တယ်။ နောက်ခေါင်းကို ခပ်စောင်းစောင်းလေးငုံ့ပြီး…။

"မှန်ပါ့ဘုရား··ကျောင်းအစ်မဒေါ်လှကြည်နဲ့ နန်းတွင်းတော်စပ်ပုံ တပည့်တော် တို့နဲ့ ဆွေမျိုးဆက်စပ်ပုံက…ကျောင်းအစ်မဒေါ်လှကြည်ဟာ ဆိုရင် နှယ်နှယ်ရရမဟုတ်ပါဘူး၊ နန်းတွင်းအတွင်းဝန်ရဲ့ မြင်းထိန်းရဲ့နှမ ရဲ့ ယောက်ျားရဲ့ နှစ်ဝမ်းကွဲမောင်ရဲ့ ယောက်ဖ ရဲ့ မယားပါ သမီးအကြီးဖြစ် ပြီး တပည့်တော်ရဲ့ ဘကြီးရဲ့ အငယ်ဆုံးသမီးရဲ့ ယောက်ျားရဲ့ ညီမရဲ့ အိမ်စေရဲ့မိဒွေးနဲ့ ဒေါ်လှကြည်ဟာ ရပ်ဆွေမျိုးအရင်းခေါက် ခေါက်ကြီး တွေပါ။ ဒါကြောင့် နန်းတွင်းနဲ့ ဒေါ်လှကြည်၊ ဒေါ်လှကြည်နဲ့ တပည့် တော်ဟာ ဘာမှမတော်စပ်ဘူး ထင်ရပေမယ့် တစ်ကယ့်ကြားဖူးနားဝ ရပ် ဆွေရပ်မျိုးအရင်းခေါက်ခေါက်ကြီးပါ…ဘုရား့"

"ဟေ"

ဦးဇင်းမျက်မှောင်ကြုတ်သွားတယ်။ ဒေါ်လှကြည်ဆို တစ်ချက်ထဲ မျက်နှာပျက်သွား တယ်။ ဘီလူးကတော့ မှင်ကောင်းတယ်။ အဲသည်လို တင်လျှောက်ပြီး ပုဏ္ဏားဝပ်ပြန်ဝပ်နေတာ တုတ်တုတ်မှ မလှုပ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကြမ်းပြင်မှာ မျက်နှာအပ်ပြီးဝပ်နေတာကလည်း သူ့အကြံနဲ့သူ။ အိမ်ကြမ်းပေါက်ကတဆင့် အိမ်အောက်မှာကြက်ဘယ်နှစ်ကောင်ရှိသလဲ ဆိုတာ ချောင်းနေတာ ဦးဇင်းကတော့ စဉ်းစားနေပုံရတယ်။ အတော်ကြာ တဲ့အထိ ဘီလူးရဲ့စကားကို အဖြေပေါ်ပုံ မရဘူး...။ ဒါကြောင့် သူ့ ဦးပြည်းကိုခပ်ဖွဖွပွပ်သပ်လိုက်ပြီး...

"ဟဲ့..ဒါနဲ့"

ဦးဇင်းရဲ့စကားမဆုံးခင်မှာပဲ ဒေါ်လှကြည်က...

"ဘုန်းဘုန်းဘုရား..ဆွမ်းဘုန်းပေးဖို့ အချိန်ကြရောက်ပါပြီး ဘုရား"

ဆိုပြီး စကားဖြတ်လိုက်တယ်။ စကားမဖြတ်လို့လဲ မဖြစ်ဘူးလေ။ ဘီလူးပေါက်ကရ တွေလျှောက်ပြောရင် သူပါဒုက္ခရောက်သွားမှာကိုး..။ ဦးဇင်းကတော့ မရိပ်မိပါဘူး..ဒါပေ မယ့် သူ့စိတ်ထဲမှာတော့ သိပ်ရှင်း သေးပုံမရဘူး...။

"သြော်..အေးအေး"ဆိုပြီး ဦးဇင်းဆွမ်းဘုန်းဖို့ ပြင်တယ်။ ဘီလူးလှဦးကလည်း အဲဒီတော့မှ ကသုပ်ကယက်လေး ထပြီး ဒေါ် လှကြည်ကို ဝိုင်းကူသလိုလို ဘာလိုလိုနဲ့ ဆွမ်းတွေ ဘာတွေဝိုင်းပြင်ပေးတယ်။ ဒေါ်လှကြည်ကတော့ သိပ်ကြည်တာမဟုတ်တော့ ဦးဇင်းမမြင်အောင် မျက်စောင်းထိုးလိုက် အံကြိတ်လိုက်နဲ့ပေါ့။ ဘီလူးကတော့ ဂရုမစိုက်ဘူး။ အားတက်သရော ဟန်မျိုးနဲ့တောင် 'ဟော့ဟ' 'ဟော့ဟ' မြန်မြန်လုပ်ပါဟ 'ဟော့ဟ' ဆိုပြီး ညာသံပေးလို့ ဆွမ်းပွဲတောင် ဝိုင်းပြင်နေလိုက်သေးတယ်။

ဒီလိုနဲ့ ဦးဇင်းလည်း ဆွမ်းဘုန်းရော ဦးဇင်းနားပုဆစ်တုပ် လေးထိုင်ပြီး ယပ်တောင်လေးတစ်ချောင်းနဲ့ ယပ်ခပ်ပေးနေလိုက်တာ ဝမ်းလျှောပြီးသေတဲ့ မျောက်မသာ လို မျက်ကလေးစင်းပြီး သနားစရာကို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လို့။ ဒါလည်းဘီလူးလုဦးတမင်လုပ်နေမှန်း ဒေါ်လှကြည်သိတယ်။ ဒါပေမယ့် ဦးဇင်းရှိနေတော့ ဘယ်ပြောသာမလဲ။ ဦးဇင်းမှာလည်း ဆွမ်းသာဘုန်းပေးရတယ်။ ခုနကကိစ္စ သူ့စိတ်ထဲမှာ လိပ်ခဲတင်းတင်းဖြစ်နေတုန်း။ ဒါကြောင့် ဆွမ်းနည်းနည်းဘုန်းလိုက် ခေါင်းတစ်ငြိမ့်ငြိမ့်နဲ့ စဉ်းစားလိုက်ဖြစ်နေတယ်။ ခဏကြာတော့ မနေနိုင်တော့လို့ထင်တယ်။ ဆွမ်းပွဲကို လက်စသပ်လိုက်ပြီး…။

"ဒါနဲ့ ဒကာ"

ဦးဇင်းစကားစလိုက်တာနဲ့ ဘီလူးကလည်းနပ်တယ်။ ဒါသူချောက် (ကျောက်) ကျမယ့်ကိစ္စ ဆိုတာ။ ဒါကြောင့် အလျှင်အမြန်ပဲ စကားလမ်းကြောင်းလွှဲရင်း သူလည်းဝမ်းဝမယ့်အရေးကိုတွက်ပြီး…

"တပည့်တော်လည်း စားမှာပါ ဘုရာ့၊ ဒါမျိုးမှ မစားရင် ကျောင်းအစ်မ ဒေါ်လှကြည် ဘယ်စိတ်ကောင်းပါ့မလဲ ဘုရာ့။ ကျောင်းအစ်မဒေါ်လှကြည်ဟာ ဒါမျိုးသိပ်စေတနာထက် သန်တာမို့ သူ့အိမ်မှာထမင်းမစားရင် စိတ်ဆိုးလို့တောင် ဆုံးမှာမဟုတ်တော့ပါဘူး ဘုရာ့"

ဆိုပြီး ထမင်းဝိုင်းဝင်ထိုင်ပြီး ရှိသမျှထမင်းတွေအားလုံးကို ပန်းကန်တစ်ခုထဲလောင်းထည့်လိုက်တယ်။ ပြီးတော့ ပယ်ပယ်နယ်နယ်ကို နယ်ဖတ်ပြီး ကြိတ်တော့တာပဲ။ ဒေါ်လှကြည်နဲ့ ဦးဇင်းဆို ဘာဆက်ပြောရမှန်းတောင် မသိလောက်အောင် ဘီလူးကိုကြောင် ငေးကြည့်နေကြတယ်။

ဘီလူးကတော့ ခပ်တည်တည်ပဲ။ ဘယ်သူ့ကိုမှတောင် လှည့်မကြည့်ဘူး။ ထမင်းကိုပဲ ကုန်းတုပ်နေတာ တမဟုမ်ခြင်းကို ပြောင်သလောက် ဖြစ်သွားတယ်။ ဒေါ်လှကြည်ကိုတော့ မျက်စေ့မျက်နှာကိုပျက်ကရော။ ကြည့်ရတာ သူ့အတွက်တောင် မကျန်တော့ဘူး ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘီလူလည်းထမင်းစားပြီးရော သူ့အရိပ်အခြေကို ကြည့်နေတဲ့ ဦးဇင်းက…

"ဒါနဲ့ ဒကာ"

ဆိုပြီး စကားစလိုက်ပြန်တယ်။ ဦးဇင်းစကားစလိုက်တာနဲ့ ဘီလူးက လည်းသိတယ်။ ဒါဘာအကြောင်းပြောမယ်ဆိုတာ။ ဒါကြောင့် ဦးဇင်း စကားမစနိုင်အောင် ချက်ချင်း ခွေးကတက်ကလေးမှာ ပုဆစ်တုပ် ထိုက်လိုက်ပြီး…

"စိတ်ချပါ ဘုန်းဘုန်းဘုရား့..တပည့်တော်ရွာထိပ်ထိ ပြန်ပို့ပေး ပါ့မယ်ဘုရာ့။ ဒီအတွက်တော့ ဘာမှပူပါနဲ့"

ဆိုပြီး စကားပိတ်လိုက်တော့ ဦးဇင်းမှာလည်း "သြော်..အင်း အင်း"ဆိုပြီး ဘာဆက်ပြောရမှန်း မသိဖြစ်သွားတယ်။ နောက်စိတ်ပျက် သွားသလိုနဲ့ သက်ပြင်းကိုချ ခေါင်းကိုခါယမ်းလိုက်ပြီး

"ကဲ..ဒါဆို"

ဦးဇင်းစကားမဆုံးမှီ ဒေါ်လှကြည်ကလည်း ကမန်းကတန်းလက် အုပ်ချီပြီး..

"ဘုန်ဘုန်း ဘုရာ့…ဘုန်းဘုန်းပြန်ကြွတော့မယ်ဆိုရင် တပည့် တော်ကို… ဓာတ်..ဓာတ်…"

"ဟဲ့..တကာမ..ဘယ့်နှယ် ဦးဇင်းဆီက ပြန်ပြီး အလှူခံနေတာ တုန်း ဒါမျိုးကိုထိုက်တဲ့သူမှ ရတာ.. ကွဲ့…အင်း… လောဘ. လောဘ..လောဘကို မသတ်နိုင်ကြသေးပဲကိုး..ကွဲ့"

ဦးဇင်းရဲ့ စကားကြောင့် ဒေါ်လှကြည် မျက်နှာမည်းထွက်သွား တယ်။ ဒီကြားထဲ ဘီလူးက ဘုမသိဘမသိနဲ့



www.burmeseclassic.com

www.burmeseclassic.com



"အိုး··အရီးနှယ်···ဘုန်းဘုန်းက ထိုက်တဲ့လူဆို စွန့်ကြဲမှာပေါ့··အခု ဟာက အရီးနဲ့မထိုက်တန်သေးလို့ မစွန့်ကြဲတာဖြစ်မှာပေါ့။ ခတ်ကြီး လေးပါ···ဆိုတာ···"

ဆိုပြီး သိသယောင်တတ်သယောင်ဝင်ပြောတော့ ဒေါ်လှကြည် စိတ်ဆိုးသွားပြီး··

"ဟဲ့··သေနာ နင်ဘာမှမသိပဲ ဝင်မပြောစမ်းနဲ့၊ အခုဟာက ခါတ်ကြီးလေးပါမဟုတ်ဘူးဟဲ့··ခါတ်··ခါတ်···"

"တော်စမ်းတကာမ ပြောလေကဲလေပါလားကွဲ့ဟေ···ကုသိုလ် ကံတရားမပါဘဲ ဒီလိုအနဂ္ဂထိုက်တဲ့ ကုသိုလ်ဖြစ်ပစ္စည်းကို လိုချင်လို့ ဖြစ်မလား···"

ဦးဇင်းရဲ့စကားကို ဘီလူးလှဦးက ဘုမသိဘမသိနဲ့···။

"ဟုတ်သားပဲ··အရီးလေးကလည်း···ဦးဇင်းကခါတ်ချုပ်နေလား မှ မသိတာ"

ဆိုပြီးဝင်ပြောတာကြောင့် ဦးဇင်းရော ဒေါ်လှကြည်ပါမျက်နှာ ပျက်သွားပြီး···။

"တော်···တော်ပါကွယ်··ကဲ··ကဲ··ဦးဇင်းလည်း အချိန်မရ တော့တာမို့ ပြန်ကြွတော့မယ်ကွယ်"

ဆိုတော့ ဒေါ်လှကြည်ခင်မျာ ဦးဇင်းကို ပြာပြာသလဲကန်တော့ရှာ တယ်။ ဦးဇင်းလည်းအိမ်အောက်ရောက်ရော ဘာမဆိုင်ညာမဆိုင်ဝင်ရှုပ် တဲ့ ဘီလူးကို အားရပါးရပြော တော့မယ်ဟဲ့လို့ လှည့်ကြည့်လိုက်တော့။

"ဟင်···"

"ဘီလူးမရှိတော့ဘူး··"

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရှိတော့မတုန်း‥ ဒေါ်လှကြည်ဦးဇင်းကို ကုန်းကန်တော့နေကတည်းက ဘီလူးလှဦး အိမ်အောက်ရောက်နှင့်နေပြီ။ နောက်ပြီး ဝေးဝေးလည်း မသွားဘူး။ ဦးဇင်းအနောက်တစ်လံကွာလောက်ကနေ လက်အုပ်ကလေးမခို့တရို့ချီပြီး ကုန်းကုန်း ကုန်းကုန်းနဲ့လိုက်သွားတယ်။ သွားတာတောင် ကောင်းကောင်းသွားတာမဟုတ်ဘူး။ ဦးဇင်းခြေလှမ်း အတိုင်း တစ်လှမ်းလောက်လျှောက်လိုက် ဒေါ်လှကြည်ကိုပြန်လှည့်ကြည့် ပြီး ဇာတ်ပွဲထဲကမင်းသားကန့်လန့်ကာချခါနီး ပရိသတ်ကို တော့တာပြသွားလိုက် နောက် ကန္တရာငွေတောင်ပုံသလို ခြေဖျားလေးတစ်ဖက်ထောက်ပြီး ပုံပြလိုက် လက်အုပ်ကလေးပြန်ချီလိုက်နဲ့ လုပ်ပြသွားတာ

ဒေါ်လှကြည်မှာ ဆွေ့ဆွေ့ကိုခုန်ရော‥‥။

ရှာလမ်းတစ်လျှောက် ခြေတစ်ဖက်နဲ့ ဖုန်ထောင်းထောင်းထအောင် ကန်ထုတ်ရင်း စောင်းငန်းစောင်းငန်းလျှောက်လာတဲ့ ဘီလူးကိုကြည့်ခြင်းအားဖြင့် ဒီကောင်တစ်ခုခုရလာပြီ ဆိုတာလူတိုင်းသိတယ်။ ဒါက အထူးအဆန်း တစ်ခုခုလုပ်လာတိုင်း လုပ်တတ်တဲ့အမူအယာ ကိုး။ နောက်ပြီးသူ့ပါးစောင်မှာ ထဲမှာလဲ ဘာငုံလာတယ်ရယ်မသိ။ ပါးတစ်ဖက်ပါဖောင်းထွက်နေတယ်။ ဒါကြောင့်လဲ ရွာသားတွေက သူ့ကိုတအံ့တသြကြည့်ကြတာ။ ဘီလူးလှဦးကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့မျက်နှာပေးနဲ့ စောင်းငန်း စောင်းငန်း လျှောက်လာနေတုန်း။ ဒေါ်လှကြည်တို့ အိမ်ရှေ့လည်းရောက်ရော သူကိုဒေါသထွက်နေတဲ့ ဒေါ်လှကြည်က ထွက်လာပြီး‥

"ဟဲ့‥သေနာကျ‥‥နင်အပင်းတွေ နင်းကန်ဆို့ပြီး ဂုဏ်ယူမနေနဲ့‥‥ နင့်ကို နင်ဘာကောင်ထင်နေလို့လဲဟဲ့"

ဒေါ်လှကြည်၏ ဒေါသတကြီးစကားကြောင့် ဘီလူးလှဦးတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



တန့်ရပ်လိုက် သည်။ ပြီးတော့ ဒေါ်လှကြည်ကို စိမ်းစိမ်းကြည့်ပြီး ပါးစပ်ထဲကသူငုံထားတဲ့ အလုံးကို လက်ဝါးပေါ်ထွေးချမလိုလုပ်ပြတယ်။ နောက် ထွေးမချတော့ဘဲ အရှေ့ဘက်ကိုသာ စောင်းငန်း စောင်းငန်းနဲ့ ဖုန်တစ်ထောင်းထောင်းထအောင် ကန်ထုတ်ပြီး ဆက်လျှောက်သွားတယ်။ ဒေါ်လှကြည်က တော့ ဒေါသတကြီးနဲ့ သူ့ကိုကော်တုပ်နေတုန်း…။

"ဘီလူးလှဦး ခါတ်လုံးရပြီ…"

ဘီလူးလှဦးခါတ်လုံးရပြီဆိုတဲ့သတင်း မြင်သာရွာကိုတမဟုတ်ခြင်း ကျက်ကျက်ဆူ သွားစေတယ်။ ဒေါ်လှကြည်အိမ်ကို ဆွမ်းစားကြွလာတဲ့ အာဂန္တုဦးဇင်းဆီကရတာတဲ့…။

နောက်ပြီးသူရထားတဲ့ခါတ်လုံးက နှယ်နှယ်ရရ ဓာတ်လုံး မဟုတ်ဘူး။ အဘယသိဒ္ဓိ၊ အာဟာရသိဒ္ဓိ၊ အနုလုံပရိလုံသိဒ္ဓိ၊ ကာယသိဒ္ဓိ စတဲ့သိဒ္ဓိမျိုးစုံပြီးသတဲ့…။ ပြီးမပြီး ဓာတ်လုံးရထားတဲ့ ဘီလူးလှဦး ကိုကြည့်လေ။ သူ့အာဟာရသိဒ္ဓိပြီးနေပုံက ထန်းရည်သာအဝသောက်ထားလို့ကတော့ ထမင်းကိုစားစရာ မလိုဘူးဆိုပါရောလား‥။

ဒါတင်ဘယ်ကလဲ၊ ရွာလယ်ပိုင်းက မုဆိုးမဒေါ်စောကြီး ဓာတ်ချုပ်နေတုန်းက ဆေးဆရာကြီးဖိုးသာအိုတောင် ဆေးပေါင်းစုံနဲ့ ကုပြီးမနိုင်တာနဲ့ လက်လျှော့ထားရတဲ့အချိန်။ ဘီလူးလှဦးကို ထန်းတောထဲကနေသွားပင့်ပြီး ကုခိုင်းတော့၊ အလွယ်ကလေးရယ်။ ထန်းရည်နေကျော်တစ်ခွက်ကို ဆားတစ်ကြဲ့ပစ်ထည့်၊ ခါတ်လုံးကလေးတစ်ချက်စိမ်ပြီး တိုက်လိုက်တာ ဒေါ်စောကြီးခင်မျာ ဝမ်းသွားသလားလို့တောင်မမေးနဲ့၊ ခြောက်ရက်လောက် ဆက်တိုက် ဝမ်းမရပ်လို့ အားကုန်ပြီး မျက်စေ့ပါဝေသွားတယ်။ သွားစရာဝမ်းမရှိတော့လို့ အူတွေပါပြုတ် ကျလာမလားအောက်မေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာဖိုးသာအိုဆို ဝမ်းပြန်ရပ်အောင် ရှိသမျှဝမ်းပိတ်ဆေးတွေတိုက် တာမရတဲ့အဆုံး အရွယ်တော် ဒင်္ဂါးပြားကိုတောင် ရာခိုင်းနေပြီ။ ဒါနဲ့ပဲ ဘယ်လိုမှ မရနိုင်တဲ့အဆုံး၊ ဘီလူးကို ထန်းတောထဲက သွားပြန်ပင့်ခဲ့ရတယ်။ ဘီလူးရောက်လာတော့လဲ အလွယ်ကလေးရယ်။ တွေကရာချွေး တောက်၊ တမာ၊ လှ္သက်၊ ကြောင်ရှာ၊ ကြက်ဟင်းခါး၊ ဇောင်းလျှား၊ မုတ်ခါး စတဲ့ အသီးအရွက်တွေကို ထုထောင်း၊ သုံးခွက်တစ်ခွက်တင်ကျို၊ ဓါတ်လုံးကလေးစိမ်ပြီး တိုက်ချလိုက်တာ ဝမ်းရပ်ရုံတင်မကဘဲ ဒေါ် စောကြီးဆို ခြောက်ဆယ်ကျော်မှ ဝက်ခြံတွေပါ ကန်ထွက်လာရလောက် အောင်ကိုချုပ်ထွက်သွားတယ်။ နောက်ဆုံး ရွာသားတွေက 'ချုပ်' သွားလေး လောက်လုပ်ပေးပါဆိုတော့ ဘီလူးလုဦး ဆေးနှစ်ဖုံဖော်ပြီး ဓာတ်လုံးလေးစိမ် ပေးလိုက်တာ၊ သူ့ဆေးတွေသောက်ပြီး ဒေါ်စောကြီးခင်မျာ မျက်လုံးဝေ လိုက် ဝက်ခြံထွက်လိုက်ဖြစ်နေတာခုချိန်ထိပဲ။

ဒါတင်ပဲလားဆိုတော့ ဘယ်ဟုတ်မတုန်း၊ ဘီလူးလုဦးပြောစကား အရဆိုရင် 'အိမ် ပေါ်ကိုသူခိုးတက်ဦးတော့၊ သူခိုးကို ဖမ်းမမိရင်တောင် သူခိုးခြေရာကို ဓါတ်လုံးလေးနဲ့ အသက် အောင့်ပြီး (၇) ချက်တို့လိုက်။ အဲဒီသူခိုး (၇) ရက်အတွင်း ဥပစ္ဆေဒက ကံနဲ့သေရင်သေ၊ မသေရင် သူ့ ဘာသာသူ အိုသေလိမ့်မတဲ့ 'ကိုင်း'

တစ်ရွာလုံးကို ဖိန့်ဖိန့်တုန်ရော…။

ဒါကြောင့်လဲ ဘီလူးလုဦးရဲ့ဓါတ်လုံးကို တစ်ရွာလုံးကိုစိတ်ဝင် စားနေကြတာ။ အဲဒီအထဲမှာမှာ ဓါတ်လုံးကို ငန်းငန်းတက်လိုချင်နေတဲ့ လူလေးယောက်ရှိတယ်။

အဲဒီလူတွေက…။

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"သူကြီးဖိုးထင်"

"ဘဒွေး( မြို့ကခဏလာလည်တဲ့ သူကြီးဘကြီး)

"ဆေးဆရာဖိုးသာအို"

"ဒေါ်လှကြည်"

သူတို့လေးယောက်ကတော့ ခါတ်လုံးကိုအလိုချင်ဆုံးပဲ။ ဒါကြောင့်လည်း ကိုယ်နည်းကိုယ့်ဟန်နဲ့ ဘီလူးလှဦးဆီက ခါတ်လုံးကိုမရ ရအောင်ကြိုးစားကြတယ်။

သူကြီးဆိုရင် ကိုရင်ကြက်ပုထန်းတောကိုသွား၊ ဘီလူးသောက်တဲ့ ထန်းရည်ကြွေးတွေရှင်းပေးပြီး…။

ဘီလူးလှဦးသောက်ထားတဲ့ ထန်းရည်ကြွေးတွေကို သူကြီးလာရှင်းပေးသွားကြောင်း ဘီလူး လှဦးမသိစေနဲ့လို့ သူကြီးပြောသွားကြောင်း၊ အဲဒီစကားကို ဘီလူးလှဦးသိအောင် တစ်ဖက်လှည့်နဲ့ပြောပေးပါ၊ ပုဆိုးတစ်ထည်လက်ဆောင်ပေးပါ့မယ်ဆိုပြီး ကိုရင်ကြက်ပုကို စည်းရုံးသွားသေးတယ်။

သဘောကတော့ ဘီလူးလှဦးကို သူမသိအောင် အနောက်ကပံ့ပိုးပေးနေတာသူကြီးပေါ့။

အဲ…ဒေါ်လှကြည်ကြတော့ တစ်မျိုး..ဘီလူးလှဦးကိုတွေ့တာနဲ့ အခေါ်အဝေါ်ပြောင်း၊ မျက်နှာအမူအယာပါပြုံးချိုပြီး…။

"ဟဲ့…သား..၊ နေပူကြီးထဲ လျှောက်သွားနေတာ အပူတွေဖြင့်ရှုပ်ကုန်တော့မယ်။ပိုက်ဆံရောရှိရဲ့လား..မရှိရင်ယူသွားလေ..မုန့်ဖိုးပေါ့.."

ဆိုပြီး ပိုက်ဆံတစ်မူးမျိုး၊ တစ်ကျပ်မျိုး ပက်ခနဲထုပ်ပေးတော့တာပဲ။ ဘီလူးလှဦးက



www.burmeseclassic.com

www.burmeseclassic.com



"မယူပါဘူးဗျာ၊ ပိုက်ဆံမလိုပါဘူး" ဆိုလိုက်တာနဲ့ ပြာပြာသလဲနဲ့ "ယူသွားပါကွယ် အခုမလိုလဲ နောက်တော့လိုမှာပေါ့.. ညနေကြရင်လဲ သားလေးကြိုက်တဲ့ ငါးရံ့အူဆီပြန်ဟင်းလေးချက်ပြီး လာပို့မယ်နော်..." ဆိုပြီး ပိုက်ဆံလည်းပေး၊ အိမ်ကိုစားကောင်းသောက်ဖွယ်လည်း ချက်ပို့နဲ့ လုပ်နေတာ။ လုပ်နေတာ...။

အဲ...ဘဒွေးကတစ်မျိုး။ သူကလူကြီးကိုး၊ ဒါကြောင့် ဣန္ဒြေနဲ့ သိက္ခာကလည်း ထိန်းရသေးတာကိုး။ ဒါကြောင့် ဘီလူးလှဦးသွားတတ်တဲ့ နေရာတွေကို သူနဲ့ မဆုံဆုံအောင် တမင်သွားစောင့်ပြီး...

"ဟော့ကောင်...မင်းခြေလှမ်းတွေပျက်နေပြီးနော်၊ လိမ်လိမ်မာမာ နေစမ်းပါ။ ငါကမင်းကိုကောင်းစေချင်လို့ပြောတာ။ နောက်ပြီးအိမ်ကို လာခဲ့ဦး။ မင်းကို ပုရိပ်ကြီးဆယ့် တစ်သုပ်သင်ပေးချင်လို့..." ဆိုပြီး သူဘက်ပါအောင်စည်းရုံးတယ်။

အဲဒီအထဲကမှ ဆေးဆရာဖိုးသာအိုကတော့ ဝွအကျဆုံးပဲ။ သူ့ ခင်မျာဘီလူးနဲ့လည်းမခင်၊ သူကြီးနဲ့ ဘဒွေးကိုလည်း ကြောက်ရတော့ ဘီလူးလှဦးသွားရာနောက် သူခိုးချောင်းသလိုပဲ ပုန်းလျှိုးကွယ်လျှိုးနဲ့ သစ်ပင်နောက်ကွယ်ပြီး လိုက်ချောင်းနေရရှာတယ်။

သူတို့လေးယောက်လုံး ဘီလူးလှဦးကိုစည်းရုံးပုံခြင်းမတူကြပေ မယ့် ရည်ရွယ်ချက်ကတော့ အတူတူပဲ။ ဒါက ဘီလူးလှဦးဆီက ဓာတ်လုံး ကိုရဖို့၊ ဒီဓါတ်လုံးကိုရမှ သူတို့ရဲ့ ဩဇာပိုပြီးကြီးမားမှာကိုး။

သူတို့သာအဲဒီလို ယောက်ယက်ခတ်နေကြတာ ဘီလူးလှဦးကတော့ အေးအေး ဆေးဆေးပဲ သူကြီးတိုက်တဲ့ ထန်းရည်ကိုသောက်၊ ဒေါ် လှကြည်ကျွေးတဲ့ ထမင်းကောင်း ဟင်းကောင်း လွေးလိုက်နဲ့ ဆူလို့ဖြိုးလို့၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုလည်းရှာသား အားလုံးက ဘီလူးလုဦးပါးစပ်ထဲမှာငုံထားတဲ့ ဓါတ်လုံး တန်ခိုးကြောင့်လို့ထင်ကြတယ်။ ဘီလူးလုဦးကလည်း ပါးစောင်မှာငုံ ထားတဲ့ ဓါတ်လုံးကို ယောင်လို့ တောင် ထုပ်မကြည့်ဘူး။ ရန်သူမျိုးလေးပါး (ဟိုလေးယောက်)ရန်ကိုကြောက်လို့လားတော့ မသိဘူး။ ညအိပ်ရင် တောင် အဲဒီအလုံးကြီးငုံအိပ်တာ။

ဒီလိုနဲ့ တစ်နေ့တော့ မြင်သာရွာအတွက် အထူးအဆန်းသတင်း တစ်ခု ပေါ်လာတယ်။ အဲဒါက...

“ဘီလူးလုဦး ဓါတ်လုံး မိုက်ထဲကျသွားပြီ”...တဲ့။

ဘီလူးလုဦးထန်းရည်သောက်ရင်းနဲ့ ဓါတ်လုံးပါမျိုမိသွားတာတဲ့။ နောက်ပြီး သတင်းတစ်ခုကလည်း သိုးသိုးသန့်သန့်ကနေ ကျယ်ကျယ် ပြန့်ပြန့်ပေါ်ထွက်လာတယ်။ ဒါက...

ဓါတ်လုံးဟာ ဘီလူးဗိုက်ထဲကျသွားတဲ့ အတွက် ပိုအစွမ်းထက်လာ နိုင်သတဲ့။ ရှင် အဇ္ဇဂေါဏ တုန်းကလည်း ဒီလိုပဲ၊ အချဉ်နဲ့မစင်မှားမိတဲ့ မျက်လုံးတောင် ထိုးဖောက်ခဲ့မိတယ်။ မစင်တွင်းပစ်ချလိုက်မှ ရွှေဖြစ်ငွေဖြစ်ဓါတ်လုံးဖြစ်ခဲ့တာ။ အခုလည်းဓါတ်လုံးဟာ ဘီလူးလုဦး ဝမ်းဗိုက်ထဲရောက်သွားတဲ့အတွက် ဘာပဲပြောပြောဟိုဟာနဲ့ထိပြီး ဓါတ် တစ်မျိုးပြောင်းသွားနိုင်တယ် စသည်ဖြင့်ပေါ့...။

ဒီသတင်းကို စိတ်အဝင်စားဆုံးကတော့ ဟိုလေးယောက်ပဲ။

အဲဒီသတင်းတွေကြောင့် သူတို့လေးယောက်လုံး ဓါတ်လုံးကိုပိုပြီး ငန်းငန်းတက်ဖြစ်လာတယ်။ ဒါကြောင့်...။

ဘုန်းကြီးကျောင်းက အုန်းမောင်းခေါက်သံကြားရတယ်။ နှင်းက တော့ မကွဲသေးဘူး။

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးတို့ အိမ်ခြံစည်းရိုးနား လှစ်ခနဲလှမ်းကပ်လိုက်တဲ့ အရိပ်တစ်ခု၊ ပတ်ပေါင်းစတလူ လူနဲ့။

"သူကြီး..."

ကုပ်ချောင်းချောင်းနဲ့ တို့ခြံစည်းရိုးကျော်ပြီး ဘီလူးတို့အိမ်ဘက်လှမ်းချောင်းလိုက် တယ်။ ဘာသံမှမကြားရတော့မှ ဘီလူးတို့အိမ်ရှေ့ ထိန်ပင်ကြီးနားကို ကျွမ်းပစ်ပြီးဝင်လိုက် တယ်။ လှုပ်ရှားပုံကပိရိတယ်။ သူ့ဝတုတ်တုတ်ခန္ဓာကိုယ်နဲ့တောင် မလိုက်ဘူး။ လှစ်ခနဲနေ တာ။ ထိန်ပင်ကြီးအောက်ရောက်တော့ ကိုယ်မှာကပ်နေတဲ့ ဖုန်တွေကို အသံမထွက်အောင် ခါပြီး ထိန်ပင်ကြီးကို တောက်တဲ့ကပ်သလို ကပ်လို့ဘီလူးတို့အိမ်ကို မသိမသာချောင်းကြည့် လိုက်တယ်။ အဲဒီအချိန်မှာပဲ ထိန်ပင်ပေါ်က ချိုးချိုးချွတ် ချွတ်အသံကြားလို့ မော့ကြည့်လိုက်တော့

"ဘဒွေး..."

သူကြီးရဲ့အပေါ်တည့်တည့် ထိန်ပင်ရဲ့အကိုင်းတစ်ခုကနေ ဘီလူးတို့အိမ်ဘက် နီး သထက်နီးအောင် မိချောင်းတက် သဲကြီးမဲကြီးတက်နေတဲ့ ဘဒွေး...။ ဘဒွေးကိုမြင်တော့ သူကြီးစိတ်ဆိုးသွားတယ်။ ဒါပေမယ့် အသံကလည်းကျယ်ကျယ်မထွက်ရဲတာနဲ့ အံကြိတ်ပြီး...။

"ဘဒွေး..ဘာလုပ်တာလဲဗျ...ထိန်ပင်ပေါ်တက်ပြီး လူကြီးလူကြီးအိမ်မှာ အေးအေးဆေးဆေး ပြန်နေစမ်းပါ..."

သူကြီးစကားကို ဘဒွေးကလည်း အားကျမခံ အံကြိတ်သံနှင့်...။

"ဟော့ကောင်...စကားမရှည်နဲ့...။ မင်းဒီအိမ်နားကပ်လာကတည်းက ငါမြင်တယ်။ ငါညကတည်းကရောက်နေတာ...။ ပြန်ချင်းပြန်ရင် မင်းပြန်စမ်းပါ။ အနောက်မှပေါက်တဲ့ ရွှေကြာပင် အရင်မပွင့်ချင်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီးမိချောင်းတက်နဲ့ ဘီလူးတို့အိမ်ဘက်ဆက်တိုးသွားတယ်။ ဘဒွေးရဲ့အပြုအမူ ကြောင့် သူကြီးပိုစိတ်ဆိုးသွားပြီး…။

“ဟာ…ဘဒွေးဘယ့်နှယ်လုပ်တာတုန်း…ဟိုကောင်သိ…သိ”

သူကြီးရဲ့စကားမဆုံးခင် ဘီလူးတို့အိမ်တံခါး ဖျတ်ခနဲပွင့်လာတယ်။ ဒါကြောင့် နှစ်ယောက်လုံးပြန်ပြီး ငြိမ်နေလိုက်ကြတယ်။ တစ်ယောက်ကိုတစ်ယောက်တော့ အလစ်မပေး ဘူး။ အတော်ကြာမှ အိမ်ထဲက ဘီလူးအိပ်မှုန်စုံမွှားနဲ့ လုံချည်လေးခြုံပြီးထွက်လာတယ်။ အိမ်ရှေ့လဲ ရောက်ရော သူ့ဗိုက်ကို ဟိုစမ်းဒီစမ်းလုပ်တယ်။

သေချာပြီ…။ ဘီလူးလုဦး သူ့ဗိုက်ထဲကျသွားတဲ့ဓါတ်လုံးကိုစမ်းနေတယ်။ နောက် မျက်နှာကိုရှုံ့မဲ့ပြီး ဟိုကြည့်ဒီကြည့်နဲ့ သူ့အိမ်အနောက်ဖက်လယ်ကွင်းကို ဗိုက်ကလေးနှိပ်ပြီး သုတ်သုတ်နဲ့ထွက်သွားတယ်။ အဲဒီအဖြစ်ကိုလဲမြင်ရော ဘဒွေး ထိန်ပင်အကိုင်းပေါ်ကနေ ဖျတ်ခနဲ ခုန်ချလာတယ်။ လှတယ်။ အသံတောင်မထွက်ဘူး။ အသက် (၇၀)ကျော်လို့ပြောရင် တောင်ယုံမှာမဟုတ်ဘူး။

သူကြီးကလည်း အားကျမခံ ထိန်ပင်ကြီးကနေ တစ်ပတ်ကျွမ်းပစ်ထွက်လာတယ်။ လှစ်ခနဲနေတာပဲ…။ သူကိုယ်လုံးကြီးနဲ့ ထင်တောင်မထင်ရဘူး။ နှစ်ယောက်သားပုခုံးချင်း လည်း ယှဉ်းမိရော တစ်ယောက်ကို တစ်ယောက် အရှေ့အကျောမပေးဘဲ၊ ဆွဲလိုက်တွန်းလိုက် နဲ့ ဘီလူးသွားရာနောက် ကုပ်ချောင်းကုပ်ချောင်းနဲ့လိုက်သွားတယ်။

ဒါပေမယ့် သူတို့နောက်ကနေ မိချောင်းတက်နဲ့တက်လိုက်လာတဲ့ လူတစ်ယောက် ကိုတော့သူတို့သတိမထားမိလိုက်ဘူး။ အဲဒီလူက…။

နှင်းမှုံတွေပိန်းပိတ်အောင်ဖုံးလွှမ်းနေတော့ ဘီလူးအရိပ်က ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပျောက်လိုက်ပဲ။ သူတို့လည်း တစ်ယောက်တစ်ယောက်အလစ် မပေးဘဲ ဘီလူးနောက်ကို မျက်ခြေအပြတ် မခံဘဲ လိုက်သွားကြတယ်။

ရွာရဲ့ လယ်ကွင်း အလယ်လောက်မှာရှိတဲ့ ထနောင်းပင်ကြီး အောက်လည်း ရောက်ရော၊ ဘီလူးအရှေ့ဆက်မသွားတော့ဘဲ ဘေးဘီဝဲ ကြည့်လိုက်တယ်။ သူကြီးနဲ့ဘဒွေးနဲ့က လည်း လျှင်တယ်။ ဖတ်ခနဲလိုမ့်ပြီး လယ်ကန်သင်းရိုးမှာ မှောက်ပြီးဝပ်နေလိုက်ကြတယ်။ အနောက်က မိချောင်းတက်သမားကတော့ မိချောင်းတက်ဆက်တက်နေတုန်း။

ဘီလူးသူတို့ဘက် ဝေ့ကြည့်လိုက်သေးတယ်။ ဘာမှလှုပ်ရှားသံ မကြားရတဲ့အဆုံး လုံချည်ကလေးခြုံပြီး ဆောင့်ကြောင့်ထိုင်လိုက်တယ်။ 'အီးယား' လို့အော်သံကြားတယ်။ ယစ်(စ်) ဆိုတဲ့အာမေဋိတ်သံထပ်ကြားရ တယ်။ အဲဒီအသံတွေကြောင့် သူကြီးနဲ့ ဘဒွေးတောင် လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင်ဆုပ် မျက်နှာကို ရှုံ့မဲ့ပြီး…''ဟုတ်ပြီကွ…ညစ်ထား'' ''ဟုတ်ပြီအောင်မြင်တော့မယ်''စသည်ဖြင့် သူတို့ဖြစ်ချင်နေတဲ့အတိုင်း လေသံကလေးနဲ့ကြုံးဝါးကြတယ်။ အသံ လည်းကျယ်ကျယ်မထွက်ရဲ ဘူး။ ဘီလူးကြားသွားရင်'အင်အင်း' လန့်သွားမှာစိုးလို့…။

အတော်ကြာမှ ဘီလူးဆီက 'ဟူးခနဲ' သက်ပျင်းချသံကြားရတယ်။ နောက်သူ့ အောက်ကိုသူငုံ့ကြည့်ပြီး အံ့ဩသလိုဟန်မျိုးနဲ့ 'အောင်ပြီကွ၊ အောင်ပြီကွ'လို့ ကြုံးဝါးပြီး ထကပါလေရော။ ဘီလူးထကတာလည်းမြင် ရော သူကြီးနဲ့ဘဒွေးမနေနိုင်တော့ဘူး ကန်သင်း ရိုးမှာ ပုန်းနေရာက ထပြီး…

''ဘာအောင်တာလဲ ကွ''

ဆိုပြီးအော်လိုက်တယ်။ သူကြီးနဲ့ဘဒွေးကို တစ်ပြိုင်တည်းမြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတော့ ဘီလူး လန့်သွားတယ်။ ပြီးတော့လှည့်တောင်မကြည့်တော့ဘဲ ရွာမြောက်ဘက်ကို ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် သုပ်ခြေတင်ထွက်ပြေးပါလေရော။ ဘီလူးပြေးတာလဲမြင်ရော၊ မိချောင်းတက်နဲ့လိုက်တက်လာတဲ့တစ်ယောက်၊ ရုပ်ချည်းထပြီး‥ ဘီလူးခုနကညှစ် ထုတ်ထားတဲ့ အပုံဆီကိုထပြေးတယ်။ ဘဒွေးကလည်းလျှင်တယ်။ အဲဒီလူသူ့နားလည်းရောက်ရော ဖတ်ခနဲခြေကလိမ်ဖမ်းကွပ်လိုက်တယ်။ ဟိုလူဟပ်ထိုးဟပ်ထိုးနဲ့ ကန်သင်းရိုးပေါ် ဝုန်းခနဲ လဲကျသွားတယ်။ ကြည့်လိုက်တော့ ‘ဆေးဆရာဖိုးသာအို’ ကန်သင်းရိုးနဲ့ခေါင်းဆောင့်ပြီးသတိမေ့နေတယ်။

သူကြီးကလဲ ရလာတဲ့အခွင့်အရေးကို လက်လွှတ်မခံဘူး။ ဘဒွေးကိုဆတ်ခနဲ ဆောင့်တွန်းပြီး ထနောင်းပင်အောက်ပြေးဖို့လုပ်တယ်။ ဘဒွေးကလည်းသိတယ်။ သူကြီး ဒါမျိုးလုပ်မယ်ဆိုတာ။ ကိုယ်ကိုလှစ်ခနဲရှိပြီး သူကြီးလက်ကို လှမ်းဆွဲထားတယ်။ နောက်ဗန် တိုဗန်ရှည်နည်းနဲ့ဆတ်ခနဲလက်လိမ်ချိုးပြီး အနောက်ကိုဆွဲပစ်ထုတ်လိုက်တယ်။

နောက်‥ ထနောင်းပင်အောက်ပြေးသွားတယ်။

ဒီလောက်နဲ့တော့ဘယ်လွယ်မတုန်း…ဟိုကလည်းရွှေစလွယ်ရသူကြီးဘဲ။ အနောက်ကပြေးလိုက်ပြီး ဘဒွေးလယ်ကုတ်ကို ဖတ်ခနဲလှမ်းဆွဲလိုက်တယ်။

ဘဒွေးကလျှင်တယ်။ အလိုက်သင့်ပဲ လက်နှစ်ဖက်ကို အနောက်ပစ်ပေးလိုက်တော့ သူကြီးလက်ထဲ ဘဒွေးအင်္ကျီပဲကျွတ်ပါသွားတယ်။ ဘဒွေးက အလျှင်အမြန်ပဲ ဘီလူးရဲ့အပုံထဲက အလုံးကိုပြေးကောက်တယ်။ ဖြစ်ချင်တော့(ထန်းရည်ဝမ်းဆိုတော့) ချော်ပြီးသူ့လက်ထဲရောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသားအလုံး ဖုတ်ခနဲမြေကြီးပေါ်ပြန်ပြုတ်ကျသွားတယ်။

အခြေအနေကြည့်နေတဲ့ သူကြီးက ဒိုင်ပင်ထိုးပြီးပြေးဖမ်းတယ်။ ဘဒွေးက အလုံး ကိုခြေထောက်နဲ့အသာကလေးတော့လိုက်တယ်။ သူကြီး လက်နဲ့ခါတ်လုံး နည်းနည်းကလေး လွဲသွားတယ်။ ဘဒွေးက ကျွမ်းတစ်ပတ်ပစ်ပြီး ခါတ်လုံးကိုကောက်လိုက်တယ်။

"ရပြီကွ…ခါတ်လုံးငါရပြီး…ဟားဟား ဟားဟား"

အဲဒီလို ကြိမ်းဝါးရုံပဲရှိသေးတယ်၊ ဘဒွေးဆီဦးတည်ပြီး လွှားခနဲလွှားခနဲ ပြေးလာတဲ့လူတစ်ယောက်၊ ဆံပင်ဖိုးရိုးဖားယားနဲ့။

"ဒေါ်လှကြည်"

ဒေါ်လှကြည်ကိုလဲမြင်ရော ဘဒွေးခါတ်လုံးကို လုံချည်ကြားထဲလှမ်းဝှက်လိုက် တယ်။ ဒါပေမယ့် ဒေါ်လှကြည်ရဲ့ဦးတည်ချက်ကတော့ ပြောင်းမသွားဘူး။ 'ဟိုင်းယား' ဆိုပြီး ညာသံပေးလို့၊ လွှားခနဲ ဘဒွေးခါးပေါ်ခွစီးပြီး ဘဒွေးလုံချည်ထဲဝှက်ထားတဲ့ခါတ်လုံးကို သူ့ကျောဘက်က ကျော်ပြီး လှမ်းနှိုက်လိုက်တယ်ဆိုရင်ဘဲ…။

"အား…အောင်မလေး…သေပါပြီး…"

ဘဒွေးအော်သံကြားရတယ်။ ဒါပေမယ့်ဒေါ်လှကြည်က မလွှတ်ဘူး။

"ရပြီးဟေ့…ကျုပ်ရပြီ…"

ဆိုပြီးအော်တယ်။ ဒါနဲ့ ဘဒွေးလည်းမနေနိုင်တော့ဘဲ

"အား…ဟေ့…အဘွားကြီး…နင်…နင်ညှစ်ထားတာ ခါတ်လုံး မဟုတ်ဘူး…ငါ့…ငါ့…အား…သေပါပြီ…"

"ဟင်"

အော်သံနှင့်အတူ ဘဒွေးခွေခနဲလဲကျသွားတယ်။ အဲဒီတော့မှ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လုံးကမြေကြီး ပေါ်ဖုတ်ခနဲပြုတ်ကျလာတယ်။ ဒီအခွင့်အရေးကို စောင့်နေတဲ့ သူကြီးကလက်နဲ့ကောက်နေ ရင် မသေချာမှာစိုးလို့ ပါးစပ်နဲ့ 'ဘတ်' ဆိုလှမ်းဟပ်လိုက်တယ်။ ကွက်တိပဲ။ မိတယ်…။

"ကဲ…ဓါတ်လုံးကျုပ်ရသွားပြီ…"

သူကြီးပါးစပ်ထဲဓါတ်လုံးရောက်သွားပြီဆိုတော့ ကျန်တဲ့လူအားလုံး ဘာမှမတတ် နိုင်တော့ဘူး၊ သူကြီးကလည်းလယ်တယ်။ ဓါတ်လုံးသူ့ပါးစပ် ထဲရောက်ကတည်းက ဓါတ်လုံး မှာကပ်နေတဲ့ဖုန်တွေ ၊ သဲတွေကအစ အားလုံးကို သူ့လျှာကြမ်းကြီးနဲ့ သပ်ပြီးမျိုချတယ်။ ထွေးထုပ်နေရင် မသေချာ မှာစိုးလို့။ ဟုတ်တယ်လေ။ ဖုန်တွေအမှိုက်တွေထွေးထုပ်လိုက် လို့ ဓါတ်လုံးပါထွက်သွားမှဖြင့်။

"သူကြီးပါစပါထဲ ဓါတ်လုံးရောက်သွားပြီ…"ဆိုတဲ့သတင်းက မြင်သာရွာကို တမဟုန်ချင်းပျံ့နှံ့စေတယ်။

အဲဒီနေ့ကစပြီး သူကြီး မျက်နှာကလည်း တစ်နေ့တစ်ခြား ရွှေရောင် ဝင်းဝင်းလာတယ်လို့ လူတွေပြောကြတယ်။ ဓါတ်လုံးတန်ခိုးဖြစ်လိမ့် မယ်ဟုထင်ကြတယ်။ အဟုတ်လည်း သူ့မျက်နှာ အဝါရောင်သန်း လာတယ်။ နောက်ပြီး ဣန္ဒြေလည်းပိုရလာတယ်။ တစ်ချိန်လုံး ပုတီးစိပ်၊ တရားထိုင်နဲ့ တရား ကြောင်ပဲပြောတော့တယ်ဆိုပဲ။ တစ်ချို့ကလည်း သူကြီးထွက်ရပ်တောင်ပေါက်နိုင်တယ်လို့ဆို ကြတယ်။ ဒါကလည်း ဓာတ် လုံးတန်ခိုးပဲဖြစ်မယ်။ သူကြီးကလည်း သူကြီးပဲ ငုံထားတဲ့ ဓာတ်လုံးကို သူ့မိန်းမဒေါ်စောကြီးနဲ့သမီးခင်မှုန်တောင်ထုတ်မပြဘူး။ အပြင်လေထိ ရင် ဓါတ်လုံး တန်ခိုးလျော့မှာဆိုးလို့တဲ့။ တစ်ချို့ကလည်း ဓာတ်လုံးကို အဲသည်လိုရှိသေလို့ အကျိုးခံစားရတာတဲ့ …။ ဘယ်သူတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော ခါတ်လုံးအကြောင်း တစ်လုံးမှမဟတော့တာကတော့ အရင်ခါတ်လုံးပိုင်ရှင် ဘီလူးလှဦးပေါ့။ သူကတော့ အေးအေးဆေးဆေးပဲ သူကြီးသူ့အတွက် ပေးထားတဲ့ ထန်းရည်ဖိုးတွေနဲ့ နေ့မီးညမီးသောက်နေလိုက်တာ ဒေါင်ချာကိုစိုင်းရော။ သူက လည်း ဘီလူးကိုသူ့ကျေးဇူးရှင်များမှတ်လို့လားတော့မသိဘူး။ ဘီလူးသောက်သမျှ ထန်းရည်ကြွေးတွေ ဒိုင်ခံရှင်းပေးနေတုန်း။

ဒီလိုနဲ့သူ ဖာသာသူ ငြိမ်သက်နေတဲ့ ခါတ်လုံးသတင်းကို ပြန်လည်လှုပ်ခပ်စေတဲ့ အကြောင်းတစ်ခုပေါ်လာတယ်။ အဲဒါက...။

ဘီလူးလှဦးကိုခါတ်လုံးပေးသွားတဲ့ အာဂန္တုဦးဇင်း ရွာဦးကျောင်းမှရောက်နေသတဲ့။

အဲဒီသတင်းလည်းကြားရော သူကြီးကမန်းကတန်းပဲ ရွာထိပ်ကျောင်းကို ဦးအောင်သွားတယ် မသွားလို့မဖြစ်ဘူးလေ။ ဒေါ်လှကြည်တို့ ဘီလူးလှဦးတို့အရင်ရောက်သွားပြီး ဦးဇင်းကို သူ့ခါတ်လုံးကို အနိုင်ကျင့်ပြီး ယူသွားပါတယ်ဆိုပြီး လျှောက်ရင်မခက်လား။ နောက်ပြီး ဘဒွေးတို့ ဖိုးသာအိုတို့ ရန်ကလည်းရှိသေးတယ်။ရွာဦးကျောင်းလည်းရောက်ရော ကျောင်းတိုင် ဆရာတော်နဲ့ စကားလက်စုံကျနေတဲ့ အာဂန္တုဦးဇင်းတို့ကို ရှိခိုးဦးချလိုက်တယ်။ သူကြီးကို မြင်တော့ ဆရာတော်ကပါအံ့အားသင့်ပြီး။

"ဟဲ့...မောင်ဖိုးထင်...ဘာအကြောင်းကိစ္စများရှိလို့လဲ၊ ဆိုင်းမဆင့်ဗုံမဆင့်"

ကျောင်းတိုင်ဆရာတော်၏အမေးကို သူကြီးက...။

"တင်ပါ...အကြောင်းကိစ္စကတော့ ဟောဒီ အာဂန္တုဦးဇင်းနဲ့ တွေ့လိုခြင်းသာ ဖြစ်ပါတယ် ဘုရား..."

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟော…"

"ဘာအကြောင်းများရှိလို့ ဦးဇင်းကို တွေ့ချင်ရတာတုန်း တကာရဲ့…"

"တင်ပါ‥တပည့်တော် ဒီရွာကသူကြီးပါဘုရား…"

"သြော် သြော်…"

"အဲဒါ…ဟိုလေ…ဦးဇင်းဟိုတစ်ခေါက် ဒီရွာခဏလာတုန်းက လူတစ်ယောက်ကို…ခ‌တ်…ခ‌တ်လုံးပေးခဲ့တယ် မဟုတ်လားဘုရာ့"

"ဟော"

သူကြီးစကားကြောင့် အာဂန္တုဦးဇင်းမျက်လုံးပြူးသွားတယ်။

နောက်ပြီး…

"ဦးဇင်း ဘယ်သူ့ကိုမှ ခါတ်လုံးမပေးခဲ့ပါဘူးကွဲ့"

"ဟင်"

ဦးဇင်းရဲ့ စကားကို သူကြီး အံ့အားသင့်သွားတယ်။ ပြီးတော့ မချင့်မရဲနဲ့။

"တကယ်…တကယ်မပေးခဲ့ဘူးလားဘုရား…။ ဟိုလေ…ဦးဇင်း မေ့… မေ့နေလို့လဲ ဖြစ်နေပါဦးမယ် ဘုရာ့‥ဟင်းဟင်း…အဲဒီ ခ‌တ်လုံးက ဦးဇင်းပေးခဲ့တယ် ဆိုလို့‥ တပည့်တော်ပါးစပ်ထဲ ငုံထားပါတယ်ဘုရား‥ဟင်းဟင်း…"

"ဟော‥ဘယ့်နှယ့်မေ့ရမတုန်း…ခ‌တ်လုံး သူများပေးဖို့ မပြောနဲ့၊ ဦးဇင်းမှာတောင်မရှိဘူးကွဲ့"

"ဗျာ…"

"မှန်း…ဒကာရထားတဲ့ခါတ်လုံး…"

ဦးဇင်းရဲ့စကားကို သူကြီးတွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲမှာ ဓါတ်လုံး ကိုဘယ်သူ့ကိုမှ မပြချင်ဘူးဖြစ်နေပုံရတယ်။

"ဟဲ့..ဖိုးထင် ပြလိုက်လေ..."

ကျောင်းတိုင်ဆရာတော်ကပါ ဝင်ပြောတော့ သူကြီးဘာမှမပြော သာတော့ဘဲ "တင်ပါ့ဘုရား..."ဆိုပြီး ပါးစပ်ထဲကအလုံးကိုထုတ်ပေးတယ်။ ဦးဇင်းက အဲဒီအလုံးကိုအသေအချာ ကြည့်ပြီး...။

"ဟဲ့..ဒါဘယ့်နှယ်ဓါတ်လုံးရမှာလဲ...ဒါဂေါ်လီလုံးကိုမီးဖုတ် ထားတာကြီး.."

"ဗျာ..."

သူကြီးမျက်လုံးအစုံ ပြူးကျယ်သွားတယ်...။ ပြီးတော့ မယုံချင်သေး သလိုနဲ့...

"ဟုတ်...ဟုတ်ရဲ့လား ဘုရား..."

"ဟ...ဟုတ်တာပါ ဒကာရဲ့ ဒါမှ ဂေါ်လီလုံးမီးဖုတ်ထားတာ အစစ်"လို့လဲ ဆိုလိုက်ရော သူကြီးမျက်လုံးကလယ်လယ် ဖြစ်သွား ပြီးပါးစပ်ကလည်း...

"ဂေါ်လီလုံးမီးဖုတ်...ဂေါ်လီလုံးမီးဖုတ်ကြီး..."ပါးစပ်က တတွတ် တွတ်ရွတ်ပြီး...ဘုန်းကြီးကျောင်းပေါ်က ဝုန်းခနဲခုန်ချလိုက် တယ်။ နောက် တွေ့တဲ့လူကို...

"ဘီလူး...ဘီလူး...ဘယ်မှာလဲ.. ဘီလူးတွေ့ရင်တော့လား၊ ဂေါ်လီမီးဖုတ်ကွာ"

ဆိုပြီး ရွာဘက်သုတ်ခြေတင်သွားပါလေရော။ သူ့မျက်နှာကြီး လည်း ဓာတ်လုံးတန်ခိုးကြောင့် ထင်ပါ့။ ရဲချိပ်လို့။ သူ့ပုံက ဘီလူးကို မတွေ့တွေ့အောင်ရှာမယ့်ပုံ။

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဩော်...နောက်ဆက်တွဲသတင်းတစ်ခုပြောရဦးမယ်။ ဘီလူးမှာ အသည်းရောင် အသားဝါရှိသတဲ့။ ဒါကြောင့် ဟိုဂေါ်လီလုံးမီးဖုတ်ကြီး ငုံထားတုန်းက သူကြီးမျက်နှာဝင်း ဝင်းတက်လာတာ...။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ကာလ

အဲဒီ့ အဖြစ်အပျက် မြင်သာရှာရောက်လာတာ ထူးဆန်းတယ်။ နောက်ပြီး အဲဒီ့ အဖြစ်အပျက်ကို ယူလာတာ မြင်သာရှာကလူမဟုတ်ဘူး။

အဲ့ဒီလူက ဘယ့်နှယ့်သားလဲ ဆိုတာလည်း ဘယ်သူမှမသိကြ ဘူး။

သူ့နာမည်က ကြွက်သိုး…"

ဒါပေမယ့် သူ့ကိုသူ သခင်ဆရာကြွက်သိုးတဲ့။ ဖျင်တိုက်ပုံနဲ့ လွယ်အိပ်ခပ်ကြီးကြီး တစ်လုံးပါသေးတယ်။ ဆံပင်ပုံစံက ဦးစွန်းဖုတ်ပဲ။ ဒါပေမယ့် သူပြောတာက ဘိုကေ··တဲ့။

သူရောက်လာတာ ကိုရင်ကြက်ပုထန်းတောကို။ တွေ့တာက ဘီးလူးတို့အုပ်စုနဲ့။ ကိုင်း ပွဲပြတ်ရော…။

ထန်းတောမှာ သူတို့ဘာတွေပြောကြတယ်တော့ မသိဘူး။ ဒါပေမယ့် အဲဒီလူနဲ့ တွေ့ပြီးတော့ ဘီလူးလုဦးတို့ အုပ်စု တက်ကြွလာတာတော့ အမှန်ပဲ။ နောက် အဲဒီလူကို သူတို့ပဲ ဦးဆောင်ပြီး သူကြီးအိမ်ခေါ်လာကြတယ်။ အဲဒီလူလည်း သူကြီးအိမ်ရောက်ရော တစ်ရွာလုံးတစ်ခါမှ မကြားဖူးတဲ့ စကားတွေကြားရတော့တာပဲ။

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"ဒူး…ဒူး…ဒူး…"

မောင်းသံကြောင့် ရွာသားအားလုံး သူကြီးအိမ်ကို စုရုံးရောက်ရှိလာကြတယ်။ ဘာအရေးအကြောင်းရှိတယ်ဆိုတာ သိလို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် မောင်းသံကြားရင် ရွာရှိလူ အားလုံးသူကြီးအိမ်စုရုံးလာရမယ်လေ။ ဒါသူကြီးချမှတ်ထားတဲ့ စည်းကမ်း…။

သူကြီးအိမ်ရှေ့မှာ အရင်ရောက်နှင့်နေတာက သူကြီး၊ ဦးစွန်းဖုတ်နဲ့ ဟိုလူ၊ နောက် သူတို့နောက်မှာ 'တာဝန်' ဆိုတဲ့စကားလုံးကို ပိတ်စအနီမှာ ထုံးအဖြူနဲ့ရေးထားပြီး လက်မောင်းရင်းမှာ ပတ်ထားတဲ့ ဘီလူးလှဦး။

မတ်မတ်ကြီးရပ်ပြီးလက်ပိုက်ထားတယ်။ သူ့ကိုဘာလုပ်တာလဲ မေးတော့ တစ်ခွန်းထဲပြန်ဖြေတယ်။ 'တာဝန်ဟာ တာဝန်ပဲ' တဲ့။ နောက်ထပ်ဘာမှဆက်မေးလို့ မရဘူး။ သူနဲ့ထန်းရည်သောက်ဖက် မောင်ကောင်းတို့၊ ငပိန်တို့ကိုတောင် စကားဟဟမပြောတော့ ဘူး။

ရွာသားအားလုံးလည်းစုံရော ဦးစွန်းဖုတ်နဲ့လူက ထပြီး

"ကျုပ်နာမည်က သခင်ဆရာကြွက်သိုးပါ။ ကျုပ်က အောက်မြန်မာပြည် ရန်ကုန် မြို့ကလာခဲ့ တာပါ"

"ဟယ်…အဲဒီဘက်မှာ လူရှိသေးတယ်…"

အဲဒီလူရဲ့စကားမဆုံးခင် ဒေါ်မျှင်က အံ့သြတကြီးဝင်ပြောတယ်။ ဟုတ်တယ်လေ။ သူတို့တွေရဲ့ စိတ်ထဲမှာ မြင်သာရွာ၊ မြင်းကဒပ်ရွာ၊ စလယ်ဝင်ရွာ၊ ကြာကွင်းကြီးရွာ၊ ပိုးတောင်သူရွာ၊ လမုတန်းရွာ စသည်ဖြင့် လောက် လူရှိမှန်းသိကြတာ။ နောက်ပြီးကြာကွင်းကြီးရွာကိုလည်း လူဦးရေများလို့ မြို့ဆိုပြီး တညီတညွတ်ထဲ သတ်မှတ်ထားကြတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မြို့က လာတာဆို ကြာကွင်းကြီးကလာတယ်မှတ်နေကြတာ။ အခုတော့ ရန်ကုန်ကလာတာဆိုတော့ အံ့အားသင့်နေကြတာပေါ့။

"ဟုတ်ပါတယ်၊ ရန်ကုန်ဆိုတာမြို့ပါ။ လူတွေအများကြီးရှိပါတယ်" အဲဒီလူရဲ့ စကားကို နတ်ကတော်ဒေါ်မြိုင်က

"ဟုတ်မှလည်းလုပ်ပါဦး တစ်ရွာသားရယ်။ လူတွေမဟုတ်ဘဲ 'ကြတ်'တွေလည်းဖြစ်နေပါဦးမယ်"ဆိုပြီး ဝင်ပြောတယ်။

ဒါကို ဒေါ်မြိုင်နဲ့မတည့်တဲ့ ဒေါ်တင်အေးက…။

"အိုအေ…လူပါဆိုမှ ဘယ့်နှယ့်ကြတ်ဖြစ်ရမှာတုန်း…"ဆိုပြီး ဝင်ခလုတယ်။

ဒေါ်မြိုင်ကလည်း ဒါမျိုးခံတတ်တဲ့ လူမဟုတ်တော့ ခါးကို ထောက်ပြီး…။

"ဟဲ့ကောင်မ…အဲဒါတွေ ကြတ်တွေမဟုတ်လို့ နင့်ယောက်ျားတွေလား"

ဆိုပြီး ပြန်ရန်တွေ့တယ်။ ဒေါ်တင်အေးကလည်း ခေသူမှမဟုတ်ပဲ၊ ချက်ချင်းထဘီ ကို ခပ်မြင့်မြင့်ဆွဲတင်လိုက်ပြီး…။

"အောင်မာ…လူမရလို့ နတ်အိမ်ထောင်ပြုထားတဲ့ကောင်မက များ အဲဒါအားလုံး ငါ့ယောက်ျားတွေဆို နတ်တွေအားလုံးက နင့်လင်တွေပေါ့"

"ဟဲ့ ငါကကိုယ်တော်လေးတစ်ပါးတည်းနဲ့ အိမ်ထောင်ပြုထားတာ။ နင်တို့.."

အခြေအနေက သိပ်မကောင်းဘူး။ ဒါကြောင့် ဟိုလူကပဲ ဝင်တောင်းပန်ပြီး…

"တော်…တော်ကြပါတော့…ကျွန်တော်ဆက်ပြောပါရစေ…"

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ရှာသားအားလုံးပြန်ငြိမ်သွားတယ်။ ဒီတော့မှ ဟိုလူခုနက ပြောလက်စ စကားကို ပြန်ဆက်လိုက်တယ်။

"အဲဒီလိုကြတ်တွေ အဲလေ၊အဲဒီလို ကိုယ့်ဖာသာကိုယ် အေးအေး ချမ်းချမ်းရှိတဲ့ ကျွန်တော်တို့ မြန်မာပြည်ကို အင်္ဂလိပ်တွေ ဝင်ပြီးအနိုင် ကျင့်နေကြပြီဗျ"

သူ့စကားကို ရှာသားအားလုံးကြောင်သွားကြတယ်။ နောက်တစ် ယောက်တစ်ပေါက်နဲ့…။

"ဟယ်…အဲဒီလိပ်မျိုး တစ်ခါမှမကြားဖူးပါဘူး…"

"အေးလေ သဲလိပ်တို့ ကျောက်လိပ်တို့ပဲ ကြားဖူးတယ်။ သူပြောတဲ့ အင်္ဂလိပ်ဆိုတာ မကြားဖူးပေါင်…"

"အိုအေ…ငါပြောသား ကြတ်တွေပါဆို။ ကြတ်တွေကလိပ် ယောင်ဖန်ဆင်းပြီး ဝင်လာတာဖြစ်မယ်။ အင်္ဂလိပ်ဆိုတာ အင်္ဂါ သေချာပါ ပြီ ကြတ်တွေပါ…"

နတ်ကတော်ဒေါ်မြိုင်ကပါ သူထင်တာဝင်ပြောတယ်။ ဒါကို အကွက်ချောင်းနေတဲ့ ဒေါ်တင်အေးက…

"ဟုတ်တယ် အဲဒီ အင်္ဂလိပ်တွေကို သူ့ယောက်ျား ကိုယ်တော် လေး လွှတ်လိုက်တာ"

ဆိုပြီး ဘာမဆိုင် ညာမဆိုင်ဝင်ခွပ်တယ်။ အဲဒီစကားကြောင့် ဒေါ် မြိုင်ကြီး ဆတ်ဆတ်ခါနာသွားပြီး…

"ဟဲ့ကောင်မ…နင်…နင်စကားပြောတာကြည့်ပြော"

"အောင်မာ…ကျုပ်ကိုကြည့်ပြောဆိုရအောင် တော့ကိုယ်တော် လေးက မျက်စိမှိတ်ပြောလို့လား…"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မပြောလေ ကဲလေ…ငါတယ်…"

နှစ်ယောက်လုံး နပန်းသတ်ကြတော့မယ့် အနေအထားရောက်နေပြီ…။ ဒါကြောင့် သူကြီးကပါ 'အဟမ်း' ဆိုပြီး ချောင်းဝင်ဟန့်လိုက်ရတယ်။ သူကြီးချောင်းဟန့်သံလည်းကြားရော နှစ် ယောက်လုံးငြိမ်ကျ သွားတယ်။ မငြိမ်လို့မဖြစ်ဘူးလေ။ သူကြီးမျက်စောင်းက အကြောင်းရှေး တာရယ်မဟုတ်ဘူး။ အဲဒီတော့မှ ဟိုလူသူ့စကားထပ်ဆက်လိုက်တယ်။

"အခုဆိုရင် အဲဒီအင်္ဂလိပ်တွေက ကျွန်တော်တို့ မြန်မာလူမျိုးတွေကို ဂုတ်သွေးစုပ်ချယ်လှယ်နေကြပါပြီ…"

သခင်ဆရာကြွက်သိုး ဒေါသသံနဲ့ အားကျိုးမာန်တက်ပြောတယ်။ သူ့အပြောကို နတ်ကတော်ဒေါ်မြိုင်ကပါ အားပါပြီး။

"ငါပြောတယ်မဟုတ်လား ကြွက်တွေပါဆို အခုဂုတ်သွေးတောင်စုပ်နေပြီ…"

သူစကားကို ဒေါ်တင်အေးကလည်း အလွတ်မပေးဘဲ….

"ဟုတ်တယ် သူ့ကိုယ်တော်လေးက အငွေ့ပဲစားတာ၊ ဂုတ်သွေးတော့ မစုပ်ဘူး"

နှစ်ယောက်ထပ်ပြန်ညိပြန်ပြီ။

သခင်ဆရာကြွက်သိုးက နှစ်ယောက်လုံးကိုလက်ကာပြပြီး…

"တော်ကြပါဗျာ…တော်ကြပါ…ကျုပ်ဆက်ပြီးပြောပါရစေ…"

နှစ်ယောက်လုံးငြိမ်သွားမှ သူ့အသံကိုမြှင့်လိုက်ပြီး…

"ဒါကြောင့် ကျုပ်တို့တစ်မျိုးသားလုံး အရေးတော်ပုံအောင်ရမည်ဆိုတဲ့ခံယူ ချက်နဲ့ ပြန်ပြီးတော်လှန်…"

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားတောင် မဆုံးလိုက်ဘူး အသံတစ်သံထွက်လာတယ်။

"အလိုတော် ကျုပ်ဖာသာအေးအေးနေတာ ဘာကိစ္စကျုပ်ကိုလာတော်လှန်နေကြ တာတုန်း။ လှန်ရဲလှန်ကြည့်စမ်း အပုံတဲ့ဟေ့ တစ်ပုံထဲရှိတယ်။ နှစ်ပုံရှိရင် ခွေးခေါ်ကျွေးလိုက် မယ်။ အရိုးပုံတဲ့ဟေ့ ဘာမှမအောင်ဘူး..."

အော်တဲ့သူက အရိုးဒေါ်ပုံ။ ဟိုလူကအရေးတော်ပုံပြောတာ သူ့နားထဲအရိုးဒေါ်ပုံအောင်ရမည်ကြားလို့ထင်တယ်။ ဘာမဆိုင် ညာမဆိုင်ထကလပ်တယ်။ သခင်ဆရာကြွက်သိုးလည်း ဘာ ဆက်ပြောရမှန်းမသိတော့ဘဲ ခေါင်းကိုတစ်ဖျင်းဖျင်းကုတ်တယ်။ အတော်ကြာတော့မှ မျက်နှာငယ်လေးနဲ့...

"တော်ကြပါဗျာ ကျွန်တော်ပြောတာဆုံးအောင် နားထောင်ပေးပါ"

"ကျုပ်တို့ဟာ သခင်မျိုးတွေပါ..."

"အောင်မာ နွားပိုင်ရင်နွားပိုင်တယ်ပြောပေါ့။ သခင်မျိုးလေး ဘာလေးကြွားနေရသေးတယ်။ သိပါပြီ ငနီ(နွား)တို့ သခင်ရယ်"

သခင်ဆရာကြွက်သိုးလည်း ရွာသားတွေစကားကိုဂရုမစိုက်နိုင်တော့ ဘဲ သူ့စကား သူပြန်ဆက်တယ်။

"ဒါကြောင့် ကျုပ်တို့ရဲ့နာမည်ရှေ့မှ သခင်တပ်ခေါ်ကြပါ။ ကျုပ်နာမည်က ကြွက် သိုးပါ။ ဒါပေမယ့် အခုနာမည်ရှေ့မှ သခင်တပ်ထားတဲ့အတွက် သခင်ကြွက်သိုးဖြစ်သွားပြီ။ သူခိုးကြွက်တင်ပေါ့ "

"ဟုတ်ကဲ့ သူခိုးကြွက်သင် အဲလေ..သခင်ကြွက်သိုးပါ။ အင်္ဂလိပ်တွေဟာ ကျုပ်တို့ကိုမြူဆွယ်ပြီး ကျုပ်တို့ကို စက္ကူဖြူလွတ်လပ်ရေးပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဘာလဲ စက္ကူဖြူဆိုတာ...”

“မသိဘူးလေ..တစ်ခုခုတော့တစ်ခုခုဘဲ။ စက္ကူတော့မသိဘူး စက္ခုကတော့ မျက်စေ့ဘဲ...”

“ဒါဆို စက္ကူဆိုတာမျက်နှာက အစိတ်အပိုင်းတစ်ခုဖြစ်နိုင်တယ်”

“စက္ကူဆိုတာဗျာ..ဟိုလေ.. စာရေးတဲ့ဥစ္စာ...”

အော်...ပေရွက်ဆို ပေရွက်ပြောလိုက်ပေါ့။ စက္ကူလေး ဘာလေးနဲ့ နားရှုပ်အောင် သိပ်လုပ်တယ်...”

“ဟုတ်ပါ့...လူနောက်...သိပ်နောက်တဲ့လူ...”စသည်ဖြင့် ပြောပြီး ဝိုင်း ရယ်ကြတယ်။

သခင်ကြွက်သိုးလည်း ရွာသားတွေကို ဘယ်လိုမှစည်းရုံးလို့မရတဲ့ အဆုံးရယ်စရာ ညှပ်ပြောမှဖြစ်တော့မယ်လို့ ဆုံးဖြတ်လိုက်ပုံရတယ်။ “ဒါ့ကြောင့် ဒီလိုအသုံးမဝင်တဲ့ စက္ကူဖြူလွတ်လပ်ရေးအကြောင်းကို စာရေးဆရာတွေက ဒီလိုသရော်ခဲ့သဗျ...”

“စက္ကူဖြူ စက္ကူဖြူ
ဘိလပ် စက္ကူဖြူ။
စက္ကူဖြူ ဗလာချည်း
ဘာလုပ်ရမည်နည်း။
လုပ်နည်းမေးတဲ့ လူထုရယ်
ဦးဦးပြောပြမယ်။
အီးအိမ်သာမှာ ဆောင်လို့သုံး
အီအီးပါတော့ကုန်း...” တဲ့ဗျ။

သူရယ်စရာပြောလိုက်ပေမယ့် ရွာသားတွေလိုက်မရယ်ကြဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုတောင် တအံ့တသြနဲ့ကြည့်ပြီး…

"ဟင်..အီအီးပါတာ သူလို ကိုယ်လို တုတ်နဲ့ မကုန်းဘူးလား…"

"အဲဒါကြောင့် ငါပြောတာပေါ့၊ ကြတ်တွေပါဆို လူတွေဆိုတုတ်နဲ့ပဲ ကုန်းမှာပေါ့"

နတ်ကတော် ဒေါ်မြိုက်ကပါ တစ်စခန်းထလာတယ်။ ဒါကိုဒေါ်တင်အေးကလည်း အလစ်မပေးပဲ…

"ဒါတော့ ဖြစ်နိုင်ပါတယ်၊ ကိုယ်တော်လေးဆို အင်အင်းပါပြီး ဝတ်ထားတဲ့ ပုဆိုး နဲ့ပွတ်တာ…"

ဒေါ်မြိုင်ဒေါသထောင်းခနဲထွက်သွားတယ်။ ကိုယ်တော်လေးကို ဒီလိုပြောရမလား ဆိုပြီးတော့…

"ဟဲ့ကောင်မ…နင်လွန်လာပြီနော်…"

ဒေါ်တင်အေးကလည်း မလျှော့ဘူး။

"လွန်တော့ဘာလုပ်ချင်လဲ…"

"ဘာလုပ်ချင်လဲ ဟုတ်လား…အေး..ငါ့အကြောင်းပြရသေးတာပေါ့"ဆိုပြီး ဒေါ်တင်အေးဆီ ခုန်ဝင်ဖို့အလုပ်

"တိတ်စမ်း…"

သူကြီးဆီက ဟိန်းဟောက်သံကြားရတယ်။

ဒါကြောင့် နှစ်ယောက်လုံး အသာလေးပြန်ရှိနေလိုက်ကြတယ်။

"နောက်တစ်ခါ ခင်များတို့ဆီက အသံထွက်ရင် နှစ်ယောက်လုံးကို ထိပ်တုံးခပ်ထား မယ်။ ကဲ…သခင်ဆရာကြွက်သိုး ဆက်ပြောပါ ခင်ဗျား ပြောတဲ့ အင်္ဂလိပ်ဆိုလား ဘာလား… ကျုပ်စိတ်ဝင်လွန်းလို့။ ဒါနဲ့ သူတို့က အင်္ဂုလိမာလနဲ့ အမျိုးတော်ကြတာလား…"

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူကြီးစကားကို သခင်ကြွက်သိုးကြောင်သွားတယ်။ နောက်မှ ခေါင်းကို ခပ်သွက် သွက်ခါပြီး…

"မဟုတ်ပါဘူးသူကြီး…"

သူ့စကားကို သူကြီးခန့်ခန့်ကြီး ပြုံးပြီး။

"ကျုပ်သိပါတယ်။ ဒါကျုပ် တမင်မေးလိုက်တာပါ။ ခုနက ရွာသား တွေက အင်္ဂလိပ် ကို သဲလိပ်၊ ကျောက်လိပ်တွေလိုမျိုး သာမာန်လိပ်တွေ ထင်နေကြတယ်။ အမှန်တော့ စူဠ လိပ်လို အကောင်မျိုးကြီးမဟုတ်လား သခင်ဆရာကြွက်သိုးရဲ့…"

သူကြီးစကားကို သခင်ဆရာကြွက်သိုး ယောက်ပြီးခေါင်းငြိမ့်တယ်။

"ဟုတ်ပါတယ်…အဲ‥အဟုတ်ပါဘူး…"

"ဟဲ့…ဒါဆို အင်္ဂလိပ်ဆိုတာ ဘယ်လိုအကောင်မျိုးလဲ သေချာ ရှင်းပြစမ်း…"

BURMESE CLASSIC .com

သူကြီးရဲ့ခပ်ငေါက်ငေါက်စကားကြောင့် သခင်ဆရာကြွက်သိုး နည်းနည်းလန့်သွား တယ်။ နောက် အားလုံးနားလည်အောင် ဘယ်လိုရှင်းပြ ရမှန်းမသိဖြစ်နေပုံရတယ်။

ဆက်ပြောနေရင်လည်း ဒီရွာသားတွေနဲ့ မုန့်လုံးစက္ကူကပ်ဖြစ်နေ ဦးမှာပဲ။ သူကြီးကသာ သူ့ကိုကြည့်ပြီး အားမလိုအားမရနဲ့။

"ဟဲ့…ပြောလေ…"

သူကြီးအမေးကို သခင်ဆရာကြွက်သိုး ဘာဆက်ပြောရမှန်းမသိ ဖြစ်နေတယ်။ ဒါကြောင့်အကူအညီရလိုရငြား အနီးအနားဝေ့ကြည့်လိုက် တော့ တာဝန်ဆိုတဲ့ လက်ပတ်ကြီးနဲ့ မတ်မတ်ကြီးရပ်နေ တဲ့ ဘီလူးလှဦးကိုတွေ့ လို့ ဝမ်းသာသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



"ကိုလှဦးခင်ဗျား…ဆက်ရှင်းပြလိုက်ပါ…"ဆိုတော့ ဘီလူးလှဦးက လက်ပိုက်တောင်မဖြုတ်ဘဲ ခပ်တည်တည် လေသံမာမာနဲ့

"တာဝန်ဟာ တာဝန်ပဲ"…တဲ့။

ဒီလိုနဲ့ သခင်ဆရာကြွက်သိုးဆိုတဲ့လူ မြင်သာရွာကိုဘယ်လိုမှ စည်းရုံးလို့မရ တဲ့အဆုံး ပြန်သွားရတယ်။ စည်းရုံးလို့မရတာက သိပ်မဆန်းပါဘူး။ အဲဒီ သခင်ဆရာကြွက် သိုးဆိုတဲ့လူကလည်း သခင်ယောင်၊ ရွာသားတွေအားလုံးကလည်း ကိုယ့်ရွာမှာရှိသလောက် ကလေးနဲ့ အေးအေးချမ်းချမ်းနေကြတာဆိုတော့ နိုင်ငံရေးကို ဘယ်လိုမှ စိတ်မဝင်စားဘူး။ မလိုဘူးလေ။ ကိုယ့်လယ်ကိုယ်စိုက်၊ ကိုယ်ထမင်းကိုယ်စားပြီး သူများကိုသွားပြီး အနိုင်ကျင့် ဖို့လည်းစိတ်မဝင်စားသလို ကိုယ့်ကိုလည်း ဘယ်သူကမှ အနိုင့်အထက်ပြုလိမ့်မယ်လို့ မထင် ခဲ့ကြဘူး။

ဒါပေမယ့်…ဒါပေမယ့်ပေါ့လေ…

မြန်မာပြည်ကြီး တစ်ပြည်လုံးအတိုင်းအတာနဲ့ မီးဟုန်းဟုန်းတောက်လောင်တဲ့ အချိန်ကြတော့ မြန်မာပြည်ရဲ့အတွင်းပိုင်းတစ်နေရာက မြင်သာရွာကလေးကိုလည်း မီးစွယ် မီးညွန့်ဟပ်ခြင်းခံရတာပေါ့။ အဲဒီတော့မှ အင်္ဂလိပ်ဆိုတာ နတ်ကတော်ဒေါ်မြိုင်ပြောသလို ကြွက်တွေမဟုတ်သလို၊ သူတို့ထင်ထားသလို လိပ်အမျိုးအစားထဲက စူဠလိပ်မဟုတ်မှန်း မျက်ဝါးထင်ထင်သိမြင်ပြီလေ။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

